
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# တက္ကသိုလ်လူပျော်လွမ်းချင်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၀၈၄၅၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၀၁၄၂၀၂၁၁

ပုံနှိပ်ခြင်း ။ ပထမအကြိမ်၊ မေလ၊ ၂၀၁၀

ထုတ်ဝေသူ

ဦးစန်းမွန်အောင်

(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးအော်မြင့်ဝင်း(ကာလာဖုန်)

အုပ်ရေ

၅၀၀

တန်ဖိုး ။ ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃

ပဥ္စမံဒီရိုင်း

တက္ကသိုလ်လူပျော် လွမ်းချင်းကထာ/ပဥ္စမံဒီရိုင်း။-ရန်ကုန်၊

ငါတို့စာပေ။ ၂၀၁၀။ ၁၆၅ - စာ။ ၁၃ x ၂၀ စင်တီမီတာ။

(၁) တက္ကသိုလ်လူပျော် လွမ်းချင်းကထာ

# ပဥ္စမံဒီရိုင်း

# တက္ကသိုလ်လူပျော်လွမ်းချင်းကထာ

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုသည်
တက္ကသိုလ်လုပျော်နှင့်
တက္ကသိုလ်လုပျော်လွမ်းချင်း ဝတ္ထုနှစ်ပုဒ်၏
နောက်ဆက်တွဲ
ရန်ကုန်တက္ကသိုလ်စိန်ရတုအကြိုနောက်ခံဝတ္ထုဟု
ပြောလို့လည်းရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# စတုတ္ထပညာသင်နှစ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်တွေ ထွေပြားပုံများ
မနက်ခင်းပင်ယံထက်က
ကြွေကျတဲ့စံပယ်ပွင့်ရဲ့ရနံ့တွေလိုပဲ
လွမ်းချင်းကို အဆုံးသတ်ပါတယ်ဆိုမှ
အလွမ်းဓာတ်ခံငွေငွေလေးက
ဘာကြောင့် ငါ့ရင်မှာ
တွယ်နေရပါသလဲကွယ် . . .။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

ရန်ကုန်တက္ကသိုလ် ပရဝဏ်တစ်ခုလုံးသည် လှချင်တိုင်းလှလို့နေပါသည်။ အရောင်အသွေးတွေက စုံလင်စွာဖြင့် ရယ်သံ၊ မောသံ၊ ပြုံးသံ၊ စကားသံ၊ ငြင်းခုန်သံတွေက သောသောညံနေပါသည်။ ထို့အပြင် ယခုနှစ် စာသင်အပြီးလာမည့် နှစ်မှာ ကျင်းပမည့် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲအကြီးပွဲတော်တွေကလည်း များမှများဆိုတော့ ပညာသင်ကြားသူတွေအဖို့ ထိုပွဲတော်ကို ရှားရှားပါးပါးကြုံရမှာဆိုတော့ ဘဝမှာမမေ့နိုင်သော မှတ်တမ်းတွေဖြစ်လာမည် မဟုတ်ပါလား။

ကျွန်တော်ထိုင်နေသော ဦးချစ်လက်ဖက်ရည်ဆိုင် ဗဒါပင်အောက်စားပွဲခုံကနေ လှမ်းကြည့်လိုက်လျှင် ယခု စုတုတ္ထနှစ်ကျွန်တော်စာသင်ကြားရသော တောင်ငူဆောင်အောက်က ကြော်ငြာသင်ပုန်းမှာ ကပ်ထားသည့် ကြော်ငြာကို ကျောင်းသားတွေက ဖတ်နေကြသည်။ တောင်ငူဆောင်နှင့်ပတ်သက်သည့် စာအုပ်ထွက်မှာဖြစ်သဖြင့် အချက်အလက်များ သတင်းများ၊ ဆောင်းပါးများ ပေးပို့ရေးသားဖို့ နှိုးဆော်ထားသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပညာသင်ကြားရမည့် တောင်ငူဆောင်မှာက အင်္ဂလိပ်စာအဓိကနှင့် မြန်မာစာအဓိကယူထားသော စာသင်ဆောင်များ ရှိသည်။ ကျွန်တော်တို့ စာသင်ဆောင်တွေနှင့်ကပ်လျက် စာသင်ဆောင်တွေမှာတော့ စိတ်ပညာဘာသာရပ်နှင့် မနုဿဗေဒဘာသာရပ် ကျောင်းသားများသင်ကြားရသော စာသင်ဆောင်များ ရှိသည်။

စာသင်ခန်းတစ်ဆောင်နှင့်တစ်ဆောင် နီးကပ်သဖြင့် ကျွန်တော့်အဖို့ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)တုန်းကလို အဝေးကြီး သွားစရာမလိုဘဲ သူငယ်ချင်းတွေဆီ အလွယ်တကူရောက်လို့ ဖြစ်သည်။ ထို့အပြင် သမိုင်းဘာသာရပ်နှင့် ဥပဒေဘာသာရပ်စာသင်ခန်း များကလည်း နီးကပ်နေသဖြင့် အဆင့်ကို အတော်ပြေပါသည်။

'ရဲကျော်… ဒီနေ့ မင်းတစ်ယောက်တည်းပါလား၊ မင်းတို့ အုပ်စုတွေ မတွေ့ပါလား'

ကျွန်တော် အတွေးကောင်းကောင်းနှင့် တွေးနေတုန်း ဦးချစ် လက်ဖက်ရည်ဆိုင်မှ ဦးချစ်၏သား ဆိုင်ပိုင်ရှင် ကိုကျော်က ကျွန်တော့် အနားဝင်ထိုင်ပြီး မေးပါသည်။

'ဒီကောင်တွေ သူတို့အတန်းဘက်မှာ ရှိမယ် ကိုကျော်ရ၊ ဘာရယ်မဟုတ်ပါဘူး၊ တွေးကောင်းကောင်းနဲ့ တွေးနေတာ'

'အေးကွာ… ဘာလိုလိုနဲ့ စိန်ရတုပွဲကြီးတောင် နီးလာပြီကွာ ရှေ့နှစ်ဆို တော်တော်စည်မှာ၊ ရန်ကုန်တက္ကသိုလ်ရွှေရတုတုန်းက ငါတို့က ကလေးပဲရှိသေးတာ'

ကိုကျော်က ပြောရင်းကနေ ဟိုးခပ်ဝေးဝေးဘက်ရှိ မန္တလေး ဆောင် ဘူမိဗေဒစာသင်ခန်းများဘက်ဆီသို့ လှမ်းကြည့်ပါသည်။ ပါမောက္ခဟုထင်ရသော ဆရာကြီးက အရှည်ကြီးလက်ဖက်ရည်ဆိုင်



စားပွဲဝိုင်းတစ်ဝိုင်းမှာ ဝင်ထိုင်ပြီး ကြိုရောက်နေသော ဆရာများကို နှုတ်ဆက်နေပါသည်။

'ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်ရဲ့သမိုင်းကို ရေးမယ်ဆို ရင် ကိုကျော်တို့ရဲ့ ဦးချစ်လက်ဖက်ရည်ဆိုင်ဟာ မပါမဖြစ်ပဲနော်၊ တက္ကသိုလ်ရဲ့ ခေတ်အဆက်ဆက်ဖြတ်သန်းမှုမှာ ဦးချစ်ကပါခဲ့ရတာ၊ ကျွန်တော်တို့တောင် ဦးချစ်လက်ဖက်ရည်ဆိုင်ကြောင့် ကျွန်တော်တို့ ရဲ့ နောင်တော်ကြီးတွေပြောတာ ကြားဖူးပြီး ဦးချစ်လက်ဖက်ရည် ဆိုင်မှာ ထိုင်ချင်လွန်းလို့ စာကိုကြိုးစားခဲ့ရတာ၊ ဦးချစ်လက်ဖက်ရည် တစ်ခွက်သောက်ဖို့ တော်တော်ဘဝကို ကြိုးစားခဲ့ရတာ'

ကျွန်တော့်စကား နားထောင်သော ကိုကျော်က ရယ်ရင်းမှ…

'ဒါတင်ပဲလား၊ ငါတို့ဆိုင်မှာ ထိုင်သွားတဲ့ ကျောင်းသား ကျောင်းသူစုံတွေတွေ ဘယ်သူတွေ ကလေးတွေဘယ်နှယောက် ရလို့ ဘဝကို ဘယ်လိုဖြတ်သန်းခဲ့သလဲ၊ ဘယ်အတွဲတွေ လွဲကုန်ကြသလဲ ဆိုတာ ရှိသေးတယ်လေကွာ၊ မင်းလည်း ငါ့ဆိုင်မှာ လာထိုင်တာ ကျောင်းစတက်ကတည်းက အခုနောက်ဆုံးနှစ်ပဲ ရောက်နေပြီ၊ အတွဲ လေးဘာလေးနဲ့လာထိုင်လေကွာ၊ မစွံသေးဘူးလား၊ စွံအောင်လုပ်လေ'

ကျွန်တော် ဘာစကားမှ ပြန်မပြောနိုင်ပါ။ အတိတ်က အကြောင်းအရာတွေက ကျွန်တော့်မျက်ဝန်းထဲမှာ တရေးရေး ပြန်မြင် လာနေမိပါသည်။

'အဲဒါကတော့ မဖြစ်နိုင်တော့ဘူးထင်တယ်၊ ကျွန်တော့် အလွမ်းတွေကို အင်းလျားရဲ့ ရေအလျဉ်ထဲမှာ မျှောလိုက်ပြီ၊ အပျော် တွေပဲ ကျန်တော့တယ်'

'ဟာ…ဒါဆို ကောင်းတာပေါ့၊ ကဲ…ဆက်ပျော်တော့ပေါ့'

ကိုကျော်က ကျွန်တော့်နေရာနားကနေ ကောင်တာခုံဆီသို့

www.burmeseclassic.com

www.burmeseclassic.com



ထသွားပါသည်။ စားပွဲဝိုင်းမှာ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့ပါသည်။

ပြောမည့်သာပြောတာ။ ကျောင်းဖွင့်ကတည်းက ဓာတုဗေဒစာသင်ဆောင်တွေဘက် နစ်ခေါက်လောက်ရောက်ခဲ့ပါသည်။ ဘာကြောင့်လဲ မမေးပါနှင့်။ လှိုင် ထိုင်ခဲ့သော စာသင်ခုံလေးကို ကြည့်ချင်လို့ဖြစ်ပါသည်။ ထိုစာသင်ခုံမှာက အခြားကျောင်းသူအသစ်တစ်ဦး ထိုင်တာကိုပဲ မြင်ခဲ့ရပါသည်။

ကျွန်တော် နမြောမိပါသည်။ တစ်ခါက လှိုင်ပြောခဲ့သလို စိန်ရတုပွဲမှာ ကျွန်တော်တို့ လှိုင်တို့ နွဲပျော်ကြမယ်ဆိုသည့်စကားက ဘယ်လိုမှ မဖြစ်နိုင်တော့ပါ။

လှိုင်က တက္ကသိုလ်နယ်မြေကို စွန့်ခွာခဲ့ပြီ ဖြစ်ပါသည်။ ကံ့ကော်တောအုပ်ကို သူမ ပြန်မလာတော့ပါ။ သူမ သင်ကြားခဲ့သော ဘာသာရပ်တွေကို ကံ့ကော်တောအုပ်မှာ ထားခဲ့ပါသည်။

ကြားသိရသည့် သတင်းများအရ ခင်ပွန်းဖြစ်သူ၏ စီးပွားရေးတွေကို ဝင်ရောက်လုပ်ကိုင်ရင်း အိမ်ရှင်မဘဝကို ခံယူနေပါသည်။

ဘဝတွေဆိုသည်မှာ တကယ်တော့ ကလေးငယ်လက်က လွှတ်ချလိုက်သော အံစာတုံးတစ်တုံးလိုပဲမဟုတ်ပါလား။

ကျွန်တော်လည်း အတတ်နိုင်ဆုံး အလွမ်းဓာတ်ခံတွေကို အပျော်တည်းဟူသော အရာများဖြင့် ဖြတ်တောက်ပစ်ဖို့ အတော်ကြိုးစားရပါဦးမည်။



ဖြစ်ချင်တော့ ရန်ကုန်တက္ကသိုလ်ထဲမှာ ကံ့ကော်ပန်းတွေ မပွင့် ဘဲ စိန်ပန်းတွေ ပွင့်တာ ရဲရဲကို နီနေပါတော့သည်။

ကျွန်တော်တို့ ထိုင်နေသော ဦးချစ်ဆိုင်နောက်ကျောဘက်ရှိ ဒဂုံဆောင်မှ မည်သည့်အဆောင်နေ ကျောင်းသားက ဖွင့်နေလေသလဲ မသိ။ ရာဇာဝင်းတင့်၏ 'ချစ်ရက်ရှည်ရှည် အင်းလျားမြေ'သီချင်းသံက ဒဂုံဆောင်ကိုကျော်ပြီး ပျံ့လွင့်နေသည်မှာ ဦးချစ်ဆိုင်ကတောင် ကြားနေရပါသေးသည်။

ထိုသီချင်းကို ဖွင့်နေသော အဆောင်နေ ကျောင်းသားခများလည်း ကိုယ်လိုပဲ အလွမ်းဓာတ်ခံရှိလို့ ဖွင့်လေသလားမသိ။ ဒါမှမဟုတ် တက္ကသိုလ်မှာ သူ့ချစ် ကိုယ်တွေ့တွေက အပျော်တွေပဲဖြစ်လို့ ဖွင့်လေသလားဆိုတာ ကာယကံရှင်ကလွဲပြီး ဘယ်သူက သိနိုင်မှာလဲ။

ကျွန်တော်ကတော့ ကျွန်တော့်အလွမ်းဓာတ်ခံငွေ့ငွေ့လေး ကျန်နေသေးတာကို အပြီးတိုင်ပျက်ပြယ်အောင် ကြိုးစားရပါဦးမည်။

လွယ်တာကတော့ မလွယ်မှာ သေချာပါသည်။ အလွမ်းဆိုတာ အလွမ်းပဲမဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သေးပါဘူး။
နည်းနည်းတော့ ဘုမသိပါရဲ့.
ဘယ်နှယ့်
ချစ်တုန်းက ဘယ်သူမှ
သွေးမထိုးပေးပါ။
ချစ်သူတွေက စိတ်ကောက်တော့မှ
ကြိုးကြိုးကျယ်ကျယ်
ပေါက်ကွဲပြနေတာ
အဲဒါကို ခံစားပေးရင်
ကိုယ့်လောက်မိုက်မဲသူ
ဘယ်ရှိတော့မလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့ ရန်ကုန်တက္ကသိုလ်ထဲမှာ ကံ့ကော်ပန်းတွေ မပွင့် ဘဲ စိန်ပန်းတွေ ပွင့်တာ ရဲရဲကို နီနေပါတော့သည်။

ကျွန်တော်တို့ ထိုင်နေသော ဦးချစ်ဆိုင်နောက်ကျောဘက်ရှိ ဒဂုံဆောင်မှ မည်သည့်အဆောင်နေ ကျောင်းသားက ဖွင့်နေလေသလဲ မသိ။ ရာဇာဝင်းတင့်၏ 'ချစ်ရက်ရှည်ရှည် အင်းလျားမြေ' သီချင်းသံ တ ဒဂုံဆောင်ကိုကျော်ပြီး ပျံ့လွင့်နေသည်မှာ ဦးချစ်ဆိုင်ကတောင် ကြားနေရပါသေးသည်။

ထိုသီချင်းကို ဖွင့်နေသော အဆောင်နေ ကျောင်းသားခများ လည်း ကိုယ်လိုပဲ အလွမ်းဓာတ်ခံရှိလို့ ဖွင့်လေသလားမသိ။ ဒါမှ မဟုတ် တက္ကသိုလ်မှာ သူ့ချစ် ကိုယ်တွေ့တွေက အပျော်တွေပဲဖြစ် လို့ ဖွင့်လေသလားဆိုတာ ကာယကံရှင်ကလွဲပြီး ဘယ်သူက သိနိုင် မှာလဲ။

ကျွန်တော်ကတော့ ကျွန်တော့်အလွမ်းဓာတ်ခံငွေ့ငွေ့လေး ကျန်နေသေးတာကို အပြီးတိုင်ပျက်ပြယ်အောင် ကြိုးစားရပါဦးမည်။

လွယ်တာကတော့ မလွယ်မှာ သေချာပါသည်။ အလွမ်းဆို တာ အလွမ်းပဲမဟုတ်ပါလား။

■

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သေးပါဘူး။
နည်းနည်းတော့ ဘုမိပါရဲ့
ဘယ်နှယ့်
ချစ်တုန်းက ဘယ်သူမှ
သွေးမထိုးပေးပါ။
ချစ်သူတွေက စိတ်ကောက်တော့မှ
ကြီးကြီးကျယ်ကျယ်
ပေါက်ကွဲပြနေတာ
အဲဒါကို ခံစားပေးရင်
ကိုယ့်လောက်မိုက်မဲသူ
ဘယ်ရှိတော့မလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

သထုံဆောင်ကို ပြန်ရောက်တော့ ညနေငါးနာရီထိုးတော့မည်။ အဆောင်ထဲမှာ အသံတွေက တစ်ယောက်တစ်မျိုးထင်တိုင်းကြဲနေတော်မူသည်။ ရေချိုးသူချိုး၊ အဆောင်ရှေ့မှ ခြင်းခတ်သူခတ်၊ ကက်ဆက်ဖွင့်သူ၊ တောက်ခုံတောက်သူတွေနှင့် ရသမျှအချိန်ကို အလွတ်မည်သူမှ မပေးကြ။

အဆောင်အဝင်ဝမှာ ကွမ်းယာရောင်းသော မရွှေမိလည်း ဘာထူးသလဲ။ လက်က ကွမ်းယာယာနေရလို့ အငြိမ်မနေသလို ပါးစပ်ကလည်း ဗေဒင်ကြော်ငြာစာရွက်ရောင်းသည့်လူလို စကားတွေက တရစပ်လွှတ်လို့နေသည်။ သည်အချိန်မျိုးမှာ မရွှေမိခါးကို ကိုင်ပြီး စလို့ကတော့ မရွှေမိ ဘယ်လောက်ဒေါသပုန်ထတော်မူပြီး မေတ္တာတွေပို့လေမလဲ မသိ။

'ဟဲ့… မနက်က အကြွေးနှစ်ဆယ် ပေးဦး'

'ဒီမှာ ပါဝါဗူးတွေရပြီ၊ ကျွဲရိုင်းလည်း ရှိတယ်'

'ကွမ်းယာအကြွေးတွေ နင်တို့များနေပြီနော်၊ ငါ ဆိုင်းဘုတ်ထုတ်ရင် မကောင်းလို့ ဟွန်း'

www.burmeseclassic.com

www.burmeseclassic.com



မရွှေမိ၏ ကိုယ်ပိုင်သံစဉ်စကားလုံးတွေက လျှာဖျားကနေ မရပ်မနားထွက်ပေါ်နေရင်း အဆောင်ထဲ ကျွန်တော် လှမ်းဝင်မလို့ လုပ်တုန်း မရွှေမိက ကျွန်တော့်ကို မြင်သွားပါသည်။

'ဟဲ့… ရဲကျော် သတင်းကောင်းပါးရဦးမယ်၊ ဒီနေ့ညနေ ထောပတ်ထမင်းနဲ့ ကြက်သားတဲ့'

မရွှေမိ ထွက်သည့်စကားလုံးတွေ သထုံဆောင်မှာနေသည့် ကာလပတ်လုံး သည်နေ့ပြောတာလောက် မင်္ဂလာတစ်ခါဖူးမှမရှိဖူးပါ။

'ဒါဆို ဗွဒ်ရှယ်ပေါ့ မရွှေမိရဲ့'

'ဗွဒ်ရှယ်အသာထား၊ ငါ့ကို ဆေးလိပ်ဖိုးအကြွေးပေးဦး၊ ငါး ဆယ်ရှိပြီ'

မရွှေမိက မင်္ဂလာရှိသော စကားလုံးနှင့် လှမ်းသိပ်ပြီး သူလို ချင်တာကို တောင်းဆိုလိုက်မှန်းသိလိုက်ရပါ၏။

'မရွှေမိကလည်း ဘုရားသာသနာက ငါးထောင်ပဲရှိတာ ကျွန်တော့်မှာ အကြွေးက ခြောက်ထောင်တောင်မပြည့်သေးဘူး ရမ်ယ်'

'ဟဲ့အကောင်… နင်က ငါ့ကိုဆွသွားပြန်ပြီ'

သည်တစ်ခါတော့ မရွှေမိက မေတ္တာမပို့ပါ။ ပါးစပ်ကသာ အော်ကြီးဟစ်ကျယ် ပြောရင်း ကွမ်းဆက်ယာနေပါသည်။

ကျွန်တော့်မှာ မရွှေမိစကားထက် ညနေစာ ထောပတ်ထမင်း နှင့် ကြက်သားက အရေးပါနေပါသည်။ သည်သတင်းက တစ်ဆောင် လုံးပေါက်ကြားနေပြီဆိုတော့ ကိုယ်က ကွန်မန်ဒိုတွေလို လက်သွက် မှ ရမည်။ မဟုတ်လို့ကတော့ ကြက်ရိုးသာကိုက်ရဖို့များသည်။ ခြေ မြန်မြန်ချိုးပြီး ထမင်းစားခန်းကို ဦးအောင်သွားရမည်။ ကိုယ့်ထက် အရင် မည်သူတွေ လက်ဦးမှုရနေပြီလဲမသိ။

★



'တင်ကိုကို မင်း နည်းနည်းတရားလွန်နေပြီ'

'ငါ ဘာမှတရားမလွန်ဘူး တင်မောင်ဆွေ၊ ငါ့ဘက်နံရံမှာ ငါ့ဘာသာငါ စာကပ်တာ'

ကျွန်တော့်အခန်းကိုသွားဖို့ တင်ကိုကိုတို့အခန်းရှေ့က အဖြတ် တင်မောင်ဆွေနှင့် တင်ကိုကိုတို့ စကားများနေသံကို ကြားရသဖြင့် ကျွန်တော်က ဝင်စပ်စုမိပါသည်။

'ဘာတွေဖြစ်နေတာလဲကွာ၊ မြန်မြန်လုပ်၊ ဒီညနေ ထောပတ် ထမင်းနဲ့ ကြက်သားဟင်းတဲ့၊ တော်ကြာကိုယ်ကလက်ဦးမှုနောက်ကျ သွားမယ်၊ သိပ်အရေးပါတယ်'

'မင်း မရှည်နဲ့ ရဲကျော်၊ ငါတို့သိတယ်၊ အခုဟာက ထော ပတ်ထမင်းနဲ့ကို ပိုအရေးကြီးနေလို့ဟ'

တင်ကိုကို စိတ်မရှည်သည့်လေသံဖြင့် ပြောပါသည်။

'ဘယ်လိုအရေးကြီးတာလဲ'

'ကြီးတာပေါ့၊ ဒီမှာ ငါ့နံရံမှာကပ်ထားတဲ့စာကိုကြည့်'

ကျွန်တော်က တင်ကိုကို ညွှန်ပြသဖြင့် တင်ကိုကို၏စာကြည့် စားပွဲရှေ့က နံရံကို ကြည့်မိပါသည်။

**ဤအခန်းတွင် ကမ္ဘာ့အတွေးခေါ်ရှင်များ**
**ငါနှင့်အတူ နေထိုင်တော်မူသည်။**
**သို့သော် မြန်မာစာအထူးပြုကျောင်းသားများ မပါ။**

တင်မောင်ဆွေပေါက်ကွဲမှုနှင့် ကျွန်တော် အခုမှသဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



ဝါတော့သည်။ သည်နံရံကပ်စာသားကြောင့် မြန်မာစာဂုဏ်ထူးတန်းကျောင်းသားဖြစ်တော်မူနေသော တင်မောင်ဆွေ မပေါက်ကွဲတာခံနိုင်ရိုးလား။

'ဒါမျိုးကတော့ ဘယ်ကောင်းမလဲ ဖိုးတင်ကိုရာ၊ တစ်ခန်းတည်း အတူတူနေကြတာပဲဟာ'

'ဟေ့ကောင်… ရဲကျော်၊ မင်း စွတ်မပြောနဲ့၊ သူ့အရင်ရေးလို့ ငါလိုက်ရေးရတာ၊ တင်မောင်ဆွေရေးထားတာကော ဖတ်ကြည့်ဦး'

တင်ကိုကိုက တင်မောင်ဆွေ၏ စာကြည့်စားပွဲနံရံပေါ်က စာသားကို လက်ညှိုးထိုးပြီး ဖတ်ခိုင်းပါသည်။ ကျွန်တော်က ဖတ်ကြည့်မိသောအခါ…

**မြန်မာစာပညာရှင်များ၊ ကျောင်းသားများက**
**အနုပညာဖန်တီးနေစဉ်တွင်**
**အတွေးအခေါ် ဒဿနသမားများက**
**အမြဲတမ်း ငိုက်မျဉ်းနေကြသည်။**

ကျွန်တော် ပြုံးမိပါသည်။ သူတို့နှစ်ယောက် အပြန်အလှန်ဖြစ်နေကြတာကို ကျွန်တော် ကောင်းကောင်းသဘောပေါက်သွားပါသည်။

'ဒါကတော့ တင်မောင်ဆွေမှန်တယ်၊ ဟုတ်တယ်လေ၊ တင်မောင်ဆွေက စာကျက်တဲ့အချိန်မှာ နင်က အိပ်နေ၊ မနက်ကျတော့



လည်း တင်မောင်ဆွေနိုးမှထတယ်၊ ကောင်မလေးတွေပိုးဖို့ကြတော့ နင်ကဘယ်သူမှ နိုးဆော်စရာမလိုဘူး၊ ထိပ်ကရောက်နေတာဆိုတော့ တင်မောင်ဆွေ ကလိတာတောင် နည်းသေးတယ်'

ကျွန်တော့်စကားကြောင့် တင်မောင်ဆွေက သူ့ဘက်ကနေစကားလာသဖြင့် ပျော်နေသလိုမျိုး သူ့မျက်နှာကဖြစ်သွားပါသည်။

'ရဲကျော် မင်းက တင်မောင်ဆွေဘက်လိုက်ပြီး ဝင်မပါနဲ့၊ ငါအိပ်နေတာ မဟုတ်ဘူး၊ တွေးနေတာ၊ ကမ္ဘာကျော်အတွေးအခေါ်တွေကိုရဖို့ ဒီလိုပဲ လုပ်ရတာကွ၊ ဒဿနသမားအိပ်နေတာနဲ့ ရိုးရိုးလူအိပ်တာ မတူဘူး'

'ဘယ်လိုအိပ်အိပ် အိပ်တာပါပဲကွာ၊ မင်းတို့ဟာက အချင်းချင်းပဲ လူမြင်လို့မကောင်းပါဘူး၊ အဲဒါတွေဖျက်လိုက်ပါ'

'မဖျက်ဘူး'

'အေး… ငါကလည်း မဖျက်ဘူး'

ကျွန်တော် ဘယ်လိုမှ စေ့စပ်လို့မရပါ။ သည်နှစ်ယောက်က တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် စကားနိုင်လုနေသလိုမျိုး ဖြစ်နေပါသည်။

'လုပ်ကြပါဦးကွာ၊ သူငယ်ချင်းတို့ လုပ်ကြပါဦး'

တင်ကိုကိုနှင့် တင်မောင်ဆွေတို့ အခန်းထဲမှာ တိုက်ပွဲအရှိန်… ကောင်းနေတုန်း လမ်းဘေးဈေးသည် ရဲဝင်ဖမ်းလို့ ပစ္စည်းတွေ… ခံရပြီး ပျာယီးပျာယာ ဖြစ်နေသော ဈေးသည်နှစ်ဦးလိုမျိုး ဉာဏ်… …င်းနှင့် မျိုးမင်းကိုတို့နှစ်ယောက် အခန်းထဲသို့ ပြိုင်တူဝင်လာရင်း… စကားသံကို ပြိုင်တူပြောပါသည်။

'ဘယ်လိုဖြစ်လာလို့လဲကွာ'

ကျွန်တော်က မေးသောအခါ မျိုးမင်းကိုက…

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဖြစ်ရမှာလဲကွာ၊ ငါ့ရဲ့ချစ်သူ ခင်ခင်သင်းက ဒီနေ့ စိတ်ကောက်တယ်ကွာ၊ တစ်ခါဖူးမှ ဒီလောက်စိတ်မကောက်ဘူးပါ ဘူး၊ သူက ဝက်သားမစားဘူးလေကွာ၊ မျိုးနဲ့ရှိန်နဲ့ နတ်ကိုးကွယ်တာ ဆိုတော့ ဒီနေ့ကင်တင်းမှာ နေ့လည်စာစားတော့ မှားပြီးကြက်သားနဲ့ ခေါက်ဆွဲကြော်မှာရမှာကို ဝက်သားနဲ့ ခေါက်ဆွဲကြော်မှာမိတာသူက မသိဘဲ စားရင်းက ပိုက်ဆံရှင်းတာ စားပွဲထိုးပြောမှသိရတော့ တစ် ခါတည်း ဒေါသထွက်ပြီး ငါ့ကိုစိတ်ကောက်တာ၊ နောက်မလာနဲ့တော့ သူ့ကို ကိုးကွယ်တဲ့နတ်တွေက အပြစ်ပေးတော့မှာပဲဆိုပြီး ကြောက် နေတယ်ကွာ၊ သွားပြီ ဝက်သားနဲ့ ကြက်သားနဲ့မှားလို့ ငါ့ကိုမုန်းသွား ပြီလား မသိဘူး'

မျိုးမင်းကို စကားအဆုံး စောစောတန်းက ရန်ဖြစ်နေသော တင်မောင်ဆွေနှင့် တင်ကိုကိုတို့နှစ်ယောက်ကော ကျွန်တော်ပါ ဘာ ပြောရမှန်းမသိ။

'ငါလည်း မျိုးမင်းကိုလိုပါပဲကွာ၊ ငါ့ရဲ့ချစ်သူ အေးအေး စိတ်မကောက်တတ်ဘူး၊ ယောကျ်ား ဘယ်လောက်ဆန့်တယ်ဆိုတာ မင်းတို့အသိပါပဲ။ ဖြစ်ချင်တော့ကွာ၊ ဒီနေ့ ငွေစာရင်းဌာနက စာရေး လှလှနိုင်နဲ့ စကားပြောမိတာကို အေးအေးရီက မြင်သွားတယ်လေ ငါ့ကို ဘာမပြောညာမပြောနဲ့ နောက်သူ့ကိုလာမတွေ့နဲ့ ငါ့မျက်နှာ မကြည့်ချင်ဘူး၊ အသည်းနာတယ်ဆိုပြီး ပြောတယ်၊ ငါက ဘာဖြစ်တာ လဲ မရမကမေးတော့ အဲဒီလှလှနိုင်နဲ့ သူနဲ့က စီးပွားပြိုင်ဘက်ဖြစ်တယ် တဲ့၊ အေးအေးရီက အထည်တို့၊ အခြားပစ္စည်းတွေကော ရွှေငွေ အပေါင်ခံ နေ့သွင်းနဲ့လုပ်သလိုမျိုး လှလှနိုင်ကလည်း သူ့ကိုအားကျ ပြီး ဌာနထဲလိုက်လုပ်တာ အပြိုင်အဆိုင်တွေဖြစ်ကုန်လို့ သူ့မှာစီးပွား ရေး ထိခိုက်တယ်တဲ့ကွာ၊ သူတို့က ကျောင်းတော်ကရန်စဖြစ်နေတာ ငါမှ မသိတာကိုကွာ၊ ရဲကျော်… အဲဒါ မင်းက အေးအေးရီကို ငါမသိ ကြောင်း ထောက်ခံပေးပါဦးကွာ'

ထောပတ်ထမင်းနှင့် ကြက်သားဟင်းစားရမည့် မင်္ဂလာရှိ သော ညနေခင်းသည် အပူသည်များကြောင့် အတော့်ကို အကျည်းတန် နေပြီဖြစ်ပါသည်။

'မင်းတို့နှစ်ယောက်ရဲ့ ကိစ္စက သမီးရည်းစားကတောက် တဆဖြစ်တာ ကမ္ဘာကြီး ဘာမှမဖြစ်ဘူး၊ သမီးရည်းစားဘဝပဲကွ၊ အဲဒါ အရသာ၊ ဒါမျိုးက ရည်းစားရှိတဲ့သူတွေမှ ခံစားလို့ရတာ'

'တင်ကိုကိုပြောတာ ဟုတ်တယ်၊ ဒီလို သမီးရည်းစားစိတ် ကောက်ဒေါသဖြစ်တာမျိုးတွေ မြန်မာစာကဗျာ၊ ပို့လက်ာတွေထဲမှာ တောင် ဖွဲ့ကြရေးကြသေးတာ ဘာဖြစ်လဲ၊ ဒါပြဿနာမှမဟုတ်တာ၊ မင်းတို့နှစ်ယောက်ရဲ့ ပြဿနာကြောင့် ငါတို့နှစ်ယောက်ရန်ဖြစ်တာ တောင် ကောင်းကောင်းမဖြစ်ရဘူး'

တင်ကိုကိုနှင့် တင်မောင်ဆွေတို့နှစ်ယောက်၏ အားတက်ဖွယ် စကားကြောင့် ဟိုနှစ်ယောက်ခမျာ ခုတင်ပေါ်ကို ပြိုင်တူပစ်လှဲချလိုက် ပါသည်။

'မင်းတို့နှစ်ယောက်အဖြစ်ကလည်း တစ်နေ့တည်းကြုံမှကြုံ တတ်တယ်ကွာ၊ ဒီမှာမင်းတို့နှစ်ယောက် အချစ်ရှာကြတုန်းက ဘယ် သူမှ စေ့ဆော်ပေးတာ မဟုတ်ဘူး၊ မင်းတို့ဘာသာမင်းတို့ကြိုက်လို့ ပိုးသူတွေက ပိုးပေးရင်း ချစ်သူတွေဖြစ်ကြတာ၊ မင်းတို့ကို ဘယ် သူကမှ ချစ်ပါစေတော့ရယ်လို့ သွေးမထိုးပေးဘူး၊ အခုလို ချစ်သူက စိတ်ကောက်ခံရတော့မှ ပေါက်ကွဲပြနေတာ ငါတို့က ခံစား ရမဲ့ကျမှာပေါ့၊ မင်းတို့ချစ်သူတွေ သုံးရက်ထက်မပိုဘူး ပြန်ချော့ မှာသည့်မှာ၊ ဘာမှလုပ်မနေနဲ့၊ ရေချိုးမယ်၊ ပြီးရင်ထောပတ်ထမင်းနဲ့

www.burmeseclassic.com



ကြက်သားဟင်းထမင်းစားဆောင်မှာ သွားစားမယ်၊ အရိုးအရင်းတောင်ကျန်ပါ့ဦးမလား မသိဘူး'

ကျွန်တော်က အခန်းထဲကအတွက် ဉာဏ်စိုးဝင်းက

'အေး… မင်းအချစ်ကို မစားနာတတ်လို့ မင်းလွဲနေတာ၊ မင်းထပ်လွဲဦးမှာ'

ကျွန်တော် ဘာမှထပ်ပြီး ပြန်မပြောတော့ပါ။ ပြန်ပြောလို့က သည်နေ့ပြီးတော့မှာမဟုတ်။ ကိုယ့်အခန်းကိုယ်အမြန်ပြန်ပြီး ရေအမြန်ချိုးရပါသည်။ အခန်းဖော် ဝေယံလင်းက ရေချိုးပြီး ထမင်းစားဆောင်သွားဖို့ ကျွန်တော့်ကိုစောင့်နေရသဖြင့် အပြစ်တင်ပါသေးသည်။

✱

အဆောင်က ထမင်းစားဆောင်ကတော့ ထောပတ်ထမင်းနှင့် ကြက်သားဟင်းမို့ အားပေးနေကြတာ အလျှုပေးနေသည့်အတိုင်းပင်။ အဆောင်ရှိကျောင်းသားအားလုံးနီးပါး ပျက်ကွက်သူသိပ်မရှိ။

ချစ်သူနှစ်ဦးစိတ်ကောက်လို့ ခံစားနေရပါသည်ဆိုသော မျိုးမင်းကိုနှင့် ဉာဏ်စိုးဝင်းတို့နှစ်ယောက်ခမျာလည်း ဝေဒနာခံစားရလို့ သာပါပဲ။ စားလိုက်သည့် ထောပတ်ထမင်းဆိုတာ အနည်းဆုံးထမင်းသုံးပန်းကန်ခွဲလောက်ဆီကို အားပေးပါသည်။ သည်လိုအချိန်မျိုးမှာ ဘာဝေဒနာခံစားချက် ထုတ်ဖော်တာကိုမှ မကြားရ။

ထောပတ်ထမင်းစားရင်း ကြားနေရတာက ကြက်သားက အရိုးများပြီး အသားနည်းသည်ဆိုသော ဉာဏ်စိုးဝင်း၏ မကျေနပ်သံ အောင်နိုင်ဦး ဟင်းပန်းကန်ထဲမှာ ကြက်သားတုံးကြီးကို ကြည့်ပြီး မနာလိုစိတ်တွေ တဖွားဖွားပေါ်နေပါတော့သည်။

✱

မနာလိုမဖြစ်ပါဘူး
လရောင်က သူ့တာဝန်အရ
အေးမြမှုပေးတယ်၊
နေမင်းကျတော့ အလင်းရောင်ပေးရဲ့၊
မနာလိုဖြစ်မိပါတယ်၊
ကံ့ကော်ပန်းတွေကို
ဘယ်သူ့ရနံ့တွေ
နှိုးဝှက်ထည့်ပေးလိုက်သလဲလို့၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ကျွန်တော့်အခန်းရှေ့က ကုံကော်ပင်တွေမှာ ကုံကော်ဖူးတွေက ဝေဆာနေသည်။ မကြာတော့မည့်အချိန်ကာလမှာ ကုံကော်ပန်းများ ဆေဆာစွာ ပွင့်လာပြီး ကုံကော်ရနံ့တွေ ထုံလွှမ်းတော့မည်။

သို့သော် ကုံကော်ပန်းတွေနှင့် ကုံကော်ရနံ့တွေက ကျွန်တော်နှင့် မည်သို့မည်ပုံမှ မသက်ဆိုင်နိုင်တော့ပါ။ အရာအားလုံးသည် ပြီးခဲ့ပါပြီ။

မပြီးသေးဘဲ အခန်းဆက်ပြန်ဖြစ်သွားတာက ညဏ်စိုးဝင်းနှင့် မျိုးမင်းကိုတို့ပဲဖြစ်ပါသည်။ ချစ်သူအချင်းချင်း စိတ်ကောက်တာ သုံးရက်တောင်မကြာပါ။ နှစ်ရက်အတွင်း ပြန်အဆင်ပြေကုန်ကြသည်။ သူတို့နှစ်ယောက်အဖို့တော့ သိန်းထီပေါက်ပြီး ပျောက်သွားသော ထီလက်မှတ်ပြန်တွေ့သလိုမျိုး ဝမ်းသာလုံးဆို့နေကြသည်။

သည်မြင်ကွင်းကိုကြည့်ပြီး တင်ကိုကိုနှင့် တင်မောင်ဆွေတို့က ဝေဖန်လို့မဆုံး။

သည်နေ့လည်း တနင်္ဂနွေ ကျောင်းပိတ်ရက်ဆိုတော့ အဆောင်မှာလူရှင်းနေသည်။ ကျွန်တော့်အခန်းဖော် ဝေယံလင်းက တင်ကိုကိုနှင့် ဘယ်ကိုထွက်သွားလေသလဲ မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်လည်း အခန်းထဲမှာ ဝတ္ထုတိုတစ်ပုဒ် ထိုင်ရေးနေမိသည်။ သည်နေ့က ကျူရှင်ဝိုင်း သွားသင်ဖို့ကလည်း မရှိပါ။

ကျွန်တော့်မှာ ရေးထားသော ဝတ္ထုတိုတချို့ရှိသည်။ သို့သော် မည်သည့်မဂ္ဂဇင်းတိုက်သို့မှ မပို့ဖြစ်။ ကိုယ့်ဘာသာကိုယ် ရေးပြီး သိမ်းထားသည်။

'ကိုကြီးကျော်… ဘယ်လိုဖြစ်လို့ ဝရန်တာမှာ ရပ်ပြီး ဘာတွေစဉ်းစားနေတာလဲ'

အတွေးကောင်းနေတုန်း ဝေယံလင်းကရောက်ချလာပါသည်။

'ဘာရယ်မဟုတ်ပါဘူးကွာ၊ စောစောက ငါရေးပြီးသွားတဲ့ ဝတ္ထုတိုတစ်ပုဒ်အကြောင်း တွေးနေမိတာ'

'အချစ်အကြောင်းရေးတာပဲလား ကိုကြီးကျော်ရ'

'မဟုတ်ပါဘူး ဝေယံလင်းရာ၊ မနာလိုတဲ့အကြောင်းပါ၊ မင်း စဉ်းစားကြည့်လေ၊ နေမင်းက အလင်းရောင်းပေးတယ်၊ လမင်းကလည်း သူ့တာဝန်အရ အေးမြမှုပေးတယ်၊ ဒါတွေက မနာလိုစရာ မဟုတ်ဘူးလေ၊ ငါ မနာလိုဖြစ်တာက ကံ့ကော်ပန်းတွေပဲ။ ဘာဖြစ်လို့ သူ့ကျတော့ မွှေးပျံ့တဲ့ရနံ့တွေ ဘယ်သူက ဖွက်ပြီးထည့်ပေးလိုက်သလဲ ဆိုတာ မော်ဒန်ဝတ္ထုပုံစံမျိုး ရေးထားတာ'

'ကိုကြီးကျော်ကလည်း ဝတ္ထုတွေသာရေးတယ်၊ တစ်ခါမှ မပါဖူးဘဲနဲ့'

'ဝေယံလင်းရာ… ကမ္ဘာကျော်တဲ့လူတွေ တော်တော်များများက ဒီလိုပဲ စရတာပဲ၊ ဝတ္ထုတိုရေးတာ မဂ္ဂဇင်းထဲ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ကိုယ့်အလုပ်မဟုတ်ပါဘူးကွာ၊ ရေးဖို့က ကိုယ့်အလုပ်ပဲ၊ တစ်ချိန်မှာတော့ အသုံးဝင်မှာပေါ့၊ အခုဟာက ဘာမှကိုယ်က မဟုတ်သေးတာ'



ဝေယံလင်းက ကျွန်တော့်စကားဆုံးသည့်အခါ…

'အဲဒါတွေ အသာထား၊ ကိုတင်ကိုက ခေါ်ခိုင်းလိုက်လို့ တောင်ငူဆောင်ဘက်ကို ချက်ချင်းလိုက်ခဲ့တဲ့၊ အဲဒီမှာ လူစုံတွေ့ရမယ်'

'ဘာမို့လို့လဲ'

'မသိဘူးဗျာ၊ လိုက်မှာသာ လိုက်ခဲ့'

ဝေယံလင်းက လက်ဆွဲခေါ်သဖြင့် ကျွန်တော်လည်း ဘုမသိ ဘမသိနှင့် တောင်ငူဆောင်သို့ လိုက်ပါလာခဲ့ရပါသည်။

*

တောင်ငူဆောင် ပတ်ဝန်းကျင်သည် တနင်္ဂနွေကျောင်းပိတ်ရက်မို့ တိတ်ဆိတ်အေးချမ်း လှပရှင်းနေပါသည်။ စုံတွဲအချို့က စာသင်ဆောင်တွေရှေ့မှာ ထီးကလေးတွေကွယ်ပြီး နှစ်ကိုယ်ကြားလူမသိအောင် ဘာတွေတိုင်ပင်လေသလဲမသိ။

'ရဲကျော် မြန်မြန်လာ'

ကျွန်တော်နှင့် ဝေယံလင်းတို့ကို ဦးချစ်ဆိုင်ရှေ့ဗံဒါပင်အောက်မှာရှိသည့် စားပွဲဝိုင်းကနေ တင်ကိုကိုက လှမ်းခေါ်ပါသည်။ လက်ဖက်ရည်ဆိုင်က ပိတ်ထားပေမယ့် စားပွဲထိုးများနှင့် သိနေသဖြင့် စားပွဲဝိုင်းနှင့်ခုံတွေကို ချထားပေးပါသည်။ စားပွဲဝိုင်းမှာကလည်း လူကဆယ်ယောက်လောက် ရှိမည်။ အောင်နိုင်ဦး၊ မင်းနိုင်၊ ကပ္ပိယကော အခြားအဆောင်က ကျောင်းသားအချို့ပါ ရှိနေကြပါသည်။

'ဖိုးတင်ကိုရာ ဘာကိစ္စလဲ'

'ရဲကျော် မင်းကို ပွဲကြီးပွဲကောင်တွေ လွှတ်သွားမှာစိုးလို့ အမြန်ခေါ်ခိုင်းရတာ'

တင်ကိုကိုက ရှင်းပြလို့ စကားအဆုံးမှာ တဟားဟားသဘောင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ကွမ်းယာစီးကရက်ရောင်းသော ကုလားလေးရာဂျူးက ကျွန်တော်တို့ဝိုင်းရှိရာသို့ ရောက်လာပါသည်။

'ရဲဘော် ရာဂျူး… အနေအထားအခြေအနေဘယ်လိုရှိလဲ'

'ဟာရေး… အစ်ကိုရေ တောင်ဌဆောင်က အင်္ဂလိပ်စာအဆောင်အိမ်သာနဲ့ မျက်နှာချင်းဆိုင်တည့်တည့်က စာသင်ခန်းရဲ့ရှေ့မှာ တော်တော်ကြမ်းတယ်၊ ပွဲက အခုမှစတာ'

'ဟေ… ဟုတ်လား'

ကုလားလေးရာဂျူးစကားကြောင့် တင်ကိုကို၏ မျက်နှာက ဝင်းမသွားပါသည်။

'ဒါဆို တို့ဘယ်လိုလုပ်ရမလဲ'

ကုလားလေး ရာဂျူးက လက်ဖက်ရည်စားပွဲဝိုင်းမှာရှိနေသော လူအုပ်စုကို အကဲခတ်လိုက်ရင်းက…

'အစ်ကိုတို့အုပ်စု ဒီအတိုင်းသွားရင် ဟိုအတွဲက သိသွားမှာပေါ့၊ လူခွဲပြီးတော့ မန္တလေးဆောင်ကြားကနေ ပတ်ဝင်ရမယ်၊ အဲဒီအတွဲ ကျောခိုင်းထားတဲ့ အခန်းပြတင်းပေါက်တံခါးကို ဂျက်ဟထားတယ်၊ တစ်ယောက်ချင်း အသံမကြားအောင်ဝင်ပြီးမှ အတွဲချောင်းလို့ရမှာ၊ ခြေသံတွေဘာတွေ ကြားလို့မရဘူး'

'ဒါဆို မင်း လိုက်ပြ'

ကျွန်တော် ယခုမှ သဘောပေါက်သွားပါသည်။ တင်ကိုကိုဘာကြောင့် သည်လောက်တက်ကြွနေသလဲ ဆိုတာပါ။ လူစုံတက်နှင့် သည်လောက်စည်းစည်းလုံးလုံးရှိနေတာ အတွဲချောင်းဖို့ဖြစ်နေပါ။

'သွားမယ်ဟေ့'

တင်ကိုကိုက ဦးဆောင်ပြီး ထလိုက်သဖြင့် ကျွန်ုပ်သည့်အ



များကလည်း လိုက်ပါလာပါသည်။ ကုလားလေးရာဂျူးက ရှေ့ကနေဦးဆောင်၍ သွားနေပါသည်။ ကျွန်တော်တို့က သူ့နောက်ကနေလိုက်ပါလာရပါသည်။

မကြာတော့မည့်အချိန်မှာ သာယာကြည်နူးနေသော စုံတွဲများ သူတို့ကမ္ဘာလေး မုန်တိုင်းကျတော့မည်ကို လုံးဝမသိရှာချေ မသိပါ။

★

ကျွန်တော်တို့အဖွဲ့ စာသင်ဆောင်နောက်ကနေ ခြေသံမကြားအောင် လျှောက်ရင်းလက်နှင့်အချက်ပေးရင်း တရားမှတ်သလို ခြေလှမ်းတွေကို လှမ်းနေရသည်မှာ ပြောက်ကျားတော်လှန်ရေးတစ်ရပ်ဆင်နွှဲနေသလိုဖြစ်ပါသည်။ ကုလားလေး ရာဂျူးက ဂျက်ဟထားသောတံခါးကိုဖွင့်ပြီး တစ်ယောက်ချင်းဝင်ဖို့ အချက်ပြပါသည်။

တစ်ယောက်ချင်း ဖိနပ်ခါးကြားထိုးပြီး အသံမကြားအောင် ကျော်ဝင်နေကြသည်မှာ ရာဇဝင်ထဲက သူခိုးကြီးတေက်ပြားတောင်ညာပြန်ယူရမည့်ကိန်း ဆိုက်နေပါသည်။

တင်ကိုကိုက ခြေသံမကြားအောင် အခန်းထဲလှည့်ပတ်ရင်းမှ ဂျက်ထိုးထားသော သစ်သားပြတင်းပေါက်မှ သံနှင့်ဖောက်ထားသော အပေါက်သေးသေးလေးကနေ ကျွန်တော်တို့ရှိနေသော စာသင်ခန်း၏ မျက်နှာချင်းဆိုင်အခန်းရှေ့ကတည့်တည့်မှအတွဲကို ချောင်းကြည့်ပါသည်။ ပြီးတော့ တစ်ယောက်ချင်းစီကို အလှည့်နှင့် လက်ညှိုးညွှန်ပြရင်းမှ ကြည့်ခိုင်းပါသည်။

အဖြစ်မှန်ကို ဘာမှမသိသော အတွဲများမှာတော့ သူတို့ရှေ့တည့်တည့်အခန်းထဲမှာ လူတွေဘယ်လောက်ရှိနေသလဲဆိုတာ သိလျှင်ဖြင့် ရှက်လို့ ဘယ်လိုလုပ်လေမည်လဲ မသိ။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ရဲကျော် အဲဒါ သမိုင်းဂုဏ်ထူးတန်းက ကျောင်းသူ မဟုတ်လား၊ သူ့ရည်းစားက ရူပဗေဒကပဲကွ'

တင်ကိုကိုက တိုးညှင်းသောလေသံဖြင့် ကျွန်တော့်ကို ပြောပါသည်။ ကျွန်တော်ကလည်း ခေါင်းညိတ်ပြမိပါသည်။

ထိုစဉ်မှာပဲ ကျွန်တော်တို့အုပ်စုလို အတွဲချောင်းနေသူ ကျောင်းသားနှစ်ယောက်က ထိုအတွဲထိုင်နေသော မလှမ်းမကမ်းရှိ နံရံအစွန်းကိုခေါင်းဖော်ပြီးချောင်းနေပါသည်။ သူတို့အတွဲချောင်းပုံက အန္တရာယ်အတော်ကြီးပါသည်။ မထင်မှတ်ဘဲ အတွဲက လှမ်းကြည့်လျှင် မြင်သွားနိုင်ပါသည်။

'ဒုက္ခပါပဲကွာ၊ ဟိုအတွဲကို ဟိုဘက်က ချောင်းနေတာ မြင်တော့မှာပဲ'

တင်ကိုကိုက အတွင်းကနေ ချောင်းကြည့်ရင်းမှ မကျေနပ်သည့်အမူအရာမျိုးနှင့် အသံကို တိုးညင်းစွာပြောပါသည်။

တင်ကိုကိုပြောလို့အပြီးမှာပဲ ထိုစုံတွဲမှာ သမိုင်းကျောင်းသူအမျိုးသမီးက နံရံထောင့်ဘက်ကို လှည့်အကြည့် အတွဲချောင်းနေသူနှစ်ယောက်၏မျက်နှာကို မြင်ရပြီး သူမရည်းစားအား လက်ညှိုးထိုးပြရင်းက ထိုင်ရာကနေ အမြန်ထထွက်သွားပါသည်။

အခန်းထဲမှာ အတွဲချောင်းနေသူ ကျွန်တော်တို့အားလုံး မကျေမနပ်နှင့် တောက်ခေါက်သံတွေက ဆူညံသွားပါတော့သည်။

✱

'တော်တော်အသုံးမကျတဲ့ ကောင်တွေကွာ၊ နည်းနည်းပါးပါး သတိတော့ထားပေါ့၊ အခုတော့ ပါးစပ်ဝရောက်မှ ကြက်သားတုံးပြုတ်ကျတဲ့အတိုင်းပဲ'



တင်ကိုကိုက မကျေနပ်သေးဘဲ လမ်းတစ်လျှောက်လုံးပွစိပွစိ ဖြစ်နေပါသည်။

'အဲဒီကျောင်းသူက သူ့အခန်းမှာ မာနခဲကွ၊ ဟွန်း အခုကျတော့ကွာ'

ကပ္ပိယက လက်သီးကိုဆုပ်ရင်းမှ မကျေမနပ်နှင့် ပြောပြန်ပါသည်။

'မဖြစ်ဘူးဟေ့၊ ဒီတောင်ငူဆောင် အတွဲစစ်ဆင်ရေးကို အသေးစိတ်မဟာဗျူဟာချမှတ်ရမယ်၊ ငါတို့အားလုံးတိုင်ပင် ပိရိမှဖြစ်မယ်၊ ဘာပြောစရာရှိသလဲ'

'ဘာမှမရှိပါဘူး'

အားလုံးက တင်ကိုကို စကားအဆုံး ပြုံးစိစိလုပ်ရင်းက ပြောတာကို တင်ကိုကိုက ကျေနပ်သည့်အသား ခြေလှမ်းတွေကို စစ်ရေးပြနေသလိုမျိုး လှမ်းနေပါသည်။ သူ့စိတ်ကူးထဲမှာ ဘယ်လိုအစီစဉ်တွေ ရေးဆွဲလေသလဲမသိ။

✱

သည်လိုကိစ္စမျိုးတွေက တက္ကသိုလ်ကျောင်းသားတွေအဖို့ အထင်သေးစရာလုပ်ရပ်ဟု ပြောမည်ဆိုလျှင်လည်း ကျွန်တော်တို့ ဘာတတ်နိုင်မှာလဲ။

ခေတ်အဆက်ဆက် ကျွန်တော်တို့ ဦးရီးတော် နောင်တော်တို့လည်း ဒါမျိုးရှိခဲ့ကြတာပဲ မဟုတ်ပါလား။

✱

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အနာဂတ် ဖန်တီးဖို့
သူများတွေချည်း
ဆွဲထည့်လို့မရဘူး
ကိုယ်တိုင်လည်း ပါဝင်မှရမှာ . . .။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

သည်နေ့ရက်တွေအတောအတွင်း တင်ကိုကို အလုပ်ရှုပ်နေပါသည်။ စာရွက်ကြီးတစ်ရွက်ပေါ်မှာ ဘာတွေမှန်းမသိ မြေပုံလိုလိုဘာလိုလို ရေးဆွဲပြီး ဖယောင်းကွက်တွေချနှင့် အရောင်တွေချယ်လိုချယ်နှင့် ညဆိုလျှင် တော်တော်နှင့်မအိပ်ဘဲ နက်နက်နဲနဲ တွေးနေပါသည်။ အခန်းဖော်ဖြစ်သူ တင်မောင်ဆွေကတောင် တင်ကိုကိုသည် လောက်ကြီးစားတာ သူနှင့်နေခဲ့သမျှ ကာလပတ်လုံးမှာ ပထမဦးဆုံးအကြိမ် မြင်ဖူးတာဟု ပြောပါသေးသည်။

တင်ကိုကိုခမျာ ဒါနှင့်တင်မပြီးပါ။ လှည်းတန်းထိပ်က မိတ္တူဆိုင်သို့ ခဏခဏသွားပြီး မိတ္တူတွေကူးလာလိုက်၊ မိတ္တူကကော်ပီကောင်းလို့ ပါးစပ်က ညည်းလိုက်ပြန်ကူးလိုက်နှင့် ဖြစ်နေပါသေးသည်။

'ဒီည ငါတို့အခန်းမှာ အစည်းအဝေးဟေ့'

ထမင်းစားဆောင်သို့ ထမင်းစားသွားခါနီးမှာ တင်မောင်ဆွေတာ အားလုံးကို လှမ်းသတိပေးပါသည်။ သေချာတာကတော့ ထူးခြားမှုတစ်ခုခုရှိလို့ ဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေစာ ထမင်းစားပြီးစီး၍ ညခုနစ်နာရီလောက်တွင် တင်ကိုကို အခန်းမှာ လူက စုံနေပြီဖြစ်သည်။ တင်ကိုကိုက သူ့အခန်းထဲ အစည်းအဝေးတက်ရောက်လာသော ကျောင်းသားတွေကို ကျေနပ်သော အပြုံးတွေနှင့် ကြည့်နေရင်းက…

'ဒီနေ့ခေါ်ရတဲ့အစည်းအဝေးက တနင်္ဂနွေကျောင်းပိတ်ရက်တွေမှာ ငါတို့ရဲ့အရေးကြီးတဲ့ စစ်ဆင်ရေးအတွက်ပဲ'


'ဘာစစ်ဆင်ရေးလဲဗျ'

အရေးထဲ အောင်စိုးမိုးက ဘုမသိ ဘမသိနှင့် ထမေးပါသည်။

'ဒီစစ်ဆင်ရေးက ပူးပေါင်းပါဝင် ဆင်နွှဲလို့လည်းရတယ်၊ တစ်ကိုယ်တော် ဆင်နွှဲလို့လည်းရတယ်၊ ငါက ဒီစစ်ဆင်ရေးကို တောင်ငူဆောင် အတွဲချောင်းစစ်ဆင်ရေးလို့ နာမည်ပေးထားတယ်၊ အဲဒီတောင်ငူဆောင်တစ်ဝိုက်မှာ ဘာမှမသိဘဲ အတွဲချောင်းလို့က အတွဲတွေက သိသွားပြီး ငါတို့ရည်ရွယ်ချက်ရောက်မှာမဟုတ်ဘူး၊ ဒီတော့ တောင်ငူဆောင်တစ်ဝိုက်မှာ အတွဲချောင်းမယ်ဆိုရင် အဲဒီ ပတ်ဝန်းကျင်ကို သိမှရမှာ၊ ရော့… ဒီမှာ မြေပုံကိုကြည့်'

တင်ကိုကိုက မိတ္တူကူးထားသော မြေပုံစာရွက်တွေကို တစ်ယောက်ချင်းလိုက်ဝေပေးပါသည်။ ယခုမှပဲ တင်ကိုကို ကြိတ်ကြံနေသော ကိစ္စကို ကောင်းကောင်းကြီး သဘောပေါက်သွားပါသည်။ ကျွန်တော်တို့အားလုံး လက်ထဲမှာကိုင်ထားသော မြေပုံစာရွက်မိတ္တူတွေကို ကြည့်လိုက်မိကြပါသည်။





www.burmeseclassic.com



'အခု မင်းတို့ မြင်နေရတာက အဆောင်သုံးဆောင်နောက်ဘက်က စာသင်ခန်းတွေရဲ့ မြေပုံပဲ၊ တောင်ငူဆောင်က ဗဟိုကြ တယ်၊ ဘာဖြစ်လို့လဲဆို တောင်ငူဆောင်လက်ဝဲဘက်အခြမ်းက ဝင်မှ အဲဒီစာသင်ခန်းတွေဆီရောက်မှာ၊ ဝေဘာလီဆောင်နဲ့ ရာမညဆောင် တွေက ကျောင်းပိတ်တဲ့နေ့တွေမှာ အဝင်တံခါးပိတ်ထားတော့ အတွဲ တွေက ဒီတောင်ငူဆောင်ဘေးက လူသွားလမ်းကိုပဲ အသုံးပြုရတယ်'

တိုက်ပွဲတစ်ပွဲကို ဆင်နွှဲဖို့ စစ်သူကြီးတစ်ဦးက ရှင်းပြသလို မျိုး တင်ကိုကိုတစ်ယောက် ဘယ်လိုလေ့ကျင့်ထားပြီး ဘယ်လိုလေ့လာ ထားသလဲမသိဘူး။ သူ့ဟာနှင့်သူကတော့ ဟုတ်နေသည်။

'အဲဒီမြေပုံထဲမှာပါတဲ့ စာသင်ဆောင်အနောက်ဘက်တွေကို အမြောက်လက္ခဏာပြထားတယ်၊ တွေ့လား၊ အတွဲတွေက အဲဒီစာသင် ဆောင် အနောက်ဘက်နဲ့ ကြားတွေမှာ ခိုအောင်းပြီး ထီးကာပြီးနေတာ ရှိသလို လွတ်လွတ်လပ်လပ် ထိုင်တာမျိုးလည်းရှိတယ်၊ ဒီတော့ ငါတို့ ဘာလုပ်ရမှာလဲဆို စာသင်ခန်းတံခါးတွေကို ဂျက်မပိတ်ဖို့ စီစဉ်ရဖို့ လုံခြုံရေးကို လာဘ်ထိုးရဖို့ရယ် ပြီးတော့ အရိပ်အခြေအနေ ကို အကဲခတ်ဖို့ အလှည့်နဲ့လုပ်ရမယ်'

'ဖိုးတင်ကို ဘယ်လိုအရိပ်အခြေကို အကဲခပ်ရမှာလဲ'

ကျွန်တော်က မသိသဖြင့် မေးသောအခါ တင်ကိုကိုက…

'တောင်ငူဆောင် လက်ဝဲဘက် လူသွားစင်္ကြံအဝင်ဝလမ်း ဘေးမှာ ငါတို့ထဲက သုံးလေးယောက်က ပိုက်ဆံကြေး အံစာတုံး ခေါက်သလိုမျိုး လုပ်နေရမယ်၊ ဒီတော့ အတွဲတွေက လောင်းကစား လုပ်တာပဲဆိုပြီး ဘယ်သူမှ ဂရုထားမှာမဟုတ်ဘူး၊ တစ်ယောက်က အဲဒီစာသင်ဆောင်တွေရဲ့ လူသွားစင်္ကြံလမ်းမှာ လက်ထဲစာအုပ်ကိုင် ရင်း စာကျက်သလိုမျိုး လုပ်နေရင်းက အတွဲဝင်သွားတဲ့နေရာကို



အကြောင်းပြန်၊ ဦးချစ်ဆိုင်မှာထိုင်နေတဲ့ လူတွေကို သတင်းပို့ ဒါဆို ဒီမြေပုံထဲက ဘယ်အဆောင်မှာရှိတယ်ဆိုတာ သိပြီပေါ့၊ ဒီတော့ မြေပုံကို အလွတ်ကြည့်ထားကြတော့'

'ဖြောင်း… ဖြောင်း… ဖြောင်း'

တင်ကိုကို အခန်းထဲမှာ လက်ခုပ်တီးသံတွေ ညံသွားပါသည်။ တင်ကိုကို အခန်းအောင်းပြီး စီစဉ်နေသော လှို့ဝှက်ကိစ္စမှာ တော်တော် အကွက်စေ့နေပါသည်။ ကျွန်တော့်မှာ မချီးကျူးဘဲ မနေနိုင်ပါ။

'အဓိက အရေးကြီးတာရှိသေးတယ်၊ ကြပ်ကြပ်လေ့ကျင့်ဖို့ လိုတယ်၊ ခြေသံမကြားအောင် ခြေဖော့တဲ့နည်းပဲ၊ ခြေသံကြားမယ်၊ လှုပ်ရှားမှုက အသံကြားရင် တို့ရဲ့စစ်ဆင်ရေး ဆုံးရှုံးပြီ၊ ဒီတော့ခြေ ဖော့လျှောက်တဲ့နည်းကို လေ့ကျင့်ဖို့လိုတယ်'

'တင်ကိုကို တက္ကသိုလ်မှာ အတွဲချောင်းနည်း ဘာသာရပ်သာ ပါမယ်ဆို ပါမောက္ခဖြစ်ဖို့က မင်းပဲရှိတယ်၊ ဒါတွေဘယ်လိုလေ့လာ ထားသလဲ'

ညာဏ်စိုးဝင်းက တင်ကိုကိုအား ချီးကျူးစကားပြောရင်း ပင့် ပေးလိုက်ပါသည်။ ဒါကို တင်ကိုကိုက…

'ငါတို့အစ်ကိုတွေ ဦးလေးတွေက ဒီတောင်ငူဆောင်နဲ့ပတ် သက်ပြီး ဒါမျိုးတွေရှိတယ်လို့ ပြောဖူးတယ်၊ သူတို့ခေတ်တုန်းက လည်း သူတို့ပါဝင်ဆင်နွှဲကြတာက ခေတ်အဆက်ဆက်လေ၊ ဒီတော့ ငါက အမွေဆက်ခံရတာပေါ့'

မျိုးရိုးအမွေ မတိမ်ကောဖို့ တင်ကိုကိုခမျာ ကြိုးစားနေမှန်း အခုမှပဲ သဘောပေါက်ပါတော့သည်။

'ဒီအစီအစဉ်ကို ဘယ်တော့စမလဲ'

ကပ္ပိယက တက်ကြွသောလေသံနှင့် မေးသောအခါ တင်ကို ကိုက…

www.burmeseclassic.com

www.burmeseclassic.com



'လာမယ့်တစ်ပတ်ကျော် စနေ၊ တနင်္ဂနွေနေ့မှာ ဒီစစ်ဆင်ရေးကို စမယ်၊ အားလုံးကြိုတင်လေ့ကျင့်ပါ'

'Oh! Yes!'

တညီတညွတ်တည်း ပြိုင်တူအသံတွေထွက်ကုန်ပြီး တင်ကိုကို အခန်းထဲကနေ လက်ထဲမှာမြေပုံမိတ္တူစာရွက်များ အသီးသီးကိုင်ဆောင်ပြီး ထွက်ခွာသွားပါသည်။

ကျွန်တော်ကတော့ အစည်းအဝေးကို မတက်ရောက်နိုင်ဘဲ ပဲခူးဆောင်သွားနေသော ဝေယံလင်း ပြန်ရောက်လျှင် ပြန်ရှင်းပြဖို့ မြေပုံကို ထပ်တလဲလဲနှင့် ကြည့်နေမိပါသည်။

★

တင်ကိုကို၏ စစ်ဆင်ရေးက အောင်မြင်ဖို့ များပါသည်။ ဘာကြောင့်လဲဆို ကျွန်တော်တို့ သထုံဆောင် တတိယထပ်က အခန်းတွေမှာနေကြသော ကျောင်းသားတွေအားလုံး လမ်းလျှောက်သည့်အခါ ခြေသံမကြားအောင် လမ်းလျှောက်ကျင့်နေသဖြင့် ခါတိုင်းက ဖိနပ်ရှပ်တိုက်လျှောက်သဖြင့် ဆူညံသံမျိုး မကြားရလို့ ဖြစ်ပါသည်။

★

သည်တစ်ရက်နှစ်ရက်အတွင်းမှာလည်း ကျွန်တော်တို့နေထိုင်သော သထုံဓာဆင်သာမက အခြားအဆောင်တွေမှာလည်း ကျောင်းသားတွေခမျာ စာကျက်နိုင်ကြမည် မထင်ပါ။

အကြောင်းရင်းကတော့ ရန်ကုန်တက္ကသိုလ် စိန်ရတုအကြိုအဆောင်အသီးသီး၏ လှုပ်ရှားမှု ကဏ္ဍတွေအတွက် အစည်းအဝေးတို့ ဘာတို့နှင့် ရှုပ်နေသောကြောင့်ဖြစ်ပါသည်။ သူ့အဆောင်နှင့်သူ မည်သည့်အစီအစဉ်တွေ ထည့်မည် ဘာလုပ်မည်၊ ညာလုပ်မည်နှင့် ပြင်ဆင်လုပ်နေတာကြောင့်ပင် ဖြစ်သည်။



ကျွန်တော်တို့အဆောင်ကတော့ အစီအစဉ်တွေမလုပ်သေးဘဲ ကျွန်တော်တို့အဆောင်မှာ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းကြီးများ၏ စာရင်းနှင့် နယ်ပယ်အသီးသီးတွင် အောင်မြင်နေကြသော အောင်မြင်ခဲ့ကြသော သူတို့၏ အမည်နာမများကိုလည်း ပြုစုရသည်။ ပြီးတော့ အစည်းအဝေးလုပ်ဖို့ ဖိတ်စာကိစ္စတွေ ဘာတွေကို လုပ်ရနှင့် ကျောင်းတောင်မတက်နိုင်ဘဲ ကျွန်တော့်မှာ ဖြစ်ရပါသည်။ ကျွန်တော်တင်မက အဆောင်မှ ကျောင်းသားအဖွဲ့ဝင်များပါ မနားရပါ။

သို့သော် အားလုံး ပျော်နေကြတာကတော့ အမှန်ပင် ဖြစ်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

ကိုယ် မကျေနပ်နိုင်ဘူး။
ကိုယ့်ကချစ်ရုံနဲ့
ပြီးမလား
သူက
ကိုယ့်ကို
ချစ်တာပြောတာလေးတော့
ကြားချင်သိချင်တာပေါ့ . . .။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

'စစ်ဆင်ရေး ဆင်းမယ်

အားလုံးအသင့်ပြင်ထားပါ'

တင်ကိုကို၏ ဆူးဆူးဝါးဝါး အော်သံက သထုံဆောင် တတိယထပ်မျက်နှာစာအခန်းတွေရှေ့မှာ မရပ်မနား ပျံ့လွင့်နေသည်။ အချိန်က မွန်းလွဲတစ်နာရီခန့်ရှိပြီဖြစ်သည်။

အခန်းအသီးသီးမှ ကျောင်းသားတွေ ထွက်လာကြပြီး တတိယထပ်လှေကားထိပ်မှာ ရပ်နေကြသည်။ လက်ထဲမှာလည်း တင်ကိုကို မိတ္တူကူးထားပေးသော စာရွက်တွေကိုယ်စီ ကိုင်ထားသည်။

'ဒီနေ့လို တနင်္ဂနွေနေ့မျိုးမှာ အမျိုးသမီးဆောင်တွေက ကျောင်းသူတွေရှိဖို့များမယ်၊ ဒီတော့ မြေပုံကို သေသေချာချာကြည့်ပါ၊ ဒွိမဝင်ခင် အစုကတည်းက ပြင်ဆင်ရမယ်'

တင်ကိုကိုက မတ်တပ်ရပ်နေသော ကျွန်တော်တို့လူစုကို တိုက်ပွဲတစ်ပွဲဆင်နွှဲဖို့ အမိန့်ပေးနေသလိုမျိုး ညွှန်ကြားနေသည်။

'ဖိုးတင်ကို ဘယ်သူက လူသွားစင်္ကြန်လမ်းမှာ အံစာတုံး ခေါက်ယောင်ဆောင်နေမှာလဲ'

ကျွန်တော်က မေးလိုက်သောအခါ တင်ကိုကိုက...

www.burmeseclassic.com

www.burmeseclassic.com



'ဉာဏ်စိုးဝင်းနဲ့ မောင်မောင်ကျော်စိုး၊ မင်းနိုင်ရယ်က အံစာ
တုံးခေါက်နေ၊ ဝေယံလင်းက စာသင်ဆောင်ရှေ့မှာ စာကျက်သလို
ဟန်ဆောင်၊ ရဲကျော်က ဝေယံလင်းနဲ့မလှမ်းမကမ်းမှာနေရင်းက စာ
သင်ခန်းရှေ့မှာ မူးပြီးလဲအိပ်နေသလိုမျိုးလုပ်နေ၊ ဝေယံလင်း အချက်ပြ
လိုက်တာနဲ့ အံစာတုံးခေါက်တဲ့ဆီကို အချက်ပြလိုက်၊ ငါတို့ ကျွန်တာ
ဆက်လုပ်မယ်'

တင်ကိုကို စကားကြောင့် ကျွန်တော် ခေါ်ပွသွားပါသည်။

'ဖိုးတင်ကို ကျုပ်က ဘာဖြစ်လို့အရက်သမားလုပ်ရမှာလဲ
တော်ကြာ သိတဲ့လူတွေက တကယ်ထင်နေဦးမယ်'

'ရဲကျော် မရှည်နဲ့၊ ဘယ်သူမှ ဒီလိုအချိန်မျိုး အဲဒီနေရာ
မဖြတ်ဘူး၊ အတွဲတွေပဲဖြတ်မှာ ဒါမျိုးမလုပ်လို့မရဘူးလေ၊ ငါ စီစဉ်
တာပါ'

'ဒါဆိုလည်း ပြီးရောဗျာ၊ သွားမယ်'

ဝေယံလင်းက စိတ်မရှည်သည့်ပုံစံမျိုးနဲ့ပြောအပြီး ကျွန်တော်
တို့အားလုံး အဆောင်ကနေ တောင်ဂူဆောင်ဆီသို့ ချီတက်လာကြပါ
သည်။

မကြာတော့မည့် အချိန်မှာ တောင်ဂူဆောင်ပတ်ဝန်းကျင်
ဧရိယာအတွင်း စစ်ဆင်ရေးကြီးတစ်ခု စတင်တော့မှာကို အတွဲတွေက
တော့ သိနိုင်လိမ့်မည် မထင်ပါ။ သူတို့ဘဝလေး သူတို့အေးအေး
ချမ်းချမ်းနှင့် ကြည်နူးနေကြလို့ဖြစ်ပါသည်။

★

တောင်ဂူဆောင် ပတ်ဝန်းကျင်သည် တိတ်ဆိတ်လွန်းလှ
သဖြင့် ဘာသံမှမကြားရ။ ဝေယံလင်းက ကျွန်တော်နှင့် မလှမ်း



ကမ်းမှာ လမ်းလျှောက်ရင်း စာကျက်ချင်ယောင် ဟန်ဆောင်နေပါ
သည်။ ကျွန်တော်က မနုဿဗေဒစာသင်ခန်းပိတ်ထားသော တံခါးဝ
ရှေ့မှာ ပုဆိုးခြုံပြီး အမူးသမားဟန်ဆောင်ကာ တုံးလုံးလဲပြီး အိပ်ချင်
ယောင်ဆောင်နေရပါသည်။ ထိုလိုမြင်ကွင်းမျိုးကို ကျွန်တော့်အသိ
တွေသာ မြင်လို့က ဘယ်လောက်တောင် အထင်သေးလေမလဲမသိ။
ခုလောက်ဆို ဉာဏ်စိုးဝင်းတို့ မင်းနိုင်တို့ မောင်မောင်ကျော်စိုးတို့
သုံးယောက် အံစာတုံးဟန်ပြခေါက်နေတာကနေ တကယ့်ဖိုက်ဆံကြေး
များ ကစားနေပြီလား မသိ။

ယခုအချိန်ထိ မည်သည့်စုံတွဲကမှ ကိုယ့်ပစ်ကွင်းထဲကို ဝင်
လာသေး။

သည်အချိန်မှာပဲ ခြေသံတရှပ်ရှပ်အသံကိုကြားရသဖြင့် ပုဆိုး
ခြုံပြီး အိပ်ချင်ယောင်ဆောင်နေသော ကျွန်တော် မသိမသာကြည့်လိုက်
သောအခါ သမိုင်းသုတေသန အဆောင်လမ်းကြားကနေ မနုဿဗေဒ
ဆောင်ဆုံးစာသင်ခန်းရှေ့မှာ အိပ်ချင်ယောင်ဆောင်နေသော ကျွန်တော့်
အားကျော်ပြီး ကျွန်တော့်ရှေ့တည့်တည့် မြန်မာစာ စာသင်ဆောင်
အခန်းနှစ်ခန်းကြားထဲသို့ အတွဲတစ်တွေက ဝင်သွားသည်။ သေချာတာ
က ဒုတိယမြောက် စာသင်ဆောင်နောက်ဘက်မှာ သူတို့အတွဲထိုင်ဖို့
များသည်ဟု ကျွန်တော်တွေးမိသည်။

ဝေယံလင်းက ကျွန်တော့်နားသို့ရောက်လာသည်။ ကျွန်တော်
က လှဲနေရာမှထပြီး လက်မထောင်ပြလိုက်သည်။ ဝေယံလင်းက
သူသွားစကြံနလမ်းအဝင်ဝ အင်္ဂလိပ်စာသင်ဆောင် အခန်းနှစ်ခန်းရှေ့
ရှိ မြန်မာစာဌာန စာသင်ခန်းဘေးပြတင်းပေါက်တံခါးကိုဖွင့်ဝင်ပြီး
အခန်းထဲသို့ဝင်ကာ တံခါးကို ပိတ်လိုက်သည်။ ကျွန်တော်ကလည်း
သော ဟိုကြည့်ဒီကြည့်နှင့် ရပ်စောင့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်တံခါးပြန်ပွင့်လာပြီး ဝေယံလင်းက လက်ကာပြီး ခေါင်းညိတ်ပြလိုက်သည်။ အခြေအနေကောင်းနေပြီဟု ဆိုသည့် သဘောမျိုးဖြစ်သည်။

ကျွန်တော်က လူသွားစင်္ကြံအဝင်ဝလမ်းရှိ ဉာဏ်စိုးဝင်း... နေရာသို့ သွားလိုက်သည်။

'ဟေ့ကောင်... မင်း အံစာတုံး ကိုင်မခေါက်နဲ့၊ မင်း ဒါမျိုး ချစ်လို့ရေဘူး'

'လုပ်လို့မရရင် မင်းနိုင် ငါ့ကို ငါးဆယ်ပေး၊ အခုပေး'

ကျွန်တော်က အံစာဝိုင်းနားသို့ရောက်သောအခါ မင်းနိုင်နှင့် ဉာဏ်စိုးဝင်းတို့ နှစ်ယောက် ငြင်းခုံနေကြသည်။ သည်ကောင်သုံး ယောက် ပိုက်ဆံကြေး တကယ်ကစားနေရင်းမှ စကားများကြတာ ဖြစ်သည်။

'ဟေ့ကောင်တွေ နောက်မှငြင်း၊ သတင်းပို့၊ ပွဲကောင်းနေပြီ'

'ဟုတ်လား'

မင်းနိုင် မျက်နှာက စောစောတုန်းကလို မဟုတ်တော့။ ဝမ်း သာသွားဟန်ဖြင့် တင်ကိုကိုတို့ထိုင်နေသော ဦးချစ်ဆိုင်စားပွဲဝိုင်းဆီသို့ မျှော်ကြည့်ပြီးပြောသည်။ ချက်ချင်းဆိုသလို ဦးချစ်ဆိုင်မှာရှိနေသူတွေ ... ကျွန်တော်တို့နားရောက်လာကြသည်။

'ကဲ... တစ်ယောက်ချင်း ငါ့တို့နောက်ကလိုက်ခဲ့၊ ခြေသံ မကြားစေနဲ့၊ ရဲကျော်... မင်းရှေ့ကသွား'

ကျွန်တော်က ဝေယံလင်းရှိနေသော အခန်းဆီသို့ အရင်သွား သည်။ ပြတင်းပေါက်တံခါးကို အသာဖွင့်ပြီး ကျော်ဝင်လိုက်သည်။ တင်ကိုကိုက ကျွန်တော့်နောက်ကနေလိုက်ဝင်သည်။ ပြီးတော့တစ် ယောက်ချင်း ခြောက်ယောက်လုံးကျွန်ုပ်နဲ့ဒိုတယ်သားတွေလို အသံမမြည်စေဘဲ



အခန်းထဲ ခုန်ဝင်တာနောက်ဆုံး ကပွိုယအလှည့်ရောက်သည့်အခါ ကပွိုယက ခုန်အဝင် အရှိန်လွန်ကာ ဖင်ထိုင်လျက်လဲကျမိသွားသဖြင့် အားလုံးက အသံမထွက်ဘဲ ဝိုင်းရယ်ကြသည်။ ဒါကို တင်ကိုကိုက ကျေနပ်ဘဲ...

'ကပွိုယ...သွားတော့၊ မင်း စာမေးပွဲကျပြီ၊ သွား... သွား'

'ဘာလို့သွားရမှာလဲ'

'မင်းလုပ်တာနဲ့ အတွဲကသိတော့မယ်'

'သိတော့ ဘာဖြစ်လဲ၊ ရတယ်၊ ဘေးကချောင်းမယ်'

ကပွိုယနှင့် တင်ကိုကိုတို့နှစ်ယောက် အသံတိုးတိုးနှင့် စကား များနေကြပါသည်။ ကျန်သည့်သူတွေက ဝေယံလင်းချောင်းနေသည့် နားမှာ စုပြုံနေကြသည်။ ဝေယံလင်းက တစ်ယောက်ချင်းဆီ သူ့အနား လာဖို့ ညွှန်ကြားနေပါသည်။

အတွဲကတော့ တော်တော်ကြမ်းနေပါသည်။ ချောင်းနေသူ တွေအားလုံး အသက်ပင်မရှူနိုင်။ သည်အချိန်မှာ အတွဲက ဘေးဘီကို ကြည့်ပြီး ကိုယ်ရှိန်သပ်ရင်းက မတ်တပ်ထရပ်လိုက်ပါသည်။ ဘာကို မြင်သွားသလဲမသိ။ အတွဲက စာသင်ခန်းနောက်ဘက်နံရံဆီသို့ သွား ကာ အကွယ်ကနေ လှမ်းအကြည့် ထိုအကွယ်နေရာမှ မျက်နှာကြီးတစ် ခုက ပေါ်လာပြီး အတွဲနှင့် မျက်နှာချင်းဆိုင်မိသွားပါသည်။

'ဟာကွာ'

ကျွန်တော်တို့တွေအားလုံး ပြိုင်တူအသံတွေ ထွက်ကုန်ပါ သည်။ ဖြစ်ပုံက အတွဲက သူတို့ကို ချောင်းတာသိလို့ ထပြီးအခန်း ထောင့်အကွယ်ကိုအကြည့်မှာ ကပွိုယကလည်း ထိုထောင့်အကွယ် ကနေ အတွဲချောင်းဖို့အကြည့် အတွဲနှင့် သူမျက်နှာချင်းဆိုင်တွေ့ပြီး ကပွိုယက ထိုအတွဲကို လက်ညှိုးထိုးပြီး ကြောက်လန့်တကြားနှင့်ခြေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်သုတ်ပြေးပါတော့သည်။ အတွဲလည်း ထိုနေရာမှာ ဆက်ထိုင်လျှ
အန္တရာယ်ကြီးသည်ဟု ထင်သလားမသိ။ စာသင်ခန်းအနောက်ဘ
အရေး ထွက်သွားပါသည်။

အခန်းထဲမှာ အတွဲချောင်းဖို့ ရှိနေသောသူတွေက တော
အခေါက်ခေါက်နှင့် ကပ္ပိယကို ဒေါသအကြီးအကျယ်ထွက်ရင်
စေစွာတို့နေကြပါတော့သည်။

★

'ကပ္ပိယ… မင်းကြောင့် အောင်မြင်နေတဲ့ ငါတို့စစ်ဆင်ရေ
ကျရှုံးရပြီ၊ ဒီတော့ ဒီညနေ မင်း လက်ဖက်ရည်တိုက်ဖို့ ပြင်တော့

'ဘာလို့တိုက်ရမှာလဲ၊ ခင်ဗျားတို့က ကျွန်တော့်ကို အခန်းထ
သို့မှ ပေးမဝင်တာ'

ဦးချစ်လက်ဖက်ရည်ဆိုင် စားပွဲဝိုင်းမှာ တင်ကိုကိုက ကပ္ပိယ
ကို စွဲချက်တင်ပါသည်။

'မင်းကို ဝင်ပေးလို့ရမလား၊ သူများတွေအခန်းထဲဝင်တာ
အခုမဖြစ်ဘူး၊ မင်းကြမှဖြစ်ရတာ'

'ဟုတ်တယ် ဖိုးတင်ကို၊ ဒီကောင်လွဲတာကတော့ ပြောမ
နဲ့ မအေအရွယ်ကို ရည်းစားထားတာပဲ ကြည့်ပါလား'

ကျွန်တော်က ပြန်လည်အစဖော်ပေးလိုက်သဖြင့် ကပ္ပိယ
အရှက်ပြေပြန်ပေါ်လာသလား မသိ။ အတော့်ကို ဒေါပွလာပါသည်

'နေပါဦး၊ ငါက ငါ့အမေအရွယ်လောက်ရှိတဲ့သူကို ရည်
စားထားတာ ဘာဖြစ်လဲ၊ မင်းမှာဒါမျိုးပြောဖို့ရှိလို့လား'

ကပ္ပိယကြီး ကျွန်တော့်အားနည်းချက်ကို အခွင့်ကောင်းယူပြီ
ပြန်ကလိသည်။



'ရည်းစားတော့ မထားရရင် နေပါစေ၊ အမေအရွယ်ကြီးကို
တော့ ရည်းစားမထားပါရစေနဲ့၊ အိပ်ခါနီး ထိုင်ထိုင်ကန်တော့ရမှာစိုး
ပါ'

ကျွန်တော့်စကားကြောင့် ကပ္ပိယမျက်နှာကြီး နီရဲသွားရင်းက

'ကိုတင်ကို ခင်ဗျားတို့ရဲ့ စစ်ဆင်ရေးအဖွဲ့ကနေ နုတ်ထွက်
တယ်၊ လူကို ကြိုက်သလိုစော်ကား၊ ချစ်သူကိုမထိနဲ့၊ ခင်ဗျားတို့က
ချည်း ခင်ဗျားတို့ချစ်တဲ့သူကိုချစ်နေတာ၊ ခင်ဗျားတို့ချစ်တဲ့သူတွေက
ခင်ဗျားတို့ကို ချစ်ပါတယ်လို့ ပြောတာကြားဖူးလား၊ အဲဒီလိုဖြစ်ရင်
သဘောပေါက်လိမ့်မယ်'

ကပ္ပိယက ဒေါသတကြီး ကျွန်တော်တို့နားကနေ ခြေဆောင့်
ရင်း ထွက်သွားပါသည်။

'သွားပလေ့စေ၊ ဒီလောက်အသုံးမကျတဲ့ကောင်'

တင်ကိုကိုက ကပ္ပိယကို ကြည့်ပြီး မကျေနပ်သည့် လေသံ
နှင့် ပြောလိုက်သည်။

'ကဲ… ဒီနေ့ မအောင်မြင်တဲ့ စစ်ဆင်ရေးကို နောက်တစ်
ပတ်မှာ ပြန်စမယ်၊ သထုံဆောင်ကို ချီတက်'

တင်ကိုကို အမိန့်ပေးသံစကားအဆုံး ကျွန်တော်တို့အားလုံး
သထုံဆောင်သို့ ပြန်လာခဲ့ကြပါသည်။

★

ပြောမည်သာပြောတာ။ ကပ္ပိယပြောသည့် စကားလုံးတွေက
သေသေချာချာ ပြန်စဉ်းစားမှ ကျွန်တော်တို့ရင်ကို အလုံးလိုက်ထိ
ဆောင့်မှန်း သိလိုက်ရပါသည်။

★

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ကို ကျွန်တော်တို့ ပြန်ရောက်သောအခါ ကပ္ပိယ တစ်ယောက် သူ့အခန်းမှာ သူ့ရည်းစားဓာတ်ပုံကို ကြည့်ပြီး ဘာတွေ ပြောနေသလဲမသိပါ။

ဩော်··· ချစ်တော့လည်း ပြောရခက်သားလားနော်။

ကပ္ပိယတင်ပဲလားဆိုတော့ တင်ကိုကိုလည်း ဘာစိတ်ကူး ပေါက်တယ်မသိ။

နေ့လည်က ကပ္ပိယပြောသွားသော စကားတွေက သူ့ တစ်ဖက်သက်မြတ်နိုးရပါသော ပထဝီမေဂျာအထူးပြုကျောင်းသူ နိုင်နိုင်ကို စောင်းပြောသလိုမျိုး သူ့အား ကပ္ပိယကနှိပ်ကွက်ရက်သည် ဆိုပြီး စာတောင်မကျက်တော့ဘဲ သထုံဆောင် ဝရံတာကနေ ထိန်ထိန် သာနေသောလမင်းကြီးကိုကြည့်ပြီး အခန်းဖော် တင်မောင်ဆွေအား အချစ်ဒဿနတွေ ဖွင့်ဆိုတာ တင်မောင်ဆွေခမျာ ပြောသမျှခေါင်း ညိတ်ရလို့ ကွမ်းတောင်မစားနိုင်ဘဲ ဖြစ်သွားရပါသည်။

ကပ္ပိယရိုက်ချက်တော်တော်ပြင်းထန်တာကတော့ တင်ကိုကို ၏ Heart ကို တန်းခနဲထိတာပါပဲ။

■

ကိုယ်ဟာ အချစ်မရှိဘဲ
သန့်သန့်လေးနေချင်ပါရဲ့၊
ဘယ်နှယ်
အချစ်လွန်တုပ်ကွေးသမားက
လာပတ်သက်ရတယ်လို့၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ကျွန်တော် အခုရက်တွေမှာ ကျောင်းစာတွေ မကျက်ချင်ဘဲ ဝတ္ထုတွေဘဲ ရေးချင်နေမိပါသည်။ သည်နေ့လည်း အတန်းပြီးသွားလို့ ဦးချစ်လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်း ထိုင်ရင်းက တွေးချင်ရာတွေးနေမိပါသည်။ ထိုအချိန်မှာပဲ ဝေယံလင်းနှင့်ကျောင်းသားတစ်ဦး ရောက်လာပါသည်။

'ကိုကြီးကျော်··· ဒါ ကိုကိုမြင့်တဲ့၊ လှိုင်နယ်မြေမှာ ဒုတိယနှစ် ဓာတုဗေဒလေ'

ဝေယံလင်းက ကိုကိုမြင့်ဆိုသည့် ကျောင်းသားနှင့်မိတ်ဆက်ပေးပါသည်။

'ကိုရဲကျော်··· ဒီလိုဗျာ ကျွန်တော်က ရန်ကုန်တက္ကသိုလ်မိန့်ရတဲ့အကြို ၉၅ စာစုများဆိုပြီး စာအုပ်တစ်အုပ်ထုတ်မယ်၊ စာပေဝါသနာပါတဲ့ ကျောင်းသားတွေရွှေးပါမယ်၊ အဲဒါ ဝတ္ထုတစ်ပုဒ်လောက်ရေးဗျာ၊ ခင်ဗျား ဝတ္ထုရေးတာ ဝေယံလင်းပြောပြလို့'

ကျွန်တော် တော်တော်ဝမ်းသာသွားပါသည်။ အမှတ်တရတစ်ခု နောင်တွင်ဖြစ်မှာမို့လို့ပါ။

'ရပါတယ်ဗျာ၊ ရေးပေးပါ့မယ်၊ သုံးလေးရက်နေရင် ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က ရှိစုမဲ့စုလေးနဲ့ စာအုပ်လုပ်ရမှာ၊ စာမူခက တော့ လက်ဖက်ရည်တစ်ခွက်ပေါ့ဗျာ'

'ရပါတယ်၊ မလိုပါဘူး'

ထို့နောက်တော့ ကျွန်တော်နှင့် ကိုကိုမြင့်တို့နှစ်ယောက်သား စာပေအကြောင်းတွေ ပြောကြတာ ညနေငါးနာရီဘယ်လိုထိုးသွားမှန်း မသိ။ ဆိုင်ပိတ်မှပဲ စကားဝိုင်းကို သိမ်းဖြစ်ပါသည်။

⁂

ထိုညမှာ ကျွန်တော့်စိတ်ကူးထဲက တကယ့်ကို မြန်မာဆန် သော ယဉ်ကျေးသိမ်မွေ့သော အမျိုးသမီးတစ်ဦး ကိုယ်စားပြုထား သော ထားခင်ခင်ဟု ကျွန်တော်အမည်မှည့်မပေးထားသူအကြောင်းကို ရိုးစင်းတဲ့ အချစ်ဇာတ်လမ်းအမည်ဖြင့် ဝတ္ထုတိုတစ်ပုဒ်ရေးသားတော့ ညဉ့်ဆယ့်နှစ်နာရီမှာ ဝတ္ထုပြီးပါသည်။ ရေးပြီးသား ဝတ္ထုကိုဝေယံလင်း အား ဖတ်နိုင်းပါသည်။

'ကိုကြီးကျော်ရဲ့ ထားခင်ခင်က ကိုကြီးကျော်လွဲခဲ့သမျှဟာ တွေကို ပြည့်ဖုံးကားချပြီး မဖြစ်နိုင်တဲ့ စရိုက်မျိုးနဲ့ ရေးထားတာပဲ စိတ်ကူးယဉ်ဆိုတော့ ဖတ်လို့တော့ကောင်းသားဗျ'

ဝေယံလင်း စကားနားထောင်ရင်း ကျွန်တော် စိတ်ကူးမိပါ သည်။ ဘဝမှာ ကျွန်တော် ဖန်တီးထားသော ထားခင်ခင်လို အမျိုး သမီးမျိုးတွေလို့ကတော့ တော်တော့်ကို ကံကောင်းသည့်သူဖြစ်လာမှာ အမှန်ဟု။

⁂

ဝတ္ထုရေးပြီးသွားသဖြင့် ကိုကိုမြင့်အား ဦးချစ်လက်ဖက်ရည် ဆိုင်တွင် ချိန်းထားသောကြောင့် ဝတ္ထုအားပေးသောအခါ ကိုကိုမြင့် နှင့်အတူ အရပ်ပုပုကျောင်းသူတစ်ဦး၊ အသားခပ်ညိုညို ကျောင်းသား တစ်ဦးနှင့် အရပ်နည်းနည်းပုသည့် အသားနည်းနည်းဖြူသည့် ကျောင်း သားတစ်ဦးကို တွေ့ရပါသည်။

'ကိုရဲကျော်··· မိတ်ဆက်ပေးရဦးမယ်၊ ဒီကျောင်းသူက သတ္တဗေဒ ပထမနှစ်က ရှင်ဒေဝီတဲ့၊ ရာစုသစ်မြစ်ကျဉ်းကဗျာစာအုပ် ထုတ်ဖို့ စိုင်းပြင်းနေတာ၊ ဟောဟိုဘက်က ကျောင်းသားက ကိုထိုက် တဲ့၊ ကျွန်တော်နဲ့အတူတူပဲ၊ ဒီဘက်ကကျောင်းသားက ရဲထွတ်တဲ့၊ သင်္ချာဗေဒ ပထမနှစ်က'

ကိုကိုမြင့်က မိတ်ဆက်ပေးသဖြင့် ကျွန်တော်က ပြုံးပြပါ သည်။ သူတို့ကလည်း ပြုံးပြပြီး ကျွန်တော်တို့ ဝါသနာတူတွေချင်း စကားတွေဖောင်ဖွဲ့ပြောကြရင်းက တဒင်္ဂအတွင်းမှာပဲ ညီရင်းအောင်နှမ များပမာ ခင်မင်ကုန်ကြပါသည်။

⁂

တက္ကသိုလ်သည် သွေးမတော် သားမစပ်သူများအားလုံးကို သွေးသားရင်းပမာ ပေါင်းစည်းပေးခြင်းကို ကျွန်တော်တို့ ခေတ်မှ အစ ခေတ်အဆက်ဆက် သည်တာဝန်ကို ယူလာသည်မှာ အမိ တက္ကသိုလ်ကြီးခင်မျာ မောရပန်းရမှန်းပင် မသိတော့ပါ။

⁂

အဆောင်မှာ အခုရက်များအတွင်း တော်တော့်ကို အလုပ်ရှုပ် ပါသည်။ စိန်ရတုအကြို သထုံဆောင်တွင်နေထိုင်ပြီး ပညာသင် သွားသော ကျောင်းသားဟောင်းကြီးများနှင့် မျိုးဆက်သစ် ကျောင်း

www.burmeseclassic.com



သားများတွေ့ဆုံပွဲ ငွေပဒေသာပင်စိုက်ထူပွဲစသဖြင့် စုံနေပါသည်။ ကျွန်တော်တို့မှာလည်း မအားရပါ။ အဆောင်ညစာစားပွဲမှာ စိန့်ရတဲ့ အကြိုအတွက် မည်သည့်တင်ဆက်မှုမျိုးတွေ ဖြေဖျော်မလဲဆိုသည့် ကိစ္စကိုလည်း အဆောင်မှူးက စဉ်းစားခိုင်းထားပါသေးသည်။

ဒါ့အပြင် ကျွန်တော်တို့၏ မဟာရည်ရွယ်ချက်ကြီးဖြစ်သော ထောင်ငှဆောင်အတွဲချောင်းစစ်ဆင်ရေးကိုတောင် မဆင်နွှဲနိုင်အားသဲ ဖြစ်နေပါသေးသည်။

သည်နေ့တော့ နည်းနည်းလေးအချိန်ရသဖြင့် အတန်းတွေ ပျက်တာများလို့ သူငယ်ချင်းတစ်ယောက်ဆီက စာအုပ်ငှားပြီး စာတွေ ကူးနေမိပါသည်။ ကျက်ရမည့်စာတွေ တော်တော်များနေလို့ ချွေးတွေ ဘာတွေတောင် ပြန်လာပါသည်။ စာမကျက်ရသည့်ရက်တွေကများနေ သဖြင့် စာတွေက အကြွေးတင်နေပါသည်။ သည်ပုံအတိုင်းဆို မလွယ် ရေးချမလွယ် မလွယ်။

'ကိုရဲကျော်··· အတော်ပဲဗျာ၊ အစ်ကို့ကိုတွေ့ချင်နေတာ'

ကျွန်တော့်အခန်းထဲကို အဆောင်ဒုတိယထပ်မှ တတိယ ဒုတိယနှစ်ကျောင်းသား ထွန်းလွင်ဇော် ရောက်ချလာပါသည်။

'ဘာကိစ္စရှိလို့လဲ'

'ရှိတာပေါ့ ကိုရဲကျော်ရာ၊ ကျွန်တော်အကူအညီတောင်းချင် လို့'

'ရတယ်၊ ငွေရေးကြေးရေးကလွဲရင် ကြိုက်တာပြော၊ ဒါ မင်းက သူဌေးသားအရာရှိသားပဲဟာ၊ ငွေရေးကြေးရေးတော့ မဟုတ် တန်ကောင်းပါဘူး'

ကျွန်တော်ကပြောတော့ ထွန်းလွင်ဇော်က ရယ်ပါသည်။

'မှန်တာပေါ့ဗျာ၊ အစ်ကိုတို့ကူညီမှ ကျွန်တော့်ကိစ္စက အော



မြင်မှာ၊ ဒီလို အစ်ကိုရာ၊ ကျွန်တော့်စာသင်ခန်းမှာ ကျွန်တော်ကြိုက်တဲ့ ကျောင်းသူရှိတယ်၊ အရမ်းချောတာ၊ အဲဒါ ကျွန်တော်ကြိုက်မှန်း သူက မသိဘူး၊ သူ့ကို လိုက်တဲ့ ကျောင်းသားတွေကလည်း အများကြီးပဲ၊ သူက မာနကြီးတော့ တစ်ယောက်ကိုမှ ပြန်မကြိုက်ဘူး၊ သူက ပိုက် ဆံလည်းရှိတယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲဆိုတာ အကူအညီတောင်း တာ'

'ထွန်းလွင်ဇော်ရာ မင်းက ငါ့ကိုအထင်ကြီးနေတာကိုး၊ ငါက ဒါမျိုးတွေဘက်မှာ အချစ်ကြောင်လွဲတာချည်းပဲကွာ၊ ဒါပေမဲ့ ဒီလိုလုပ်၊ သကြရင် တင်ကိုကိုရဲ့အခန်းကိုလာခဲ့၊ ငါတို့စုပြီး တိုင်ပင်ကြတာ ပေါ့'

'လာမှာပေါ့၊ ဒါက ကျွန်တော့်အတွက် သိပ်အရေးကြီးတာပဲ ဟာ'

ထွန်းလွင်ဇော်က ဝမ်းသာအားရဖြင့် ကျွန်တော့်အခန်းထဲကနေ ထွက်သွားပါသည်။ ကျွန်တော့်မှာသာ ဆက်လက်ပြီးကူးစရာရှိသည့် ကျောင်းစာများကို ဆက်ကူးနေရပါသေးသည်။

'ဒီစစ်ဆင်ရေးက သိပ်မလွယ်ဘူး၊ သေသေချာချာကို အကွက်ဆင်မှရမှာ'

တင်ကိုကိုက လေးလေးနက်နက် ကောက်ချက်ချစကားသံ အဆုံး အခန်းထဲမှာရှိနေသူတွေ ဘာစကားမှမဆိုဘဲ စဉ်းစားနေကြ သည်။ ထွန်းလွင်ဇော်ကတော့ မျက်နှာငယ်လေးနှင့် ဟိုလူ့ကြည့် ဒီလူ့ကြည့်နှင့် ရှိလို့နေပါသည်။

'ဟိုတုန်းက မျိုးမင်းကိုလိုအနေအထားက ဒါမျိုးမဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ဝင်းစိုးလို သွားလုပ်လို့ကလည်း မရဘူး'

တင်မောင်ဆွေက ကွမ်းတစ်ယာစားလိုက်ရင်းကနေ ပြောလို့ အပြီး ကျွန်တော် ရုတ်ချည်းဆိုသလို အကြံတစ်ခုရသွားပါသည်။

'တစ်ခုတော့ ရှိတယ်၊ ထွန်းလွင်ဇော်ကို ကုလားကားတစ်ကားထဲကလို လုပ်ရင်ရမလား မသိဘူး'

'ဘယ်လိုလုပ်မှာလဲ ရဲကျော်ရ'

တင်ကိုကိုက မေးသောအခါ ကျွန်တော်က…

'ထွန်းလွင်ဇော်ကြိုက်တဲ့ကောင်မလေးကို စိတ်ဝင်စားအောင် လုပ်ရမှာ၊ ဒီတော့ ထွန်းလွင်ဇော်ရဲ့ ဓာတ်ပုံကို ခုနစ်ပိုင်း ပိုင်းမယ် တစ်နေ့ကို ဓာတ်ပုံတစ်ပိုင်းဆီ စာအိတ်ထဲထည့်ပြီး စာရေးပေးမယ် စာထည့်တာ ဘယ်သူလဲဆိုတာတော့ အသိခံလို့မဖြစ်ဘူး၊ ကောင်မလေးမသိအောင် လုပ်ရမှာ၊ ခုနစ်ရက်ပြည့်လာရင် ပုံကပေါ်လာတော့ ထွန်းလွင်ဇော်မှန်း သိသွားလိမ့်မယ်'

'ဟိုက စာမဖတ်ဘဲ ဖြုပစ်လွှင့်ပစ်ရင် ဘယ်လိုလုပ်မလဲ'

'ဝေယံလင်းရာ ဒါကတော့ ထွန်းလွင်ဇော်ရဲ့ ကံပေါ့၊ သေချာတာကတော့ အဲဒီကောင်မလေး နည်းနည်းတော့ စိတ်ဝင်တစားဖြစ်မှာလို့ ငါယုံတယ်'

ကျွန်တော့်အကြံပြုစကားကြောင့် ထွန်းလွင်ဇော် ဝမ်းသာသွားပါသည်။ မျက်နှာအမူအရာက စောစောကလိုမဟုတ်တော့။

'မိုက်တယ်၊ အဲဒီအစီအစဉ် ကောင်းတယ်၊ ပရယ်တီကယ် လုပ်ရင် လွယ်အိတ်တွေပုံထားရတာဆိုတော့ သူငယ်ချင်းတွေနဲ့ အခြေအနေ အကဲခတ်ပြီး သူ့လွယ်အိတ်ထဲ မသိအောင်ထည့်မယ်'

'ထွန်းလွင်ဇော်ရာ မင်းအဖေက နည်းတဲ့ရာထူးမှ မဟုတ်တာ ပြီးတော့ မင်းတို့က ဒီလောက်ချမ်းသာတာ၊ အဲဒီကောင်မလေးကို



သွားတောင်းရင် သဘောတူနိုင်တာ၊ ဘာဖြစ်လို့ အပင်ပန်းခံချင်တာလဲ'

'ကိုတင်ကိုကိုကလည်းဗျာ အချစ်ဆိုတာ ရင်ခုန်စရာလေးဖြစ်မှ ကောင်းတာဗျ'

'ဒါဆို အခု အချိန်ကောင်းပဲ၊ မင်းရဲ့အစီအစဉ်အတွက် လက်ဖက်ရည်တိုက်ပေတော့'

'တိုက်မယ် ကိုတင်ကိုကို၊ လက်ဖက်ရည်တင်မှ မဟုတ်ဘူး၊ ပေါင်မုန့်ကြက်ဥကြော်ပါ အကုန်လုံးကို ကျွေးမယ်'

ထွန်းလွင်ဇော်၏ စကားအဆုံး အခန်းထဲရှိသူအားလုံးက

'တကယ်'

'ဟယ်… ကြက်ဥပေါင်မုန့်ကြော်နဲ့ လက်ဖက်ရည်တဲ့'

'ဒါပဲ မင်္ဂလာရှိမှရှိ၊ ထွန်းလွင်ဇော် မင်းအဆင်ပြေပြီ'

'ဟေး… အားလုံး ဂိုးမယ်'

တင်ကိုကို၏ အခန်းထဲမှာ တစ်ယောက်တစ်ပေါက်သံတွေ ဆူညံလို့အပြီး တက္ကသိုလ်ဆေးရုံဘေးက ကင်တင်းရှိလက်ဖက်ရည် ဆိုင်ဆီသို့ ကျွန်တော်တို့အုပ်စု ချီတက်လာကြပါသည်။

★

လက်ဖက်ရည်ဆိုင်ရောက်သောအခါ နက်ဖြန်မှ စတင်ပြီးပြုလုပ်ရမည့် အစီအစဉ်အတွက် အားလုံးတိုင်ပင်ကြရင်း လက်ဖက်ရည် သောက်လိုက် ကြက်ဥပေါင်မုန့်ကြော်စားလိုက်နှင့် လောကစည်းစိမ်ကို တစ်ဝကြီးခံစားနေကြပါသည်။

★

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစားမိပါသည်။ အချစ်မရှာဘဲ သန့်သန့်လေး နေမည်ဆိုကာမှ အချစ်လွှန်တုတ်ကွေးသမားနှင့် လာပြီးပတ်သက်မိ ဝါလားလို့။

■

အချစ်ကို
မြူဆွယ်ဖျားယောင်းဖို့
စိတ်ဝင်စားမှုတွေကို
ငါးမျှားချိတ်မှာတပ်ပြီး မျှားမှ ရတာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ကျွန်တော်က ဓာတ်ပုံကို ခုနစ်ပိုင်းဖြဲလိုက်တာကို ကြည့်ပြီး ထွန်းလွင်ဖော်က နှမြောနေပုံရပါသည်။ တင်ကိုကိုကတော့ ဖြဲထားသော ဓာတ်ပုံခုနစ်ပိုင်းကို လက်နှင့်မွှေနေပါသည်။ ဒိုင်ယာရီစာရွက်တစ်ရွက်ကို ကျွန်တော်က ဖြဲလိုက်ပြီး ရေးချလိုက်ပါသည်။

*မင်း မထင်ထားဘူး*
*မဟုတ်လား။*
*မင်းသိရအောင်လို့*
*ပို့လိုက်တာပါ။*
*သိမ်းထားနော်။*

ကျွန်တော် ရေးထားသော စာကိုကြည့်ပြီး ထွန်းလွင်ဖော်က ကျေနပ်နေပါသည်။ တင်ကိုကိုက ရေးထားသော စာရွက်ထဲ ဓာတ်ပုံအပိုင်းတစ်ပိုင်းကိုထည့်ပြီး စာရွက်ကို စနစ်တကျ ခေါက်ကာ စာအိတ်ထဲ ထည့်ပြီး ပိတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ ပထမအဆင့်ကို အောင်မြင်ရင် ဒီထက်အဆင့်မြင့်တဲ့ ဉာဏ်စဉ်ကို တက်မယ်၊ ဒီည မင်းဘာကျွေးမလဲဆိုတာ ပြင်ထား'

'စိတ်ချ ကိုရဲကျော်၊ ညနေအဆောင်မှာ ထမင်းမစားနဲ့ဦး ကျွန်တော့်ရဲ့ ဓါဂိလာသတင်းကို စောင့်နေ'

ထွန်းလွင်ဇော်က တင်ကိုကိုကမ်းပေးသော စာအိတ်ကိုယူပြီး ကျွန်တော့်အခန်းထဲကနေ ထွက်သွားပါသည်။

'ရဲကျော်… ဒီလိုကိစ္စမျိုးတွေ များများလာရင် သိပ်ကောင်း မှာပဲကွာ၊ ငါတို့စားရေး မပူရတော့ဘူး'

'ဟာ… ဖိုးတင်ကိုကလည်း ကူညီတာ ကုသိုလ်ရပါတယ်'

'ရဲကျော်… မင်း ဒီနေ့ အတန်းတက်ဦးမလား'

'မတက်တော့ဘူး၊ ပညာရေးသုတေသနဘက်သွားမလို့၊ အဲ မှာ ဆယ်တန်းတုန်းက ငါတို့ဆရာမရဲ့ယောက်ျားရှိတယ်၊ စာရေးဆရာ ဟိန်းလတ်လေ၊ လက်ဖက်ရည်ဆိုင်ထိုင်ရင်း စာအကြောင်း ဘာ အကြောင်း ပြောမလို့'

'ဟာ… ဒါဆို လိုက်ခဲ့မယ်၊ ငါလည်း ဆရာ့ကိုတွေ့ချင်နေ တာ၊ ဆရာရေးတဲ့စာအုပ်အကြောင်းတွေ ပြောရမယ်'

ကျွန်တော်က အခန်းတံခါးကိုသော့ခတ်ပြီး တင်ကိုကိုနှ အတူ ပညာရေးသုတေသနဌာနသို့ ထွက်လာခဲ့ကြပါသည်။

သည်နေ့ ရာသီဥတုက နေမပူဘဲ အုံ့မှိုင်းနေပါသည်။

★

ပညာရေးတက္ကသိုလ် ကင်တင်းမှာ စားသောက်သူများဖြ စည်ကားနေသည်။ ပထမဦးဆုံး ကျွန်တော်နှင့်တင်ကိုကိုက ဆရာ ဟိန်းလတ်ရှိသော ရုံးခန်းသို့ သွားရှာသေးသည်။ လက်ဖက်ရည်ဆိုင်



ဘက်သို့ သွားသည်ဟု ပြောသဖြင့် ကင်တင်းသို့ ကျွန်တော်တို့နှစ် ယောက် ထွက်ခဲ့သည်။ ကင်တင်းက လက်ဖက်ရည်ဆိုင်မှာ ဆရာဟိန်း လတ်ကို တွေ့ရသည်။ ဆရာဟိန်းလတ်ဘေးမှာ ညှို့သည့်နှစ်ဦးပါ ရှိနေသည်။

'ရဲကျော်… လာ… ထိုင်'

ဆရာဟိန်းလတ်ဘေးမှာ ကျွန်တော်နှင့်တင်ကိုကို ဝင်ထိုင် လိုက်သည်။

'ဆရာ… ဒါက တင်ကိုကို၊ ဒဿနိကကာ၊ သူလည်း ကျွန်တော့်လိုပဲ စာပေဝါသနာပါတယ်'

ဆရာဟိန်းလတ်က တင်ကိုကိုအား ပြုံးပြပါသည်။ ဆရာ ဟိန်းလတ်က ညှို့သည့်နှစ်ဦးဘက်ကြည့်လိုက်ရင်းက…

'ဒါက ကိုကျော်သန်းတဲ့၊ သရုပ်ဖော်ပန်းချီ ထုတ်ဝေသူ၊ ဟော ဟိုဘက်က ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့သား ကိုကျော်ဇင်တဲ့၊ သရုပ် ဖော်ပန်းချီအယ်ဒီတာ၊ သူတို့နှစ်ယောက်က သူငယ်ချင်းတွေ'

ကျွန်တော်နှင့် တင်ကိုကိုက ပြုံးပြပါသည်။ ညှို့သည့်နှစ် ယောက်ကလည်း အသိအမှတ်ပြုသည့်အနေဖြင့် ပြန်ပြုံးပြသည်။ ထို့နောက်တော့ ကျွန်တော်တို့စကားဝိုင်းသည် စာပေအကြောင်းအရာ အစုံကို ပြောဆိုသော စကားဝိုင်းဖြစ်သွားပါသည်။

'ကျွန်တော် အခုတလော မဂ္ဂဇင်းတွေဖတ်တာ၊ စာဖတ်သူ အမြင်ပေါ့နော်၊ တချို့ဟာတွေ ဘဝင်မကျတာမျိုးတွေဖတ်ရတယ်၊ စာဖတ်တဲ့သူအနေနဲ့ ပရိသတ်အသံပေါ့၊ ပြောချင်တာမျိုးတွေရှိတယ်၊ အခုဟာကတော့ ကျွန်တော်တို့လို စာပေဝါသနာပါတဲ့ တက္ကသိုလ် ကျောင်းသားတွေရှိတယ်၊ သူတို့ရဲ့ စာပေအမြင်တွေဘာတွေ ကြား ရရင် သိပ်ကောင်းမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကို နားထောင်နေသော ဆရာဟိန်းလတ်က ဘာအကြံရသွားသလဲ မသိ။ သရဖူမဂ္ဂဇင်းထုတ်ဝေသူ ကိုကျော်သန်းနှင့် ကိုကျော်ဇင်ကို ကြည့်ရင်း…

'ခင်ဗျားတို့ မဂ္ဂဇင်းမှာ လစဉ်ကဏ္ဍသစ်တစ်ခုအတွက် နိုင်မလား၊ စာစာက ရဲကျော်ပြောသလို တက္ကသိုလ်ကျောင်းသားစာဖတ်ဝါသနာပါသူတွေရဲ့အသံကို တင်ပြဖို့ပေါ့ဗျာ၊ ဒါမျိုးက ဖတ်သူတွေရဲ့ရင်ထဲက အသံအမှန်ပဲ၊ တင်ပြသင့်တယ်လို့ ထင်တယ်'

'စိတ်ချ ဆရာ၊ ဒီကဏ္ဍအတွက် ဘာမှမပူနဲ့၊ အဲဒီလိုစာဖတ်ဝါသနာပါတဲ့သူတွေ ကျွန်တော်ကော တင်ကိုကိုကော ရှာပေးမယ် ဒီကဏ္ဍက နည်းနည်းတော့ ထူးခြားမှာပဲ'

ကျွန်တော့်စကားဆုံးသည့်အခါ ကိုကျော်သန်းက…

'လုပ်ဗျာ… ဆရာ၊ ဆရာ ခေါင်းစဉ်ကို ရွေးလိုက်၊ ရှေ့လစမယ်'

'ခေါင်းစဉ်ကို ကျွန်တော်က ခေတ်လူငယ်တို့၏ အနုပညာခံစားမှုဆိုင်ကျူလို့ ပေးမယ်'

'ဟာ… ကောင်းတယ်၊ ကောင်းတယ်'

ဆရာ ဟိန်းလတ်၏ စကားအား ကိုကျော်သန်းကော ကိုကျော် ဇင်ကပါ ထောက်ခံပါသည်။

'ဒါဆိုရင် ရဲကျော် မင်းက စာပေဝါသနာပါသူတွေကိုခေါ်လာခဲ့၊ ဒီအစီအစဉ်အတွက် စီစဉ်ကြတာပေါ့'

'ဟုတ်ကဲ့ ဆရာ'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပါသည်။ ထို့နောက် ကျွန်တော်တို့ စာပေအကြောင်းတွေ ပြောကြရင်းဖြင့် အချိန်မည်မျှကုန်သွားသည်ကိုပင် မသိနိုင်အောင် ဖြစ်သွားရပါသည်။



အဆောင်ရှေ့ကို ကျွန်တော်နှင့် တင်ကိုကိုတို့နှစ်ယောက် ရောက်သောအခါ အဆောင်ရှေ့ဝကနေ ထွန်းလွင်ဇော်၏ အောင်မြင်ကြီးသောအပြုံးဖြင့် မတ်တပ်ရပ်ရင်းက ကျွန်တော်တို့နှစ်ယောက်အား ပြုံးပြပါသည်။

'ကိုရဲကျော်တို့ကို စောင့်နေတာ၊ ဒီနေ့အစီအစဉ် အောင်မြင်တာ ပြောပြမယ်'

'ဟေ… ဘယ်လိုအောင်မြင်တာလဲ'

'ပြောပြမှာပေါ့'

'ဒါဆို ထွန်းလွင်ဇော်၊ ရဲကျော်အခန်းကို သွားမယ် လာ'

တင်ကိုကိုက ထွန်းလွင်ဇော်ကို လက်ဆွဲခေါ်ရင်း ကျွန်တော့်နောက်ကနေ ပါလာပါသည်။

ကျွန်တော့်အခန်းသို့ ရောက်သောအခါ တင်ကိုကိုက…

'ကဲ… ပြောစမ်းပါဦး၊ မင်းရဲ့အောင်မြင်မှုသတင်း ကြည့်နူးချင်လို့'

'ဒီလိုဗျ၊ ကျွန်တော်ကြိုက်တဲ့ ချောကလျာက ပရယ်တီကယ်ချိန်တော့ သူလွယ်အိတ်ပုံထားတဲ့နေရာကို သူငယ်ချင်းတစ်ယောက်ကို မသိမသာကြည့်ခိုင်းထားတယ်၊ ကျွန်တော်က ပရယ်တီကယ်ခန်းထဲ နောက်ဆုံးမှ ဝင်တယ်၊ အုပ်စုလိုက် ပရယ်တီကယ်လုပ်လို့ ချောကလျာက သူငယ်ချင်းတွေနဲ့ ရှိနေတုန်း သူ့လွယ်အိတ်ထဲ စာအိတ်ကို သိအောင်ထည့်လိုက်တာပေါ့၊ ပြီးတော့ ကျွန်တော်က သူ့နားမှာ သူငယ်ချင်းယောင်ဆောင်ပြီး ပရယ်တီကယ်လုပ်နေတာပေါ့'

ထွန်းလွင်ဇော်က တော်တော်တက်ကြွစွာ ပြောနေပါသည်။

'ဟုတ်ပြီ၊ နောက်နေ့တွေမှာလည်း ဒီလိုပဲ သူ့ဘေးနားမှာ နေ့စဉ်ရက်ပြည့်တဲ့အခါကျမှ သူ့ဘေးနားက မင်းက ဘယ်လိုစာပေး

www.burmeseclassic.com



သလဲဆိုပြီး သူစဉ်းစားရင် အံ့အားသင့်ရင်းက မင်းကို အထင်ကြီးသွ
လိမ့်မယ်၊ နက်ဖြန် ဒုတိယနေ့အစီအစဉ်ကို ဒီညမှပြောပြမယ်'

'ဟုတ်ပြီ ကိုရဲကျော်၊ အောင်မြင်တဲ့အထိမ်းအမှတ်အနေ
ရေချိုး ပြီးရင် လှည်းတန်းမှာ ထမင်းလိုက်ကျွေးမယ်၊ ကိုဝေယံလ
တို့ဘာတို့ပါ ခေါ်ဦး'

နားထောင်ရသည့် စကားတွေအထဲမှာ ထိုစကားက အတေ
ကို တန်ဖိုးရှိလှပါသည်။

'ကောင်းလင့်တည်း၊ ကောင်းလင့်တည်း ဟေ့၊ ဖိုးတင်
ရေချိုးမယ်'

ထွန်းလွင်ဇော်က ကျွန်တော့်စကားနားထောင်ရင်း ပြုံးပြုံးကြ
အခန်းထဲကနေ ထွက်သွားပါသည်။ တင်ကိုကိုလည်း သူ့အခန်းအ
ပြေးပြီး ရေချိုးဖို့ လုပ်ပါတော့သည်။

★

လှည်းတန်းခိုင်ရွှေဝါလမ်းထဲက ထမင်းဆိုင်သည် စားခဲ့သ
နေ့တွေထက် သည်ယနေ့မှာ အတော့်ကို စားကောင်းလို့နေပါသည
ကျွေးသူက သဒ္ဓါလို့ ကျွေးသဖြင့် စားကောင်းသလား မ
တတ်။

ကျွန်တော်သာမက သူငယ်ချင်းတွေလည်း လိုက်ပွဲသူ့ထက
အပြိုင်ယူနေကြပါသည်။ သည်မြင်ကွင်းကိုကြည့်ပြီး ထွန်းလွင်
အဖို့ သူနှင့်သူကြိုက်နေသည့် ချောကလျာဆိုသည့် ကျောင်းသူ
မင်္ဂလာဆွမ်းကျွေးနေသည်ဟုပဲ အထင်ရောက်နေသလားမသိ။ မ
ကြီးစားပြီး ပြုံးပြုံးကြီးနှင့် ရှိနေပါသည်။

★



**အခုပို့လိုက်တာက**
**မင်းကို**
**မြတ်နိုးလို့ ကိုယ်လျှာဖျားက**
**ထွက်ကျလာတဲ့**
**ချစ်တယ်ဆိုတဲ့စကားပါ**
**သိမ်းထားနော်။**

BURMESE CLASSIC

လရောင်က သထုံဆောင်ခေါင်မိုးပေါ် ရောက်နေပြီဖြစ်သည်။
ကျွန်တော်တို့အဖွဲ့ကတော့ လုံးဝမအိပ်နိုင်သေးပါ။ ကျွန်တော်ရေးပေး
သော စာကို ထွန်းလွင်ဇော်က ဖတ်ပြီး တင်ကိုကိုအား ပေးသည်။

တင်ကိုကိုကခတ်ပုံအပိုင်းစတစ်ခုကို ယူပြီး ရေးထားသော
စာရွက်ကြားထဲ ထည့်ကာ စာရွက်ကို အသေအချာခေါက်သည်။
စာအိတ်ထဲ ကျကျနန ထည့်ပြီး စာအိတ်ကို ပိတ်ကာ ထွန်းလွင်ဇော်
အားပေးလိုက်သည်။

'နက်ဖြန်လည်း မင်းအောင်မြင်ဦးမှာပဲ ထွန်းလွင်ဇော်၊ ဒါပေမဲ့
ပိပိရိရိရှိပစေ၊ ဒီစစ်ဆင်ရေးမှာ မင်းကျရှုံးလို့မဖြစ်ဘူး၊ ဆရာတွေ
သိက္ခာကျတယ်'

ဝေယံလင်းက တက်တက်ကြွကြွနှင့် ညွှန်ကြားနေသော တင်
ကိုကိုအားကြည့်ရင်းမှ . . .

'ဟုတ်တော့ဟုတ်နေတာပဲ၊ မစွံတဲ့သူလွဲတဲ့သူတွေက သူများ
ကို လုပ်ပေးတော့ တည့်နေတာပဲ၊ အဲဒါ ကျမ်းကြေသွားလို့ဖြစ်ရမယ်'

'ဝေယံလင်း မင်းစကားက ဘာစကားလဲ၊ ရဲကျော် သူ့ဘာ
သာသူလွဲတာ ငါ့ကိုဆွဲမထည့်နဲ့၊ ငါကမစွံတာမဟုတ်ဘူး၊ ငါ့ရဲ့ ...
တွေအရှိန်မြင့်သထက်မြင့်လာမှ ပေါက်ကွဲထွက်ပြီး နိုင်နိုင်ငံ ချစ်ခွင့်

www.burmeseclassic.com

www.burmeseclassic.com



ဝန်မှာ၊ အခုလို တိတ်တခိုးဘဝက သိပ်အရသာရှိတာ’

‘ခင်ဗျားဘာသာ ခင်ဗျားရှိနေ၊ ဟိုက ကလေးငါးယောက်မှ ခင်ဗျားက ရည်းစားစကားပြောမှာပေါ့ ဟုတ်လား’

‘ဝေယံလင်း မင်း ပလုပ်သွားကျင်း၊ ဘုရား… ဘုရား… ငါ့ရဲ့နိုင်နိုင်လေး ဘာမှမဖြစ်ပါစေနဲ့’

တင်ကိုကို ဖြစ်နေတာကိုကြည့်ပြီး အခန်းထဲမှာရှိနေသူ… ပြုံးကြပါသည်။

ဩော်… အချစ်သည် အတော်တန်ခိုးကြီးတာပါပဲလားလို့…

သရဖူမဂ္ဂဇင်းအတွက် ခေတ်လူငယ်တို့၏ အနုပညာခံစား… အိုင်ကျူကဗ္ဗာ စာပေဝါသနာပါသူများကို လိုက်ရှာသောအခါ… ကျွန်တော် တင်ကိုကို၊ စိုးမင်းနိုင်၊ သီဟ၊ နေမျိုးအောင်အပါအဝင်… ဝါသနာရှင်တော်တော်များကို တွေ့ရပါသည်။ သူတို့နှင့် အင်းဝဆော… ရှေ့တ ကိုကျော်စိုး၏ လက်ဖက်ရည်ဆိုင်စားပွဲဝိုင်း အရှေ့မှာထိုင်ပြီး… ကိုယ်ပြောချင်တာတွေကို ရေးကြပါသည်။

ပြီးတော့ ရေးသားထားသည်များကို ဆရာဟိန်းလတ်ဆီသို့… ပေးပါသည်။ ဓာတ်ပုံတွေလည်း ရိုက်ရပါသေးသည်။ ကျွန်တော်တို့… အထဲမှာပါဝင်သော စိုးမင်းနိုင်နှင့် သီဟက ဆရာဟိန်းလတ်၏… ဆရာ… သီရိခင်၏ တပည့်ဟောင်းတွေဖြစ်ပြီး ဆရာနှင့်လည်း… အင်တော်ရင်းနှီးသူများဖြစ်၍ ပိုလို့အဆင်ပြေနေပါသည်။

ကျွန်တော်တို့ကတော့ စာပေဝါသနာပါသူတွေက ကိုယ်မြင်… ရာ ကိုယ်ပြောချင်တာ ပြောလိုက်ရသဖြင့် ကျေနပ်နေမိပါသည်။



ကိုယ်လုပ်ချင်တာ လုပ်ရသဖြင့် ကျေနပ်သည့်အထဲမှာ ကျွန်တော်တို့သာမက ထွန်းလွင်ဇော်လည်း ပါဝင်နေပါသည်။ သူ့မှာ ကျွန်တော်တို့ စီစဉ်ပေးသမျှ အောင်မြင်နေသဖြင့် နောက်ဆုံးတစ်ရက် အကျွန်ပါတော့သည်။

ထိုနောက်ဆုံးအဖြေအတွက် သူ့ခမျာ ဘယ်လိုဖြစ်လာမလဲ မျှော်လင့်နေသလို ကျွန်တော်တို့ကလည်း သူ့လိုပဲ မျှော်လင့်စောင့်စားမိပါသည်။

သည့်ထက်ပိုဆိုးတာက သည်ရက်တွေမှာ အဆောင်က ထမင်းနှင့်ဟင်းကို ဘယ်လိုမှ မစားချင်လောက်အောင်ဖြစ်ရပါသေးသည်။

ထွန်းလွင်ဇော်က သူ့အောင်မြင်မှုအတွက် အပြင်မှာ ထမင်းနေ့စဉ်လိုက်ကျွေးခဲ့သဖြင့် ကျွန်တော့်မှာ သွေးကနားထင်ရောက်နေသည်။ ကျွန်တော်တင်မက တင်ကိုကိုတို့ ဝေယံလင်းတို့လည်း ထို့အတူပါပဲ။

ဖြစ်ပုံများ ပြောမပြောချင်တော့ပါ။

■

www.burmeseclassic.com

ကိုယ်နဲ့ထိုက်တဲ့
ချစ်သင့်ချစ်ထိုက်သူကို
လက်ဝယ်ပိုင်ဆိုင်ရတာ
ဘယ်လောက် ကံထူးသလဲ
သေချာတာ
အဲဒီအထဲ
ကိုယ်က လုံးဝမပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

လောက အခုမှပိုတိုက်လာသည်။

သထုံလမ်းတစ်လျှောက်မှာ ကားအသွားအလာက ရှင်းနေသည်။ ညနေလေးနာရီခွဲပြီးပြီမို့လို့ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းတွေဘာတွေ ဆင်းသွားလို့ဖြစ်မည်။ ဘောလုံးကွင်းတွေဘက်ဆီက အသံတွေက တစ်ခါတစ်ရံ အဝေးသင်တက္ကသိုလ်ဘက်သို့ လွင့်ပျံလာနေသည်။ ကောင်းကင်မှာ မိုးသားတွေက အုံ့မှိုင်းနေသည်။ မိုးများရွာတော့မလား မသိ။

ဒီနေ့ကျမှ ဒဿနိက ဗေဒအချိန်ပိုင်းနည်းပြဆရာ ဦးမင်းနောင်က ဆရာဟိန်းလတ်နှင့် တွေ့ချင်သည်။ တစ်ခါမှ စကားမပြောဘူးဟုဆိုပြီး လိုက်ပို့ခိုင်းကာ မိတ်ဆက်ခိုင်းသဖြင့် ကျွန်တော့်မှာ ပညာရေးတက္ကသိုလ် သုတေသနဌာနတွင်ရှိနေသော ဆရာဟိန်းလတ်နှင့်တွေ့ပေးရပါသည်။ ပြီးတော့ လက်ဖက်ရည်ဆိုင်မှာ စကားတွေဘာတွေပြောပြီးမှ ဆရာဦးမင်းနောင်နှင့် ကျွန်တော် ပညာရေးတက္ကသိုလ်ကင်တင်းကနေ လမ်းလျှောက်ပြန်လာကြသည်။

'ဆရာ… ဆရာ့မှာ ထီးပါလား၊ မိုးရွာတော့မယ်၊ ကျွန်တော့်မှာတော့ ထီးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စောစောကထက်ကို မိုးသားမိုးရိပ်များ ပိုမို အုံ့မှိုင်းလာသော ကောင်းကင်ကြီးကို မော့ကြည့်ရင်းက ပြောစဉ်မှာပဲ လေကပိုတိုက်လာပြီး မိုးတွေရွာချလာပါသည်။ မိုးကရွာရွာချင်းမှာပဲ တော်တော်သည်းသည်။

ကျွန်တော်က လွယ်အိတ်ထဲက ထီးကိုအမြန်ထုတ်ဖို့လုပ်စဉ် ဆရာဦးမင်းနောင်က...

'ကိုရဲကျော်... ဘာဖြစ်လို့ အလိုအလျောက်ဖြစ်နေတဲ့ သဘာဝတရားကြီးကို ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ ကာကွယ်ချင်ရတာလဲ လွတ်လွတ်လပ်လပ် သဘာဝတရားကြီးကို ခံစားစမ်းပါ၊ ဒီလိုမျိုး ရေစက်တွေက ခန္ဓာကိုယ်ပေါ် ကျဆင်းနေတာကို စားသုံးစမ်းပါ လုံးဝ ထီးမဆောင်းနဲ့'

ကျွန်တော် နည်းနည်းစိတ်ညစ်သွားပါသည်။

'ဆရာကလည်း ဒီမှာစာအုပ်တွေ စိုကုန်ပြီ'

'ပြဲတော့ကော ဘာဖြစ်လဲ၊ အားလုံးဖြစ်ပျက်ပဲဟာ၊ စာအုပ်ထဲမှာ အကြောင်းအရာတွေ မထားပါနဲ့၊ ခေါင်းထဲမှာထည့်ဖို့လုပ်ပါ လာ... လာ... မိုးရေတွေနဲ့အတူ လမ်းမြန်မြန်လျှောက်ကြည့် ကတ္တရာလမ်းပေါ်ကရေနဲ့ ဖိနပ်နဲ့ထိတဲ့အသံဟာ ဂီတပဲ၊ နားထောင်ကြည့်'

ဆရာဦးမင်းနောင် စကားနားထောင်နေရင်းမှ လမ်းလျှောက်နေရသဖြင့် စကားသံတွေက မိုးသံနှင့်အတူ မသဲကွဲပါ။ လေကလည်း တိုက်၊ မိုးရေတွေကလည်းရွှဲနေသဖြင့် အတော့်ကိုချမ်းလာပါသည်။

ကိုယ့်မှာ ထီးပါလျက်သားနှင့် မဆောင်းရသည့်ကိန်း ဆိုက်နေပါသည်။

'လူတွေက ကံကြမ္မာရိုက်ချက်ဆိုတာကို နားမလည်ကြဘူး



...ခံတယ် ကိုရဲကျော်၊ ဟောဒီလို သဘာဝတရားကြီးအောက်မှာ ကျွန်တော်က ကဗျာတောင် ဖွဲ့ချင်နေသေးတယ်၊ သိပ်လှတဲ့ကဗျာဖြစ်မှာ'

ဆရာဦးမင်းနောင်က ပတ်ဝန်းကျင်ကို ကြည့်လိုက် သူ့ဒဿန တွေဖော်ထုတ်လိုက်နှင့် သူ့ကိုယ်သူ ကျေနပ်နေပါသည်။

'ဆရာ... ကျွန်တော့်အဆောင်နားရောက်လာပြီ၊ ဆရာ ကားနဲ့ပြီး ပြန်မှာလား'

'နေ... နေ... ကျွန်တော် အိမ်ကို လမ်းလျှောက်ပဲ ပြန်မယ်၊ တစ်ခါတလေ ရုပ်ဝတ္ထုပစ္စည်း သိပ်တွယ်တာနေရင် စွဲလမ်းစရာဖြစ်သွားမယ်'

ဆရာဦးမင်းနောင်က ကျွန်တော့်အနားကနေ ထွက်သွားပါသည်။ ကျွန်တော်လည်း အဆောင်သို့ သုတ်ခြေတင်ပြေးရပါတော့သည်။

အဆောင်သို့ရောက်သောအခါ အဝတ်အစားအမြန်လဲပြီး ပါရာစီတမော တစ်လုံး အမြန်သောက်ရသည်။ မရှေ့မီအိကနေ ရေနွေးပူပူတစ်ခွက်တောင်းသောက်ရပါသေးသည်။

✱

'မင်း တော်တော်ခံ့ဝေးတာပဲ ရဲကျော်ရာ၊ ဦးမင်းနောင် အကြောင်း မသိဘူးလား၊ သူက အချိန်ပိုင်းနည်းပြဆိုတော့ အတန်းရေတာကို မကျေနပ်ဘဲ ဘုကျနေတာ၊ ဌာနမှာ ပြောစမှတ်ပဲ၊ ဒီကြားထဲ သူ့မိန်းမနဲ့ စကားများ ယောက္ခမအိမ်မှာနေရတာ သူနဲ့မတည့်လို့ ဟိုက လမ်းစရိတ်မပေးဘာမပေးနဲ့ အိမ်ကနှင်ချထားတာ၊ ... လမ်းစရိတ်မရှိနဲ့ သူပြောချင်ရာပြောတာကို မင်းက သွားပြီးအဟုတ်

www.burmeseclassic.com



ထင်နေတာ၊ ဘာဖြစ်လဲ ကိုယ့်ထီးရှိတာ ကိုယ်ဆောင်းပေါ့'

ကျွန်တော်က ညနေကအဖြစ်အပျက်ကို ပြောပြသောအ(ခါ) တင်ကိုကိုက ကျွန်တော့်အား အဖြစ်မှန်ပြောပြပါတော့သည်။

'မသိဘူး ဖိုးတင်ကိုရာ၊ ငါ့မှာ စိတ်ကိုပျက်ရော၊ စဉ်းစ(ား) ကြည့်လေ၊ ထီးပါလျက်နဲ့လည်း မဆောင်းရ၊ ချမ်းကလည်းချမ်း သူ့စကားတွေလည်း နားထောင်ရနဲ့'

ကျွန်တော့်စကားအဆုံး တင်ကိုကိုက ပြုံးပါသည်။ သည် အချိန်မှာပဲ ဝမ်းသာအားရတက်ကြွသော ခြေလှမ်းတွေနှင့် ထွန်းလွ(င်) ဇော်က ရောက်ချလာပါသည်။

'နောက်ဆုံးနေ့ အစီအစဉ် အောင်ပြီဗျို့ အောင်ပြီ'

ထွန်းလွင်ဇော်က ဂုဏ်ယူဝင့်ကြွားစွာပြောရင်း ကျွန်တေ(ာ်) ထိုင်နေသော ဘေးနားမှာ ဝင်ထိုင်ပါသည်။

'ဘယ်လိုအောင်မြင်တာလဲ မောင်ထွန်းလွင်ဇော်ရဲ့ ဆ(က်) တွေကို ရှင်းပြပါဦး'

'ရှင်းမယ် ကိုတင်ကိုကိုရေ၊ ဒီလိုဗျ၊ ဒီနေ့ ကျွန်တော့်(ဆ) သူ ချောကလျာက ကျောင်းမလာဘူး၊ ကျွန်တော်လည်း ဘာလုပ်ရမ(ှန်း) မသိဘူး၊ သူ့အနေနဲ့ ပညာစမ်းတာလည်းဖြစ်နိုင်တယ်ဆိုပြီး ဘာ(လုပ်) ရမလဲ၊ သူငယ်ချင်းတွေနဲ့ သူ့အိမ်သွားတာပေါ့၊ D.H.L စာအိတ်ကြ(ီး) ထဲ နိုင်ငံခြားက ပစ္စည်းပို့သလို ပုံစံမျိုးနဲ့ အဲဒီအိတ်ထဲ စာထည့်ပြ(ီး) သူတို့အိမ်သွားတာပေါ့၊ ကျွန်တော်က မလှမ်းမကမ်းကနေ ကြည့်(နေ) တာ၊ သူ့ရဲ့အဖေလား မသိဘူး၊ D.H.L အိတ်လာယူတယ်၊ နိုင်ငံခြ(ား) က ပို့လိုက်တာဆိုပြီး ပေးရင်းက ပြန်လာခဲ့တယ်၊ နက်ဖြန်တော(့) ဘာတွေဆက်ဖြစ်မလဲ မသိဘူး'

ထွန်းလွင်ဇော်ရဲ့ သတ္တိကို ကျွန်တော် ချီးကျူးနေမိပါသည်။



'လုပ်ပါဦး ကိုရဲကျော်၊ တကယ်လို့ ချောကလျာက ကျွန် (တ)ော်မှန်းသိသွားတဲ့အခါ ကျွန်တော် ဘာဆက်လုပ်ရမလဲ'

'ဒီတစ်ခါတော့ ထွန်းလွင်ဇော်ကို ကျွန်တော်တုန်းကအလွဲ (မ)ျိုးအဖြစ်မခံနိုင်ပါ။

'တကယ်လို့ မင်းကို ချောကလျာက ဘာဖြစ်လို့ ဒီလိုပဟေဠိ (ဆ)န်ဆန်လုပ်တာလဲလို့ မေးရင် မင်း ဘာမှမကြောက်နဲ့၊ မင်းပြောရ (မှာ)က တည်တည်ငြိမ်ငြိမ်နဲ့ သူ့ကိုလူရှင်းတဲ့ဆိုင်တစ်ဆိုင်မှာ တစ်ခုခု (စား)ရင်း ပြောရအောင်ဆိုပြီး ခေါ်သွား၊ သူက မင်းကိုလက်ခံပြီး (လ)ိုက်လာရင် မင်း အောင်မြင်ပြီ'

ထွန်းလွင်ဇော်က ကျွန်တော်ပြောသော စကားတွေကို အသေ (အချ)ာ နားထောင်နေပါသည်။

'နေပါဦး ရဲကျော်ရ၊ နှစ်ယောက်ချင်း တွေ့ပါပြီတဲ့ ဘာပြော (မ)လဲ'

တင်ကိုကိုက အားမလိုအားမရပုံစံနှင့် ပြောပါသည်။

'ဘာပြောရမှာလဲဆိုတော့ ထွန်းလွင်ဇော် မင်းက မင်းမိဘရဲ့ (အ)ခြေအနေကို ပြောပြ၊ ကျွန်တော်က မိကောင်းဖခင်သားသမီးပါ၊ (ကျွန်)တော့်မှာလည်း နှမ၊ အစ်မရှိပါတယ်၊ တကယ်မြတ်နိုးလို့ ဒီလို (လုပ်)ခဲ့တာပါ၊ ဘာညာဆိုပြီး ယဉ်ယဉ်ကျေးကျေးပြော၊ ထူးခြားလာ (လိ)မ့်မယ်'

'ဒါဆို ဒီစကားပါ ထည့်ပြော ထွန်းလွင်ဇော်'

'ဘာစကားလဲ ကိုတင်ကိုကိုရ'

တင်ကိုကို မျက်နှာမှာ အမူအရာက ပြောင်းသွားသည်။ တစ်ခု (ခု)ကို ခံစားရသလိုပုံမျိုးနှင့်...

'တကယ်တော့ ဒီစကားက ငါက နိုင်နိုင်ဆိုတဲ့ (ချစ်)သူကို

www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ ရည်ရွယ်ထားတာ၊ အခုတော့ ထွန်းလွင်ဇော်ရာ မင်းအတွက် ဖြစ်ပြီပေါ့'

'ဖိုးတင်ကို ကြော်ငြာမထိုးနဲ့၊ ပြောစရာရှိတာပြောဗျာ'

ကျွန်တော်က စိတ်မရှည်တော့သဖြင့် လှမ်းပြောတော့မှ

'ဒီလိုပြောကွာ ချောကလျာရယ်…

*ကိုယ့်ဘဝရဲ့ လမင်းဟာ မင်းဖြစ်မှတော့*

*ကိုယ်ကမင်းထွန်းလင်းတဲ့နေရာ တကောက်ကောက်လိုက်ရ*

*မင်းလကွယ်ရင် လိုက်ကွယ်၊ မင်းလသာရင် ကိုယ်သာရ*

*ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က မင်းဖြစ်သွားပြီ*

အဲဒါကို အပီတစ်လုံးချင်း ချွေပေတော့'

ထွန်းလွင်ဇော်က တင်ကိုကိုပြောတာကို အသေးစိတ်မှ ထောင်နေပါသည်။ သူ့အစား ကျွန်တော် ရင်မောပါသည်။ သူ လောက်စကားတွေများတာ မှတ်မှမှတ်နိုင်ပါ့မလားလို့။

'ကြိုက်သွားပြီ ကိုတင်ကိုကို၊ လာ… လက်ဖက်ရည်ဆိုင် သွားမယ်၊ ဒီညအပြတ်အလွတ်ကျက်ဖြစ်မယ်၊ ဆိုင်ရောက်ရင်နော တစ်ခေါက်ထပ်ရွတ်ပြဦး'

'စိတ်ချ၊ ဒီစာသားတွေဟာ ကိုယ့်ရဲ့နှလုံးသားနဲ့ရင်းပြီး မ ကိုပေးဆပ်လိုက်တာ၊ မင်းတန်ဖိုးထားရင် ကျေနပ်ပြီ'

အရေးထဲ ထွန်းလွင်ဇော်က တင်ကိုကိုအား ထပ်ပင့်ပေးလို သလိုပြောလိုက်သဖြင့် တင်ကိုကိုက ရုပ်ကြမ်းကြီးနဲ့ နွဲ့သလို ပြောတာကို ကြည့်ပြီး ကျွန်တော် ရယ်ချင်သွားပါသည်။

လက်ဖက်ရည်ဆိုင်လည်းကြရော တင်ကိုကို ဘာတွေဘာ လောက်ခံစားရသလဲ မသိ။ အချစ်အကြောင်းတွေ သူကချည်း တာ လက်ဖက်ရည်တောင် မနည်းသောက်ခိုင်းရပါသည်။

*



ချန်ဆယ်လာ လက်ဖက်ရည်ဆိုင်သည် နေ့လည်ခင်းအချိန် ဖြစ်သေမယ့် လူကစည်ကားနေသည်။ လက်ဖက်ရည်စားပွဲဝိုင်းတိုင်းမှာ ကျောင်းသားတွေက သူ့အဖွဲ့နှင့်သူ ရယ်လိုက်မောလိုက် နောက်လိုက် ပြောင်လိုက်စကားပြောလိုက်နှင့် ရှိနေကြသည်။

ကျွန်တော်တို့ ထိုင်နေသော စားပွဲဝိုင်းက သစ်ပင်ကြီးအောက် မှာရှိသဖြင့် လမ်းနှင့်ခြံစည်းရိုးသာ ခြားသဖြင့် မြင်ကွင်းတွေကို ပြတ် ပြတ်သားသား မြင်နေရသည်။

ကျောင်းသူတွေများ ပြင်တတ်ဆင်တတ်လို့လား မသိ။ ကျွန် တော်တို့အဖို့ ကြည့်လို့တော်တော်ကောင်းနေပါသည်။

'ငါတို့များကွာ၊ ဘယ်ဘဝက အတိတ်ကံက သူများတွေကို နောလိုလို့လားမသိဘူး၊ တက္ကသိုလ်မှာ ဒီလောက်အချောအလှတွေပေါ တာ၊ တစ်ယောက်မှ ရည်းစားအဖြစ်မရခဲ့တာ တော်တော်လူညံ့တုံး ပြီ'

အောင်နိုင်ဦးက တက္ကသိုလ်စာကြည့်တိုက်ရှေ့က ကံ့ကော်ပင် တွေအောက်ရှိ ထိုင်ခုံမှာထိုင်နေကြသော ကျောင်းသားသမီးရည်းစား စုံတွဲအချို့ ထိုင်နေသည်ကို ကြည့်ရင်းက အားမလို အားမရလေသံနှင့် ပြောလိုက်သည်။

'ဟေ့ကောင်… ရဲကျော် ဟိုအတွဲကိုကြည့်စမ်း၊ အဲဒီကျောင်း သူရဲ့ရည်းစားရုပ်က ငါ့ရုပ်နဲ့ ဒသမကိုးကိုးလောက် လှရင်မပြောပါ ဘူးကွာ၊ ဒီကျောင်းသူအလှစစ်အလှမှန်ကို မရွေးတတ်သေးဘူးထင် တယ်'

တင်ကိုကိုက မခံချင်သည့်လေသံမျိုးနှင့် ထပ်ပြောပြန်ပါ သည်။ ကျွန်တော်ကတော့ ထိုကံ့ကော်ပင်အောက်က ထိုင်ခုံတွေကို ကြည့်ရင်းက ဘာရယ်လို့မှန်းမသိ။ လွိုင့်ကို သတိရသလိုဖြစ်သွား သဖြင့် မနည်းအာရုံတွေကို ပြန်ဖျောက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့… လူတွေ'

ရုတ်တရက်ဆိုသလို ခေါ်သံကြားသဖြင့် ကျွန်တော်တို့တ[…] တွေ ပြိုင်တူလှမ်းကြည့်လိုက်သောအခါ ထွန်းလွင်ဇော်က ကျွန်တေ[ာ်] တို့စားပွဲဝိုင်းရှိရာသို့ ရောက်လာပါသည်။ သူ့ရုပ်ရည်ကို ကြည့်ရသည် မှာ ကြည်နူးနေသည့်ပုံစံမျိုးဖြစ်သည်။

'ခင်ဗျားတို့စီစဉ်ပေးတဲ့ စစ်ဆင်ရေး ဒီနေ့ အောင်မြင်သွားပြ[ီ]'

'ဘယ်လိုအောင်မြင်တာလဲကွ'

တင်ကိုကိုက သိလိုဇောနှင့်မေးပါသည်။

'မနေ့က ချောကလျာတို့အိမ်ကို D.H.L စာအိတ်နဲ့ စာပ[ို့] တယ်လေ၊ ဒီတော့ ကျွန်တော့်ဓာတ်ပုံ ခုနစ်ပိုင်းပိုင်းထားတာ ဆက[်] ကြည့်တော့ ပုံပေါ်သွားတာ ကျွန်တော်မှန်း သိသွားတာပေါ့၊ ဒါ[…] စာသင်ခန်းလည်းရောက်ရော ကျွန်တော့်ကိုမြင်တော့ အတန်းအပြင[်] ဘက်ထွက်လာပြီး ဘယ်လိုဖြစ်လို့ ဒီလိုလုပ်တာလဲမေးတယ်၊ ဒီတော့ ကျွန်တော်က ကိုရဲကျော်ပြောတဲ့အတိုင်း ဆိုင်တစ်ဆိုင်ကို လိုက်မလာ[း] လို့ ခွင့်ပန်ရင်းက ကျောင်းကွေ့ကားမှတ်တိုင်ဆိုင်ရှေ့က လက်ဖက်ရည် ဆိုင်ကို ခေါ်လာတယ်၊ အဲဒီရောက်မှ ခင်ဗျားတို့ပြောတဲ့အတိုင်း ကျွန်တော်က တစ်လုံးမကျန် ရင်ဖွင့်တာ ချောကလျာ ဘာမှမပြော နိုင်ဘူး၊ ပြန်ခါနီးမှ ကျွန်တော့်ကိုပြောတယ်၊ မိန်းမသားဆိုတာ အဲဒီလို မျိုး ရင်ခုန်တာမျိုးလေးတွေကို သဘောကျတာတဲ့၊ ကျွန်တော်က အဖြေ တောင်းတော့ နေပါဦးတဲ့၊ ခဏစောင့်ပါတဲ့'

တင်ကိုကိုက စားပွဲခုံကို လက်နှင့်ပုတ်လိုက်ရင်းက

'သေချာပြီ ထွန်းလွင်ဇော်၊ မကြာတော့မယ့်အချိန်မှာ မင်းနဲ့ ချောကလျာ ချစ်သူဖြစ်ပြီ၊ ကွာတယ်ကွာ၊ ရဲကျော် အဲဒီဆိုင်မှာ ပထမ နှစ်ကျောင်းသားတုန်းက မင်းနဲ့သွဲ့နဲ့တုန်းကလေ'



တင်ကိုကိုက အတိတ်ကို ပြန်တူးဆွပါသည်။ ဒါတို ထွန်း လွင်ဇော်က မသိသဖြင့်…

'ဘယ်လိုကွာတာလဲ ကိုတင်ကိုကိုရ'

'ဒီလိုဟော့ ရဲကျော်တုန်းက သူနဲ့ အိစီကလီဖြစ်တဲ့ သွဲ့ကို မင်းထိုင်တဲ့ ဆိုင်မှာအတူတူထိုင်ပြီး ရည်းစားစကားမပြောဘဲ ပုံပြော တယ်လေ၊ နောက်တော့ အဲဒီသွဲ့က အရပ်ထဲက ကောင်လေးနဲ့ခိုး ပြေးပါရောလားကွာ၊ ဒီကောင်ဘယ်လောက်ညံ့လဲ'

တင်ကိုကို့စကားကို ကျွန်တော် ဘာမှဝေဖန်ချက်မပေးချင် တော့ပါ။ အတိတ်သည် ပြီးခဲ့ပါပြီ။ ပစ္စုပ္ပန်မှာ မိမိမျှော်မှန်းတာကို ရခဲ့သည့် ထွန်းလွင်ဇော်အတွက်ပဲ ချီးကျူးဂုဏ်ပြုစကားဆိုရပါတော့ သည်။

'ထွန်းလွင်ဇော် အမြဲတမ်းပဲ မင်းက ငါတို့ကို ကျွေးနေတာ၊ ဒီနေ့တော့ မင်းရဲ့အောင်မြင်မှုအတွက် ငါ ဂုဏ်ပြုမယ်၊ မင်း ဘာစား လဲ၊ မင်းဘဝမှာ မင်း ကံထူးပါတယ်ကွာ၊ ကိုယ်နဲ့ထိုက်တန်တဲ့ ချစ်သင့်ချစ်ထိုက်သူကို မင်းလက်ဝယ်ပိုင်ဆိုင်ရတာ အဲဒီပိုင်ဆိုင်ရသူက သည်း မင်းမြတ်နိုးရတဲ့သူဆိုတော့ မင်းလောက်ကံကောင်းတာ ရှိ လား၊ ကြိုးကြိုးစားစား မြတ်မြတ်နိုးနိုးရတဲ့ချစ်သူကို တန်ဖိုးထားပါ ကွာ၊ ဒါဆို မင်းတို့ရဲ့အနာဂတ်ဟာ သိပ်တန်ဖိုးရှိမှာ'

'စိတ်ချ ကိုရဲကျော်၊ ခင်ဗျားတို့ရဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ဘူး'

'ဒါဆို လက်ဖက်ရည်တစ်ခွက်ဟော့'

ကျွန်တော်က လဖက်ရည်တစ်ခွက် လှမ်းမှာလိုက်ပါသည်။

လက်ဖက်ရည်ခွက်ကို ချန်စယ်လာလက်ဖက်ရည်ဆိုင်ပိုင်ရှင် အိုလင်းကို ကိုယ်တိုင် လာချပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ ဘာတွေတိုင်ပင်နေတာလဲဗျ။ ကျွန်တော် လှမ်းကြည့်နေတာ တစ်ခုခုကို တိုင်ပင်နေသလိုပဲ'

'မဟုတ်ဘူး ကိုလင်းကိုရေ။ ဟောဒီက ထွန်းလွင်ဆော်အောင်ပွဲကို ခံစားနေတာ'

'ဘယ်လိုအောင်ပွဲလဲ ကိုရဲကျော်ရဲ့'

ကျွန်တော်က တင်ကိုကိုအား…

'ဖိုးတင်ကို ခင်ဗျားပဲ ရှင်းပြတော့ဗျာ'

'ဒီလို ကိုလင်းကိုရေ …'

တင်ကိုကိုက အစအဆုံး ဖတ်စုံခင်းပြသောအခါ ကိုလင်းကိုက …

'ဪ… ဒီလိုလား၊ ကျွန်တော်ကလည်း ခင်ဗျားတို့ရဲ့ အစွမ်းအစကူညီမှုကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီလက်ဖက်ရည်ဝိုင်းဖိုးမပေးဘူး၊ အချစ်ကို ဂုဏ်ပြုတာပေါ့ဗျာ'

'ဟေး'

ကျွန်တော်တို့အားလုံးဝိုင်းပြီး အော်ဟစ်လိုက်ရင်းက လက်ခုပ်တီးတာ ဘေးဝိုင်းက ကျောင်းသားတွေကပါ ဝိုင်းကြည့်ကြပါသည်။

'ခင်ဗျားတို့က သူများတွေရဲ့ အချစ်ရေးကိစ္စတွေချည်း မ…ညီနိုင်း အောင်သွယ်မလုပ်နဲ့ဦး၊ တော်ကြာ ပညတ်သွားရာ တ…သတ်ပါဦးသလို မစွံဘဲ နေဦးမယ်'

ကိုလင်းကို စကားက ကျွန်တော်၊ တင်ကိုကိုနှင့် အောင်နိုင်တို့သုံးယောက်စလုံး Heart ကို တန်းထိသဖြင့် သုံးယောက်စလုံး သွားဖြဲပြရုံမှလွဲ၍ ဘာမှမပြောနိုင်တော့ပါ။

■

ဖန်တီးသူဆိုတာ
ပရိသတ်လက်ခုပ်တီးရင်
ကျေနပ်ဘဝင်မြင့်ရတာကိုက
အရသာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ဝေယံလင်းက သည်ကိစ္စကိုအစောကြီးကတည်းက ပြောဖို့ ကောင်းသည်။ အခုတော့ ရက်ကနှစ်ရက်သာလိုတော့သည်။

ဖြစ်ပုံကသည်လို…

သတ္တဗေဒကျောင်းသားတွေက ဓိန်ရတုအကြို အာစရိယပူဇော်ပွဲလုပ်ဖို့ ကျွန်တော်တို့သထုံဆောင် ထမင်းစားဆောင်မှာ သီချင်းတိုက်ဖို့ လုပ်ကြသည်။ သည်မှာတင် ကျွန်တော်တို့နှင့် ခင်သော အဆောင်မှ သတ္တဗေဒဂုဏ်ထူးတန်းကျောင်းသား အချို့က မေဂျာအသင်းအဖွဲ့မှာပါသဖြင့် တေးသရုပ်ဖော် ရယ်စရာတေးသီချင်းတစ်ပုဒ် တင်ဆက်ချင်သည်ဟု ပြောသည်။ ဒါကို ဝေယံလင်းက ဖြစ်သည်ဆို ပြီး ကျွန်တော်နှင့် တွေ့ပေးသည်။

မည်သည့်သီချင်းနှင့် တေးသရုပ်ဖော်လုပ်ချင်သလဲ မေးတော့ ဘာသီချင်းမှ မစီစဉ်ရသေးဟု ပြောသည်။

သည်အချိန်မှာပဲ သတ္တဗေဒ ဂုဏ်ထူးတန်းဒုတိယနှစ်ကျောင်းသူ ခင်အလီမှာကို ကျွန်တော်က မြင်မိသွားသည်။ သူက ရန်ကုန် အတ္တသိုလ် နယ်မြေမှာကတည်းက အနုပညာအသင်းဝင်ဖြေဖျော်ရေး ခင်းရောက်ကပြသူဖြစ်သည်။ ခန္ဓာကိုယ်က အတော်ဝသည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သတ္တုဗေဒဌာနမှာ စတုတ္ထနှစ်ကျောင်းသားများဖြစ်သော မှန်ကြောင်တို့အုပ်စုလည်းရှိသည်။

ထို့ကြောင့် စိုးပိုင်နှင့် နွဲ့ယဉ်ဝင်းတို့ သီဆိုခဲ့သော ဥမ္မာဒန္တီသီချင်းကို သတိရမိသွားသည်။ မှန်ကြောင်တို့အုပ်စုနှင့် ခင်အလိမ္မာတို့ခေါ်တွေ့ပြီး ကျွန်တော်က ရှင်းပြသည်။

'ခင်အလိမ္မာ နင်က ဥမ္မာဒန္တီလုပ်ရမယ်၊ ဟော့ရှော့ဝတ်မျက်နှာကို နှုတ်ခမ်းနီတွေဘာတွေနဲ့ ရုပ်ဆိုးအောင်လုပ်၊ နင့်ရဲ့အပျိုရံလုပ်မယ့် ကျောင်းသူချောချောတွေကိုရှာ၊ သီဝိမင်းက မှန်ကြောင်လုပ်မယ်၊ မှန်ကြောင်ကပိန်တော့ ရှေ့ပင်ဝတ်၊ ဘုရင်ပုံစံမျိုးလုပ်၊ ဝေါကင်းရှူးစီး၊ မင်းရဲ့မျက်မှန်ကို မချွတ်နဲ့၊ လက်ထဲမှာသံလျက်နဲ့ မကိုင်နဲ့တုကို ကိုင်မယ်၊ ထီးမိုးမယ့်သူ သုံးယောက်ကို မိုးနိုင်း၊ ဥမ္မာဒန္တီလုပ်မယ့် ခင်အလိမ္မာက သီဝိမင်းရှေ့ရောက်ရင် ထက်ထက်မိုးဦး ပြက္ခဒိန်ဆို မျက်နှာမှာအုပ်ထား၊ သီဝိမင်းက ထက်ထက်မိုးဦးမှတ်လို့ အနားအပ်မှ မျက်နှာကပြက္ခဒိန်ကို ခွာချ၊ သီဝိ တက်မယ်၊ အပျိုတော်ရံတွေ့ရင် သီဝိ သတိပြန်ရမယ်၊ အဲဒါကို သီချင်းပြီးတဲ့အထိသရုပ်ဆောင်မယ်၊ သီချင်းပြီးတော့ သီဝိမှန်ကြောင်ကို ဥမ္မာဒန္တီကချိုး ခိုးပြေး၊ မယုံရင်ကြည့် ရယ်ကိုရယ်ရမယ်'

ကျွန်တော့်စကားကို တက်တက်ကြွကြွ နားထောင်နေသော မှန်ကြောင်တို့အုပ်စုနှင့် ခင်အလိမ္မာတို့က ပြုံးရင်းမှ...

'မဟုတ်ဘူး၊ နက်ဖြန် သီချင်းခွေ ရှာလာမယ်၊ ပါချင်တဲ့သူယောင်းမတွေပါ ခေါ်လာမယ်'

'ရဲဘော်... ငါတို့ဘက်က စိတ်ချ၊ အဝီပြင်ကို မျက်နှာပြောင်ပြမယ်၊ ဆုတွေ့ရင်တော့ ပွဲကပြီးပြီ'

မှန်ကြောင်ကလည်း အဝီအပြင်နွဲ့မည့်ပုံ ပေါ်နေပါသည်။



ကျွန်တော်ကတော့ ပိန်ပိန်သေးသေး လူ့ဗလံမှန်ကြောင်နှင့် ဝဝတုတ်တုတ်ခင်အလိမ္မာတို့၏ ဆန့်ကျင်ဘက်စုံတွဲကိုကြည့်ပြီး သည်အစီအစဉ်တော့ အောင်မြင်ပြီလို့။

★

*'ရာဇဝင်မှာတော့ စာတင်၊ ရှင်ဘုရင်ကြီးတစ်ပါး... ဆင်ဖြူကိုစီးပြီးတော့ မြို့တွင်းကိုလှည့်လာ'*

သတိုးဆောင် ထမင်းစားဆောင်မှာ ဥမ္မာဒန္တီသီချင်းသံက ပျံ့လွင့်နေသည်။ သည်တေးသရုပ်ဖော်ကတ္တာက ရှယ်ဟုပဲ ပြောရမည်။ ဥမ္မာဒန္တီအဖြစ် သရုပ်ဆောင်သော ခင်အလိမ္မာသာမက သူငယ်ချင်းမတွေကလည်း ကောင်းကောင်းသရုပ်ဆောင်နိုင်သည်။ မှန်ကြောင်တို့အုပ်စုကလည်း အတော့်ကို မျက်နှာပြောင်လောက်အောင် သရုပ်ဆောင်နိုင်သည်။ နှစ်ရက်အတွင်း ဇာတ်တိုက်ရတာဖြစ်သဖြင့် တင်ကိုကိုအား အကူအညီခေါ်ထားရသည်။

တင်ကိုကိုခမျာ ငြင်းရှာပါသည်။ ကူညီပါဆိုသည်နှင့် အတန်းတောင် မတက်တော့ဘဲ ကျွန်တော်နှင့်အတူ ဝိုင်းကူညီ ညွှန်ကြားပေးပါသည်။

'ညီမလေး ဒါမျိုးလေးပြုံးလိုက်'

'ဟော... ဟိုက ညီမ ဒီလိုကွာ ကိုယ်ပြောပြမယ်၊ တေးသရုပ်ဖော်ဟာသဆိုတာ အိုဗာနည်းနည်းပါရတယ်'

'ဒီက ညီမငယ် ဥမ္မာဒန္တီနောက်က ဟောဒီလို မျက်နှာလေးနဲ့လိုက်'

အထက်ပါ စကားသံများက တေးသရုပ်ဖော် ဇာတ်တိုက်နေသည့် နှစ်ရက်အတော်အတွင်းမှာ တင်ကိုကိုထံမှ ဇာတ်တိုက်သို့သင်

www.burmeseclassic.com

www.burmeseclassic.com



ကြားနေသော စကားသံတွေပင်ဖြစ်ပါသည်။ တင်ကိုကိုတို့ မျက်နှာကြီးက ဖွားရည်လောင်းထားသလို အတော့်ကို ချိုမြနေပါသည်။

တေးသရုပ်ဖော်ဇာတ်တိုက်သော နှစ်ရက်အတွင်း တင်ကိုကိုက ကျွန်တော့်ကို ထမင်းလည်းကျွေးသည်။ လက်ဖက်ရည်လည်း တိုက်သဖြင့် ကျွန်တော့်မှာ အတော့်ကို အံ့အားသင့်နေမိပါတော့သည်။

★

ရန်ကုန်တက္ကသိုလ် အပန်းဖြေခန်းမ (R.C) ထဲမှာ စည်ကားလို့နေသည်။ နေ့လည်ခင်းပေမယ့် ပူအိုက်နေတာကို မည်သူမှမှုသည်မထင်။ သတ္တဗေဒဌာနဆရာကန်တော့ပွဲမှာ တီးဝိုင်းက ဖြေဖျော်လို့ ကျောင်းသားတွေ တစ်ဝက်လောက် သီဆိုပြီးချိန်မှာ တေးသရုပ်ဖော်ကဏ္ဍစပါသည်။ သည်အစီအစဉ်မှာ မည်သူတွေပါဝင်လို့ မည်သို့သရုပ်ဆောင်မည်ကို ကျောင်းသားအတော်များများ မသိကြသေးပါ။

'ဥမ္မာဒန္တီ' သီချင်း စဖွင့်သောအခါ မှန်ကြောင်က ဘုရင်ဦးသျှောင်၊ ဟတ်ပင်၊ ဒေါက်တာမာတင်ဘိနပ်၊ တီရှပ်ဝတ်ပြီး လက်ထဲ ဘုကိုကိုင်ကာ ချာလီထီးမိုးပေးသော မိုးဝင်းတို့အုပ်စုနှင့် ထွက်လာသောအခါ ပရိသတ်က ရယ်ပါတော့သည်။ ထိုအချိန်မှာပဲ ခင်အလီမှာက မျက်နှာကို ထက်ထက်မိုးဦးပြက္ခဒိန်အဖုံးအုပ်ထားပြီး အပျိုရံကျောင်းသူများနှင့် ထွက်လာရင်းက ပရိသတ်ဘက်သို့ ထက်ထက်မိုးဦး ပြက္ခဒိန်ခွာ၍ပြလိုက်သောအခါ နှုတ်ခမ်းနီရဲရဲကို ပါးစပ်ထိဆိုးထားပြီး မျက်နှာကို မိတ်ကပ်ထူလပျစ်ပေါင်ဒါအဖွေးသားနှင့် ရုပ်ဆိုးအောင်ပြင်ထားသည့် ဝဝတုတ်တုတ်ခန္ဓာကိုယ်ကြီးအား ခါပြလိုက်သောအခါ ပရိသတ်တွေက ရယ်ရုံမက လက်ခုပ်လက်ဝါးတွေပါ တီးကြပါတော့သည်။



ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဆရာ၊ ဆရာမများပင် မနေနိုင်တော့ပါ။ လက်ခုပ်တွေတီးပြီး ရယ်ကုန်ကြပါသည်။

မှန်ကြောင်သီဝိက ဥမ္မာဒန္တီခင်လီမှာနောက်က ကျောင်းသူတွေကို မိုးသလိုလုပ်၊ ရုပ်ဆိုးသော ဥမ္မာဒန္တီခင်လီမှာလိုက်ဆွဲ သီဝိမှန်ကြောင်က ထွက်ပြေး။ ထီးမိုးသူတွေက အပျိုရံတွေနှင့် လက်ချင်းတွဲပြီ သီဝိဘုရင် ခြေဆောင့်ပြီး ကလေးတွေလဲ့ချသလိုလုပ်ရင်း နောက်ကောက် ဥမ္မာဒန္တီက တွဲထူပြီးလာချော့။ သီဝိမှန်ကြောင်က ထွက်ပြေးနှင့် ကပြနေကြတာ ရယ်သံတွေက အပန်းဖြေခန်းမတစ်ခုလုံး လွှမ်းလွှင့်ရုံသာမက လက်ခုပ်သံတွေကလည်း ညံစီနေပါတော့သည်။

ဇာတ်ဆရာအဖြစ် သင်ကြားပြသပေးသော ကျွန်တော်နှင့် တင်ကိုကိုတို့နှစ်ယောက် အကျေနပ်ကြီးကျေနပ်နေကြပါသည်။ ဥမ္မာဒန္တီတေးသရုပ်ဖော်ကပြပြီးသောအခါ ဆုတော်ငွေငါးထောင်ရပါသည်။

ပါဝင်သရုပ်ဆောင်သူတွေနှင့် ကျွန်တော်၊ တင်ကိုကိုတို့ ဓာတ်ပုံအရိုက်ခံတာ အကယ်ဒမီဆုတွေရလို့ ဓာတ်ပုံတွေရိုက်သည့်အစားမှုမျိုး ဖြစ်နေပါတော့သည်။

★

'သြော်… ဇာတ်ဆရာက ဘယ်သူလဲမှတ်တယ်၊ ဈေးသည်ကြီးကို၊ ကျွန်မကိုကော မှတ်မိလား'

ချမ်းစယ်လာ လက်ဖက်ရည်ဆိုင်မှာ တေးသရုပ်ဖော်ကပြပြီးသွားလို့ပါဝင်သူတွေကော ကျွန်တော်နှင့် တင်ကိုကိုပါ စားသောက်နေတုန်း ကပြစဉ်အခါက ဥမ္မာဒန္တီ၏ အပျိုရံရွှေတော်လုပ်သူ ကျောင်းသူတစ်ဦးနှင့်အတူ အဖော်အဖြစ်လိုက်ပါသူက ပြောလိုက်သဖြင့် ကျွန်တော်က ကြည့်လိုက်မိပြီး အတော့်ကို စဉ်းစားနေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ မှတ်မိသွားပါသည်။

'ဟုတ်ပြီ၊ မှတ်မိပြီ၊ ကျွန်တော် ပထမနှစ်ကျောင်းသားဘဝ တုန်းက မုန့်ရောင်းတုန်း ကားပေါ်က ဦးလေးကြီးတစ်ယောက်က မုန့်ဝယ်ပြီး ကားထဲက သူ့သမီးကို ပြောတာလေ၊ အဲဒါ ခင်ဗျားကိုး။ အဲဒီတုန်းက ခင်ဗျားက ကားနောက်ခန်းမှာလေ'

'ဘယ်ဆိုးလို့လဲ၊ ရှင်က မှတ်ဉာဏ်တော့ တော်တော်ကောင်း တာပဲ'

ထိုကျောင်းသူက ပြောရင်း ရယ်နေပါသည်။ ကျွန်သည့်သူ တွေ့ဟလည်း ကျွန်တော်နှင့် ထိုကျောင်းသူပြောနေဆိုနေတာကို စူး စမ်းသလိုမျိုး ကြည့်နေပါသည်။

'ဟဲ့... အဲဒါ ကိုရဲကျော်လေ၊ သထုံဆောင်မှာနေတာ အင်္ဂလိပ်စာ ဖိုင်နယ်က'

'ကိုရဲကျော်... သူက စောစောက ကတဲ့ သီဂီဇော်ရဲ့ သူငယ် ချင်းလေ စီးပွားရေးတက္ကသိုလ်က ဖိုင်နယ်ပဲ၊ မွှန်မွှန်ဦးတဲ့'

ခင်အလိမ္မာက ကြားထဲကနေဝင်ပြီး မိတ်ဆက်ပေးသည်။

'ခင်အလိမ္မာရေ ပြောမနေနဲ့၊ ကျွန်မရဲ့အဖေက သူ့ကိုဘယ် လောက်ချီးကျူးသလဲဆို ဒီနေ့ထိ တဖွဖွ ချီးကျူးလို့မဆုံးဘဲ သတိရ တိုင်း ပြန်ပြောတာ၊ ဒီနေ့အိမ်ရောက်ရင်တော့ ဖေဖေ့ကိုပြောပြရဦး မယ်'

အဲဒီနောက်တော့ ကျွန်တော်တို့ စားစရာရှိတာတွေ စားလိုက် စကားတွေပြောလိုက်၊ ဓာတ်ဆရာဖြစ်သော ကျွန်တော့်ကို ချီးကျူး လိုက်နှင့် ကျွန်တော့်မှာ ဘာကိုဂုဏ်ယူရမှန်းမသိ ဖြစ်နေပါတော့သည်။

ဖန်တီးသူဆိုတာ ကြည်နူးမှုကို စားသုံးတယ်ဆိုတာကို ကျွန် တော် ကောင်းကောင်းကြီး သဘောပေါက်လာခဲ့မိပါ၏။

■

ကိုယ်လုပ်ချင်တာ လုပ်ရတာကို
ကိုယ့်ကြည်နူးမှု
ကိုယ်စားသုံးရင်း
ကျေနပ်စရာတွေက
ဘဝမှာ ငွေနဲ့
ဘယ်လိုမှဝယ်လို့မရ၊

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

သရဖူမဂ္ဂဇင်းတွင်ပါဝင်သော ကျွန်တော်တို့၏ 'ခေတ်လူငယ်တို့၏ အနုပညာခံစားမှုအိုင်ကျူ' ကဏ္ဍက ပထမ ပါဝင်သောလမှာပင် ဝေဖန်သံတွေ ဘာတွေနှင့် စီခဲ ညံစီကုန်ပါတော့သည်။ ဒုတိယလအတွက် ကျွန်တော်က စီစဉ်ပေးသောအခါမှာတော့ မှန်လွှမ်းလို့ ပွဲဆူကန်ပြီး ထိုကဏ္ဍကို စာဖတ်ပရိသတ်ခဲတော်တော်များများက စိတ်ဝင်စားလာပါသည်။

ထိုအချိန်မှာပဲ ဆရာဟိန်းလတ်က ကျွန်တော်တို့အုပ်စုကို ရတနာသစ်မဂ္ဂဇင်းမှ အယ်ဒီတာချုပ်သီဟအောင်နှင့် မိတ်ဆက်ပေးရင်း ထိုမဂ္ဂဇင်းမှာ ကျွန်တော်တို့အုပ်စု 'ဟားတာများတာ အားနာပါးနာ' ကဏ္ဍကို စတင်ခဲ့ပါသည်။ ထွက်ပေါ်နေသော လုံးချင်းဝတ္ထုများကို ဝေဖန်သောကဏ္ဍ ဖြစ်ပါသည်။

ထိုကဏ္ဍလည်း အောင်မြင်သည်ဟု ပြောရမည်ဖြစ်ပါသည်။ ထို့အပြင် ဆရာဟိန်းလတ်ကျေးဇူးကြောင့် စာပေနယ်မှ လူအများနှင့် သိကျွမ်းခဲ့ပြီး ဝင်ဆန့်လာခဲ့ပါသည်။

ကိုကိုမြင့် ထုတ်ဝေသော '၉၅ စာစုများ' စာအုပ်လည်း ထွက်လာသောအခါ မိမိကိုယ်မိမိ စာရေးဆရာဖြစ်ပြီဆိုပြီးအထင်ကြွေ ဘာတွေကြီးကာ အတော့်ကို ဟုတ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အချိန်မှာပဲ ချွန်စယ်လာလက်ဖက်ရည်ဆိုင်မှာ '၉၅ စာစုများ' ထဲမှ 'ရိုးစင်းသော အချစ်ဇာတ်လမ်း' ဝတ္ထုကို ကျွန်တော် ဘယ်နှကြိမ်မြောက်မှန်းမသိ ဖတ်နေစဉ်မှာပင်…

'ရော့… ဒီမှာ လက်မှတ်ထိုးပေး၊ ၉၅ စာစုများ စာအုပ်ကို ကောရာဇ်တို့၏ ဘဏ္ဍာတိုက်စာအုပ်ဆိုင်က ဝယ်လာတာ'

ကျွန်တော်ရှိနေသော စားပွဲပေါ်ကို စာအုပ်ပစ်ချပြီး မွန်မွန် ဦး ဝင်ထိုင်ရင်းမှ ပြောလိုက်သဖြင့် ကျွန်တော် အံ့အားသင့်သွားပါ သည်။ ကျွန်တော်လည်း လွယ်အိတ်ထဲမှ ဘောပင်ကိုထုတ်ကာ သူ ဝယ်သောစာအုပ်ထဲမှာ လက်မှတ်ထိုးပေးလိုက်ပါသည်။

'ဒါနဲ့ မေးရဦးမယ်၊ ထားခင်ခင်က ရှင့်ရည်းစားလား၊ ကျွန်မ ကတော့ မထင်ဘူး၊ ရှင်ဖြစ်ချင်တာတွေကို အတင်းပုံဖော်ပြီး ဇာတ် ကောင်ဖန်တီးထားတာ ဖြစ်ရမယ်'

မွန်မွန်ဦးက ဝတ္ထုဖတ်ပြီး သွားလို့လားမသိ။ ကျွန်တော့်ကို ဝေဖန်ပါသည်။

'မှန်ပါတယ်၊ ကျွန်တော်ဖြစ်ချင်တဲ့ ဇာတ်ကားကို ရေးထား တာပါ'

'ဒါဆို ရှင့်ဘဝမှာ အဲဒီထားခင်ခင်မျိုးနဲ့ တွေ့မယ်လို့ ထင် လား'

'အနာဂတ်ကို ဘယ်သူမှမသိတာ၊ ကျွန်တော်က ဘာပြောရ မှာလဲ'

မွန်မွန်ဦးက ပြုံးလိုက်ရင်းမှ…

'သြော်… ရှင်နဲ့တွေ့တဲ့အကြောင်း ဖေဖေ့ကိုတောင် ပြော မိသေးတယ်၊ ဖေဖေကတောင် အံ့အားသင့်နေသေးရဲ့'

'ဟုတ်လား'



ကျွန်တော်က အသိအမှတ်ပြုသည့် ပုံစံမျိုးနှင့် ခေါင်းညိတ်ပြ ပါသည်။ မွန်မွန်ဦးက အအေးသောက်မည်ဟုပြောသဖြင့် ကျွန်တော် အအေးမှာပေးရပါသည်။ အအေးသောက်နေရင်း မွန်မွန်ဦး မျက်လုံး တွေက မရပ်မနား ဖြတ်သွားဖြတ်လာကျောင်းသားများအား အကဲခပ် နေပါသည်။ ကျွန်တော့်မှာ မိန်းမသားတစ်ဦးက ထိုအပြုအမူမျိုး ပြုမူ သည်ကို ယခုမှ မြင်ဖူးသဖြင့် နည်းနည်းထူးဆန်းသလို ဖြစ်နေပါ သည်။

'ကဲ… ကျွန်မ သွားဦးမယ်၊ ကိုရဲကျော် ရှင်းလိုက်နော်'

အအေးသောက်ပြီးသောအခါ မွန်မွန်ဦးက ကောက်ခါငင်ခါ နှင့် ပြောပြီး ကျွန်တော့်စားပွဲဝိုင်းမှ ထွက်ခွာသွားပါသည်။ ထိုအချိန်မှာ ပဲ ဝေယံလင်းက ရောက်ချလာပါသည်။

'ကိုကြီးကျော်… စောစောက ကျောင်းသူက စီးပွားရေး ဘဏ္ဍာသိုလ်က မွန်မွန်ဦးပဲ'

ကျွန်တော်က ခေါင်းညိတ်ပြသောအခါ ဝေယံလင်းက…

'ကိုကြီးကျော်နဲ့ အဲဒီမွန်မွန်ဦး ဘယ်လိုပတ်သက်တာလဲ'

ကျွန်တော်က ဖြစ်ကြောင်းကုန်စင် ရှင်းပြပြီးသောအခါ ဝေယံ လင်းက…

'မွန်မွန်ဦးကို သွားမပတ်သက်နဲ့နော်၊ သူက နာမည်ကြီးပဲ၊ ဘဏ္ဍာသိုလ်မှာ နည်းနည်းလူစိတ်ဝင်စားခံရတဲ့ ယောက်ျားလေးကျောင်း သားတွေကို အိစီကလီလုပ်တယ်၊ ရည်းစားလည်းများတယ်၊ ဘယ် ကျောင်းသားက ပေါ်ပြူလာဖြစ်မလဲ၊ သူက ဝင်ရောတတ်တယ်၊ ကိုကြီးကျော် သတိထားနော်၊ တော်ကြာ ကိုကြီးကျော်ကို အသုံးချပြီး ကိုကြီးကျော် ငပေါကြီးဖြစ်သွားဦးမယ်'

ဝေယံလင်းက ကျွန်တော့်ကို သတိပေးစကားဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ သိပါတယ်ကွာ၊ ရှောချဲ့ဆန့်တာယာ ပြောဖူးတယ် အတိတ်ကို မှတ်မထားတတ်တဲ့ လူတွေဟာ ဒီအတိုင်း နောက်တစ်ခါ ပြန်ခံဖို့ ပြစ်ဒဏ်ကျတတ်တယ်တဲ့၊ ငါ့ဘာသာငါ အေးအေးနေပြီး ငါ့ဘဝမှာ ငါလုပ်ချင်တာ ငါလုပ်မယ်၊ ငါ့တိုးတက်မှုအတွက်ပေါ့ကွာ'

'ဒါဆိုရင် ပြီးရော၊ ကျွန်တော် ဘာမှမကြားချင်ဘူးနော်'

ဝေယံလင်းက ကျွန်တော့်အား တစ်ချက်လှတ်အမိန့် ထုတ် ပြန်ရင်းမှ လက်ဖက်ရည်မှာပြီး ထပ်မံဆိုဆုံးမနေပြန်သဖြင့် ကျွန်တော့် မှာ နားမထောင်ချင်လည်း နားထောင်နေနေရပါသေးသည်။

ဦးချစ်ဆိုင်ရောက်တော့ ဖန်ဒါပင်အောက်က စားပွဲဝိုင်းမှာ ရှင်ဒေဝီ၊ ကိုကိုမြင့်နှင့် မျက်မှန်တပ်ထားသော အသားညိုညို အကျႌ အဖြူလက်တိုနှင့် ကျောင်းသားတစ်ယောက်ကို တွေ့ရသည်။ သူ့ပုံ က ောကျောင်းဆရာပုံစံမျိုးဖြစ်သည်။ ပါးစပ်မှာ ဂျိုးသိန်းဆေးပေါ့ လိပ်ကို ခဲထားရင်းမှ အင်္ဂလိပ်ကဗျာစာအုပ်တစ်အုပ်ကို ဖတ်နေသည်။

'ကိုရဲကျော်··· ထိုင်၊ မိတ်ဆက်ပေးရဦးမယ်၊ သူက မင်းနိုင် စိုးစံ့တဲ့၊ နာမည်ရင်းက ကိုကျော်စိုး၊ ဆေးတက္ကသိုလ်(၂)မှာ တက် နေတာ'

ကျွန်တော် ဝမ်းသာသွားပါသည်။ ကျွန်တော်နှင့်အတူ ဖ တဲ့ရွာမှာ အတူတူဝတ္ထုရေးသူဖြစ်ပြီး သူနှင့်လည်းတွေ့ချင်နေပါ သည်။ သူ့ကဗျာတွေ ကျွန်တော်ဖတ်ဖူးသဖြင့် ယခုမှတွေ့လိုက်ရသော ကြောင့် ဝမ်းသာသွားပြီး ကျွန်တော်က ပြုံးပြတော့ သူကလည်း ပြုံးပြပါသည်။

'ကိုကျော်စိုးနဲ့ မိတ်ဆွေဖြစ်သွားပြီဆိုတော့ ပြောရဦးမယ် ကျွန်မတို့ ရာစုသစ်မြစ်ကျဉ်းဆိုတဲ့ ကဗျာစာအုပ် ထုတ်မယ်၊ ရန်ကုန် တက္ကသိုလ်က ကဗျာဝါသနာရှင်တွေသာမက နယ်တက္ကသိုလ်က ကျောင်းသားကဗျာရေးသူတွေလည်း ပါရမှာပေါ့၊ အဲဒါ ဆွေးနွေးချင် လို့'

ရှင်ဒေဝီက စကားပြောရင်းမှ အတော့်ကို တက်ကြွနေပါ သည်။

'ကောင်းတာပေါ့၊ ဒါက တစ်ချိန်မှာ အမှတ်တရပဲ ကောင်း တယ်'

ကျွန်တော်က လိုလိုလားလား ထောက်ခံရင်းမှ ကျွန်တော်တို့ တွေ စာပေအကြောင်းများကို ပြောဆိုကြတာ မောရမှန်းပင် မသိပါ။

'မင်းနိုက်စိုးစံ့ ခင်ဗျားက အရေးကောင်းတော့ ဝတ္ထုရေးထား တာတွေ ရှိလား၊ ကျွန်တော်က ရတနာသစ်မဂ္ဂဇင်းမှာ ဝေဖန်ရေးတွေ အုပ်စုလိုက်ရေးတာ အယ်ဒီတာချုပ်နဲ့ အဆင်ပြေတယ်၊ ခင်ဗျားရဲ့ ဝတ္ထု ကျွန်တော် ပေးပေးမယ်'

'ရှိတယ်၊ ကျွန်တော် ယူလာခဲ့မယ်'

ဦးချစ်ဆိုင် ဖံဒါပင်အောက်က စားပွဲဝိုင်းမှာ ယနေ့ခေတ် စာပေရေစီးကြောင်း အခန်းကဏ္ဍတွေကို ဆက်လက်ဝေဖန်ပြောဆိုရင်း ညနေရောက်မှပဲ လူစုခွဲရပါတော့သည်။

ကျွန်တော်တို့လို ကျောင်းသားများတွေလည်း ဟိုတုန်းက ဒါမျိုးရှိကိုရှိခဲ့ဖူးကြမှာ အမှန်ပါ။

အဆောင်ပြန်ရောက်တော့ တင်ကိုကိုမျက်နှာက ထီပေါက် သလိုမျိုး ဝမ်းသာအားရဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက သည်လိုပါ။

အမျိုးသမီး အင်ကြင်းဆောင်က စိန်ရတုအကြို အဆောင် Dinner ညစာစားပွဲအတွက် ပြဇာတ်တိုကလေးနှင့် အငြိမ့်ခွင်အတွက် ကျွန်တော်၊ တင်ကိုကိုနှင့် ဝေယံလင်းတို့က ဦးစီးကာ ဇာတ်လမ်း ရေး ဇာတ်တိုက်ပေးသင်ကြားပေးဖို့အတွက် အဆောင်နည်းပြဆရာ ဦးခြင့်ဆွေက အင်ကြင်းဆောင်မှ အဆောင်မှူးကို ကတိပေးခဲ့သည့် အတွက် ယနေ့ညမှစတင်၍ အမျိုးသမီး အင်ကြင်းဆောင်သို့ သွားရ ခြင်းဟု ပြောသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်ကတော့ အင်ကြင်းဆောင်မှာ မနေ့စ်က ရတနာ ဆောင်တုန်းကလို လှိုင်နှင့်ပတ်သက်ခဲ့သလိုမျိုး မဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းနေမိပါသည်။

■



ကျွန်တော်တို့
တက်သလောက် လုပ်ခဲ့ပါတယ်၊
လက်ခုပ်သံတွေ
ရခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

ကျွန်တော်တို့ရှေ့မှာ ကျောင်းသူတွေက စုဝေးစွာထိုင်နေကြသည်။ အားလုံးက ဘာပြောမလဲနားစွင့်နေကြသည်။

'ဒီနေ့ ပြဇာတ်တိုက်မယ်၊ မနေ့က ပြောသလိုပေါ့၊ ပြဇာတ်က ရက္ခစိုးညီလာခံဆိုတော့ စကားလုံးတွေကို အသိပြောပါ၊ စကားသံအောင်ရင် အမှုအရာက ကွက်တိပဲ'

တင်ကိုကိုက လက်ထဲမှာ စာရွက်တွေကိုင်ထားရင်းမှ ညွှန်ကြားနေသည်။ သူ့ပုံစံက တော်တော့်ကို တက်ကြွနေတာ ပြောဖို့ပင်လို။

'ကျွန်မက ရက္ခစိုးမင်းကြီးလုပ်ရမှာဆိုတော့ မိုက်တယ်'

အင်္ဂလိပ်စာ အထူးပြု ဒုတိယနှစ်မှ ခပ်ဝဝ ကျောင်းသူက တော်တပ်ရပ်ရင်းမှ သူနှင့်အတူ ကပြမည့် ကျောင်းသူတွေကို ကြည့်လိုက်သည်။

'ဒီမှာ ခင်ဗျားက ရက္ခစိုးမင်းကြီးဆိုတော့ ခင်ဗျားက ဦးဆောင်ပြီး ရက္ခစိုး ညီလာခံမှာ ရက္ခစိုးအတွင်းရေးမှူးကော ရက္ခစိုးအဖွဲ့ဝင်တွေကိုပါ မိတ်ဆက်ရင်းကရမှာဆိုတော့ ခင်ဗျားအမူအရာလုပ်နိုင်ရင် လုပ်နိုင်သလောက် ရယ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချ'

ထိုရက္ခစိုးမင်းကြီးအဖြစ် သရုပ်ဆောင်မည့် ခပ်ဝဝ ကျောင်းသူက…

'ကဲ… အားလုံး မတ်တပ်ရပ်မယ်'

ရက္ခစိုးညီလာခံ ပြဇာတ်မှာ သရုပ်ဆောင်မည့် ကျောင်းသူတွေက စနစ်တကျ ရပ်လိုက်သည်။ ထိုအခါ တင်ကိုကိုက…

'ညီမလေးတို့ အဲဒီလို ညီညီညာညာမရပ်နဲ့၊ စင်ပေါ်မှာတချို့ ထိုင်ရမယ်၊ ဒါမှ ရယ်ရမှာ၊ ရက္ခစိုးမင်းကြီးက ဒေါသထွက်ပြီး အမူအရာပိုလုပ်မှ ပိုသဘာဝကျမှာ၊ ဒီတော့ ဟောဒီက ညီမလေးက ဒီနားလာ'

ပြဇာတ်ဒါရိုက်တာ တစ်ဦးလို တင်ကိုကိုက တက်တက်ကြွကြွဖြင့် ပြောရင်းက တစ်ယောက်ချင်းစီကို အသေးစိတ် စကားလုံးတွေကအစ သင်ကြားပြနေပါသည်။

'ဖိုးတင်ကို… ငါနဲ့ ဝေယံလင်းနဲ့ အငြိမ့်ကိစ္စ ဟိုဘက်မှာ သွားပြီး ဇာတ်တိုက်ဦးမယ်'

'သွား… သွား… ရဲကျော်၊ ကိုယ့်တာဝန်ထား'

ကျွန်တော်နှင့် ဝေယံလင်းထွက်သွားတော့ တင်ကိုကိုအတော် အပေါတွေသွားပုံရပါသည်။ သွားကြီးတွေကို ဖြီးလို့။

ကောင်မလေးတွေနှင့် သူတစ်ယောက်တည်း ဇာတ်တိုက်ပေးရမှာမို့ အပျော်ကြီးပျော်နေပြီ။

'ဘိုတင်ကိုကိုတော့ ဒီည အိပ်လို့တောင် ရပါ့မလား မသိဘူး ကိုကြီးကျော်'

'အေးလေ… ဝေယံလင်း၊ သူအဆောင်ပြန်ရောက်မှ တစ်ယောက်တည်း လူအများကြီးကို ဇာတ်တိုက်ပေးရတာ ဘယ်လောက် ပင်ပန်းတယ်ဆိုတာ သိထိမ့်မယ်'



အင်ကြင်းဆောင် ဘုရားခန်းမထဲရောက်သည့်အခါ အငြိမ့်လူရွှင်တော်လုပ်မည့် ကျောင်းသူလေးဦးနှင့် အငြိမ့်ကမည့် ကျောင်းသူနှစ်ဦး ထိုင်နေကြသည်။ သူတို့အနီးအနားမှာ အဆောင်နည်းပြဆရာမတစ်ဦးက ရှိနေပါသည်။

ကျွန်တော်က ကပြမည့် ကျောင်းသူနှစ်ဦးအား လူရွှင်တော်များနှင့် စကားအပြောအဆို အဝင်အထွက် အချိတ်အဆက်မိဖို့ ပြောပြရင်း လူရွှင်တော်လုပ်မည့် ကျောင်းသူလေးဦးထဲမှ မည်သူက ပရိကားနှင့် ခွန်းထောက်ဆိုမလဲဆိုတာ အသံတွေဘာတွေ စမ်းနှင့်ဆိုည က အဆောင်သို့ ညဆယ်နာရီမှ ပြန်ရောက်ပါသည်။

ကားမရှိသဖြင့် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေကနေ သထုံဆောင်ထိ ခြေလျင်ပြန်ခဲ့ရတာ အဆောင်ရောက်သောအခါ ခြေထောက်တွေညောင်းလို့ လှုပ်တောင်မလှုပ်နိုင်ပါ။

တင်ကိုကိုကတော့ တစ်ယောက်တည်း ဒိုင်ခံ ရက္ခစိုးညီလာခံကို ဇာတ်တိုက်ပေးရသဖြင့် စကားလုံးတွေပါ သင်ကြားရလို့လားသိ။ အသံတွေဘာတွေဝင်လို့ မှန်ချီအသံကြည်ဆေးပြား အဆောင်မှာ မည်သူ့ဆီမှာရှိသလဲဆိုပြီး လိုက်တောင်းနေသံကို ကြားပါသေးသည်။

★

လေအဝှေ့မှာ ညှော်နံ့တွေက စကားသံတွေနှင့်အတူ ပျံ့လွင့်နေသည်။ ဝိဇ္ဇာကင်တင်းက နေ့လည်ခင်း ထမင်းစားချိန်မို့ စည်ကားနေသည်။ ကျွန်တော်တို့ အင်္ဂလိပ်စာက အတန်းပြီးသွားပေမယ့် ဝေယံလင်းနှင့် တင်ကိုကိုတို့က အတန်းမပြီးသေးပါ။ ထမင်းစားချိန်မှာဆောင် သည်နှစ်ယောက်ကော အောင်နိုင်ဦးကော အဆောင်မှာ ဒသသ

www.burmeseclassic.com

www.burmeseclassic.com



နိုတဗေဒကျောင်းသား တော်တော်များများ ကင်တင်းမှာ မတွေ့ရတာ ထူးခြား နေသည်။

'ကိုရဲကျော်… ဝေယံလင်းက မှာလိုက်တယ်၊ ဒီနေ့ ဒသင်္ ကဗေဒ ဆရာကန်တော့ပွဲအတွက် အစည်းအဝေးရှိလို့ နောက်ကျမယ်တဲ့'

'ဝေယံလင်းကို ပြောလိုက်ပါ၊ ချန်စယ်လာမှာ ရှိမယ်လို့'

ဝေယံလင်းတို့ အတန်းမှ ကျောင်းသားတစ်ဦးက ကျွန်တော့်ကိုမှာစရာရှိတာမှာပြီး မြကျွန်းသာ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားသည်။

ကျွန်တော်လည်း အေးအေးဆေးဆေး ထိုင်ချင်သဖြင့် ချန်စယ်လာ လက်ဖက်ရည်ဆိုင်ရှိရာသို့ ထွက်လာခဲ့သည်။ ကျောင်းသားတွေက ကိုယ့် အနီးနားမှာ ဖြတ်သွားဖြတ်လာလုပ်ရင်း စကားတွေပြောကြ နောက်ကြပြောင်ကြနှင့် တက္ကသိုလ်နယ်မြေကြီးသည် လောကသစ်ကြီးတစ်ခုလိုပင် ဖြစ်နေပါသည်။

★

'ကိုရဲကျော်… တစ်ယောက်တည်းလား၊ ဒီကိုလာ'

ချန်စယ်လာ လက်ဖက်ရည်ဆိုင်ရှေ့သို့အရောက် အဓိပတိလမ်းနှင့် တပ်လျက် သံဇကာကာထားသော ဘေးနားက သစ်ပင်အောက်ရှိ စားပွဲဝိုင်းကနေ မွန်မွန်ဦးက သူမတစ်ယောက်တည်းထိုင်နေရင်းမှ လှမ်းခေါ်ပါသည်။

'လာလေ… ဒီနေ့ ကျွန်မ ကျွေးပါ့မယ်'

ကျွန်တော်က လွတ်နေသော ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

'ဘာစားမှာလဲ၊ ထမင်းကော စားပြီးပြီလား'



'မစားရသေးဘူး'

'ကြိုက်တာမှာလေ'

'ဟာဗျာ… အားနာပါတယ်'

'မလိုပါဘူး၊ မှာပါ'

ကျွန်တော်လည်း ဗိုက်ဆာသဖြင့် ထမင်းပေါင်းတစ်ပွဲမှာလိုက်သည်။

'ဘယ်ကပြန်လာတာလဲ'

'ဝိဇ္ဇာကင်တင်းဘက်ကပါ၊ သူငယ်ချင်းတွေဆီသွားတာ၊ သူတို့ဌာနမှာ ဆရာကန်တော့ပွဲ အစည်းအဝေးရှိနေလို့ အဲဒါ ဒီမှာရှိမယ်ပြောပြီး ထွက်လာတာ'

ထို့နောက်တော့ ဘာစကားမှ မဆိုဖြစ်တော့ဘဲ တက္ကသိုလ်စာကြည့်တိုက်ဘက်သို့သာ ကျွန်တော်ကော မွန်မွန်ဦးပါ ငေးကြည့်နေမိပါသည်။

ကုံကော်ပင်အောက်က ခုံတန်းတွေမှာတော့ ကျောင်းသားတွေက သူ့အုပ်စုနှင့်သူ အဖွဲ့ကျနေသည်။ ကုံကော်ပွင့်တွေကတော့ အပင်တွေကိုင်းဖျားတွေမှာ တွဲလွဲခိုနေလို့။

မှာထားသော ထမင်းပေါင်းရောက်လာသောအခါ ကျွန်တော့်မှာ ဟန်မဆောင်နိုင်တော့ဘဲ ဗိုက်က အလွန်ဆာနေသဖြင့် မွန်မွန်ဦးကို ရှေ့ထားပြီး အဝီတွယ်ပါတော့သည်။ မွန်မွန်ဦးက ကျွန်တော်စားနေတာကိုကြည့်ပြီး ရယ်နေပါသည်။

မတတ်နိုင်ပါ။ အရေးကြီးတာက ဟာနေသော ဗိုက်ပြည့်ဖို့ပဲ မဟုတ်ပါလား။

'ကိုရဲကျော်က အခုတစ်လော စာတွေဘာတွေ အရမ်းရေးနေတယ်လို့ သိရတယ်၊ စိတ်ကူးကောင်းတာပဲ၊ ဘယ်ကနေ စိတ်ကူးတွေရတာလဲ၊ အဲဒီစိတ်ကူးတွေရဲ့ ရည်ရွယ်ချက်ကကော'

www.burmeseclassic.com

www.burmeseclassic.com



ထမင်းပေါင်းစားပြီးလို့ ကုန်သွားသည့်အခါ မွန်မွန်ဦးက ကောက်ခါငင်ခါ မေးလိုက်ပါသည်။ ဘာရည်ရွယ်ချက်နှင့် မေးသ မသိ။

'ဒါကတော့ မမွန်မွန်ဦးရယ်၊ စာရေးတဲ့သူများဟာ ကျွန်တေ ဒိသလောက်ပြောရရင် သူတို့ရဲ့ အကောင်းဆုံးစိတ်ကူးစိတ်သန အလွှာအခေါ်တွေကို စာအုပ်ထဲမှာပဲ ရေးထားမယ်၊ သူတို့ရဲ့ စိတ်ကူး အံ့တီးထားတဲ့ အရာတွေကို လူတွေကို ပေးမဖတ်ဘူးဆိုရင် သူတို့ အံ့တီးတာတွေက အကျိုးကျုနေမှာလေ၊ ဒီတော့ စိတ်ကူးတွေ ထုဆစ်နေရတာပေါ့၊ ပြောမယ့်သာပြောတာ ကျွန်တော်က စာရေးဆ စစ်စစ်မဟုတ်သေးပါဘူး၊ ဝါသနာရှင်ပဲ ရှိပါသေးတယ်'

ကျွန်တော်လည်း စိတ်ထဲရှိတာကို ရှင်းပြပါသည်။

'ဒါဆို လူတွေပြောပြောနေတဲ့ အနုပညာဆိုတာကကော'

မွန်မွန်ဦးက မသိလို့ မေးတာလား ပညာစမ်းချင်လို့မေးတ လား သို့မဟုတ် ကျွန်တော့်ကို ဖျူးချင်လို့များ ဖျူးသလားဆိုပြ ဆော့ခွဲမရဖြစ်နေပါသည်။

'ဒီမေးခွန်းက ဘာနဲ့တူသလဲဆိုတော့ မမွန်မွန်ဦး ရုပ်ရှင်တို့ ဘွဲ့တို့၊ သီချင်းတို့ ကြည့်တယ်၊ ဖတ်တယ်၊ နားထောင်တယ် ဆောတ် လား'

မွန်မွန်ဦးက ခေါင်းညိတ်ပြပါသည်။

'ရှေးစာပေပညာရှင်ကြီး လီယိုတော်လ်စတွိုင်းက အနုပညာ ဆိုတာ ကျွန်တော်တို့ရဲ့ အကောင်းဆုံးနဲ့ အမြင့်ဆုံးခံစားမှုတွေကို အခြားသူတွေဆီ လက်ဆင့်ကမ်းတာကို ရည်ရွယ်ချက်အဖြစ် ထားရှိတဲ့ လူတွေရဲ့ဆောင်ရွက်ချက်လို့ ဖွင့်ဆိုခဲ့တယ်၊ အိမ်ရောက်မှ သေသေ ချာချာ စဉ်းစားကြည့်'

'အိမ်ရောက်မှတော့ မစဉ်းစားတော့ပါဘူး၊ ခေါင်းနောက်လို့ ဖေဖေ့ရဲ့ ဩဝါဒတွေနဲ့တင် နေ့စဉ်ခေါင်းနောက်နေတာ တော်ဝါပြီ'

မွန်မွန်ဦးက စားပွဲထိုးကို လှမ်းခေါ်ပြီး ကျသင့်ငွေကို ရှင်း ပေးသည်။ ပြီးတော့ ထိုင်ရာမှထကာ…

'ကိုရဲကျော်… သွားဦးမယ်၊ အားရင် မွန်မွန်ဦးတို့ အိမ်ကို ဘက်လာဦးလေ'

ကျွန်တော် ခေါင်းညိတ်ပြမိပါသည်။ မွန်မွန်ဦးက ကျွန်တော့် အနားကနေ ထွက်သွားသည်။

ကျွန်တော်ကတော့ ဝေယံလင်းတို့ တင်ကိုကိုတို့ကို ရေနွေး သောက်ရင်း ထိုင်စောင့်နေမိပါသည်။

နေ့လည် နှစ်နာရီထိုးသည်အထိ သူတို့ရောက်မလာသည့် အဆုံး သထုံဆောင်သို့ ကျွန်တော် ပြန်လာခဲ့ပါသည်။

သူတို့ဌာန အစည်းအဝေးမှာ ဘယ်လောက်တောင် ဆွေးနွေး နေကြသလဲ မသိ။

★

'ကိုကြီးကျော် ဒီနေ့ကိစ္စကို ဘယ်လိုမှ မခံစားနဲ့နော်၊ ကျွန်တော်ထင်တာ မွန်မွန်ဦးက လက်တလော တွဲဖို့ရည်စားမရှိလို့ ကိုကြီးကျော်ကို စိတ်ဖြေဖို့ လာရောနေတာဖြစ်မယ်'

ဝေယံလင်းက နေ့လည်က ကိစ္စအား ကျွန်တော်ပြောပြသော အခါ ကျွန်တော့်အား သတိပေးပါသည်။

'ငါ သိပါတယ်ကွာ၊ ဒါနဲ့ ဖိုးတင်ကိုကော'

'ဒီလူဗျာ ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ အင်းဝဆောင်ကို ဇာတ်တိုက်ဖို့ သွားမယ်ဆိုပြီး ထမင်းစားပြီးပြီးချင်း လစ်လို့

www.burmeseclassic.com



ကျွန်တော် မအားဘူး ကိုကြီးကျော်လည်း မအားဘူး၊ အားမှ လိုက်မယ်ဆိုပြီးပြောတာ တစ်ခါတည်း ရတယ်ဆိုပြီး ထွက်သွားလေရဲ့ တော်တော်တက်ကြွတာ'

ကျွန်တော် ပြုံးမိပါသည်။ တင်ကိုကို အကြောင်း ကျွန်တော် သိတာပေါ့။ ထိုအချိန်မှာပဲ…

'ဟော့ကောင် နှစ်ယောက် ငါ့ကို ရေတိုက်ပါဦးကွာ'

တင်ကိုကိုတစ်ယောက် မောပန်းနွမ်းနယ်သလို ပုံစံမျိုးနှင့် နဖူးမှ ချွေးတွေကို သုတ်ရင်း ခုတင်ပေါ် လှဲချလိုက်ပါသည်။

ဝေယံလင်းက ရေတစ်ခွက်တိုက်လိုက်ပြီး…

'ကိုတင်ကိုကို… ဘယ်လိုဖြစ်တာလဲ'

'ဘယ်လိုဖြစ်ရမှာလဲ၊ အင်ကြင်းဆောင်မှာ ဓာတ်တိုက်တာ ငါတစ်ယောက်တည်း မဖြစ်လို့ မင်းတို့ကို လာခေါ်တာ၊ ကားခ မရလို့ လမ်းလျှောက်လာရတာ၊ လာကွာ၊ မင်းတို့လိုက်မှရမယ်'

ကျွန်တော်ကော ဝေယံလင်းပါ ပြုံးမိပါသည်။ သည်လောက် တောင် တက်ကြွလွန်းလို့ပါ။

'ဖိုးတင်ကို… လိုက်တော့လိုက်ချင်တယ်၊ လမ်းလျှောက်သွားရင် မိုက်ကနာမှာ၊ ဒီတော့ ကားငှားပေးရင် လိုက်မယ်'

တင်ကိုကိုက ခေါင်းကဆံပင်တွေကို လက်နှင့်ဖွရင်းမှ စိတ် မချသည့်လေသံဖြင့်…

'ရဲကျော်… မင်းကတော့ လုပ်ပြီကွာ၊ ဟိုမှာ ညီမလေးတွေ ထ ငါ့ကိုစောင့်နေပြီ၊ အငြိမ်လူရှင်တော် ကျောင်းသူတွေက တစ်ချို့ ငါ့ကို မင်းနဲ့ဝေယံလင်းမလာဘူးလားလို့ ခဏခဏ မေးလို့ ဒုက္ခ ရောက်၊ ကဲ… ငါ ကားငှားခခံမယ်'

ဝေယံလင်းနှင့် ကျွန်တော်တို့ တင်ကိုကိုကို ကြည့်ပြီး ပြိုင်တူ ပြုံးမိသွားသည်။



'လုပ်ကွာ၊ လာ… လာ၊ အင်္ကျီအဝတ်အစားလဲမနေနဲ့'

တင်ကိုကိုက ကျွန်တော့်အား အတင်းလက်ဆွဲခေါ်ပါသည်။ ဝေယံလင်းက အခန်းတံခါးသော့ကို ယူပြီး သော့ခတ်ကာ လေချွန်ရင်း မှ တင်ကိုကိုအား ကြည့်ရင်း စိတ်ပျက်သလိုမျိုး လက်ခါလို့နေပါ သည်။ ဒါကို တက်ကြွနေသော တင်ကိုကိုက လုံးဝမသိ။

★

ပရိသတ်တွေက ရန်ကုန်တက္ကသိုလ် အပန်းဖြေခန်းမအတွင်း မှာ အပြည့်။ ဆရာ၊ ဆရာမ၊ ပါမောက္ခ၊ ပါမောက္ခချုပ်၊ ဖိတ်ကြား ထားသူများနှင့် တကယ့်ကို အရောင်စုံစွာပွင့်သည့် ပန်းဥယျာဉ်အတွင်း ရောက်နေသလိုပင်။

## ရန်ကုန်တက္ကသိုလ် စိန်ရတုအကြို အင်ကြင်းဆောင် ညစာစားပွဲ

အနီရောင် နောက်ခံကတ္တီပါပေါ်မှာ သိပ်ထားသော စကား လုံးတွေက ထည်ဝါခမ်းနားလို့နေသည်။

'ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်များရှင် ယခုအချိန်မှာ တော့ အင်ကြင်းဆောင်ကျောင်းသူလေးများရဲ့ ရက္ခစိုးညီလာခံတစ် ခန်းရပ် ပြဇာတ်ဖြင့် တင်ဆက်ပါတော့မယ်၊ ဒီပြဇာတ်ကို စီစဉ်တင် ဆက်သူတွေက သထုံဆောင်မှ ကိုရဲကျော်၊ ကိုတင်ကိုကိုနှင့် ကိုဝေယံ လင်းတို့ ဖြစ်ပါတယ်'

အစီအစဉ် ကြေညာသူ၏ စကားသံအဆုံး တေးဂီတဝိုင်းမှ ဗုံးဝိုင်းတီးခတ်သံနှင့်အတူ ရက္ခစိုး ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကို ပေါင်ဒါအဖွေးသား ရိုက်ကာ ခါးမှာသကြိန်ရေပက်သေနတ်ကို ထိုးထားသော ခပ်ဝဝကျောင်းသူက စင်မြင့်ပေါ် အရင်ဦးဆုံး ထွက်လာပါသည်။ သူ့နောက်မှနေ၍ မျက်နှာမှာ ပေါင်ဒါမှုန့်တွေ အဖွေးသားနှိုက်ထားသော ရက္ခစိုးဝတ်စုံဝတ်ထားသော ကျောင်းသူများက ထွက်လာသောအခါ ပရိသတ်က လက်ခုပ်တွေတီးပါတော့သည်။

ရက္ခစိုးတွေခမျာ သူတို့မျက်နှာမှာ ကိုယ့်ရုပ်ကို မမှတ်မိနိုင်လောက်အောင် ပေါင်ဒါမှုန့်တွေက ဖွေးနေလို့ပါ။

• မိတ်ကပ်ဖန်တီးရှင်ကတော့ တင်ကိုကိုပဲ ဖြစ်ပါသည်။

ကျွန်တော်နှင့် တင်ကိုကိုက စာတ်စင်မြင့်ဘေးနားကနေ အကဲ ခပ်နေမိပါသည်။

'ငါ၏ထံပါး ခစားကြသော ရက္ခစိုးတို့'

'ဗျာ… ဗျာ'

'ငါရက္ခစိုးမင်းကြီး ဦးစီးကျင်းပတဲ့ ညီလာခံမှာ ဘာများ လျှောက်တင်စရာရှိသလဲ'

'ရှိပါတယ် ရက္ခစိုးမင်းကြီး'

'ဒါဆို အမှတ်စဉ်မှတ်မယ်'

'ရက္ခစိုးအမှတ်စဉ်တစ် လျှောက်တင်စေ'

'ဒီလိုပါ ရက္ခစိုးကြီး ရက္ခစိုးနေထိုင်တဲ့ အင်ကြင်းဆောင်ရှေ့မှာ ညဆို ကားတွေက ခြင်ကိုက်ခံရမှာမကြောက်လို့လား မသိ လာလာရပ်ပြီး ညအမှောင်မှာ ခြင်ကိုက်ခံနေတာ သွေးလွန်တုပ်ကွေး ရောဂါဖြစ်မှာ ကြောက်လို့ပါ'

'ဒါကတော့ သူတို့ထိုက်နဲ့သူ ရှိပါစေ၊ နောက် အဲဒီကားတွေ မရပ်စေချင်ရင် ကားရပ်မယ့်နေရာတွေမှာ သံချောင်းတွေ အပြည့်ရိုက် ထားလိုက်'



'ဟုတ်'

'ရက္ခစိုးအမှတ်စဉ်နှစ် အလှည့်'

'မှန်လှပါ ရက္ခစိုးမင်းကြီး၊ ရက္ခစိုးတို့ အင်ကြင်းဆောင်မှာ ကြက်သားနဲ့ဘူးသီးချက်တိုင်း ကြက်သားတုံးတွေ ကိုယ်ပျောက်ကုန်တာ ဘယ်လိုလုပ်ရမလဲလို့'

'ဒါလား၊ ဒီတစ်ခါ ကြက်သားတုံးတွေ ကိုယ်ပျောက် မပျောက်သိချင်ရင် ကိုယ့်အလှည့်နဲ့ကိုယ် ထမင်းချက်အနားမှာ ကိုယ်ရံတော်တစ်ယောက်လို တစ်ဖဝါးမှမခွာလိုက်ရင်း အကဲခပ်ပေတော့'

'ဟုတ်'

'ရက္ခစိုး အမှတ်စဉ်သုံး'

'ကယ်ပါ ရက္ခစိုးမင်းကြီး၊ အဆောင်ကနေရန်ကုန်တက္ကသိုလ် ထဲက စာသင်ခန်းကိုလာရင် အမြဲတမ်းစပယ်ယာလက်က မလွတ်ဘူး၊ အဲဒါ ဘယ်လိုလုပ်ရမလဲ'

'အမှတ်စဉ် သုံး သေသေချာချာ နားထောင်၊ လက်ထဲမှာ ချိပ်ကို မသိမသာကိုင်ထားပြီး စပယ်ယာလက်ရောက်လာရင် သူ့ရဲ့ လက်ဖဝါးကို သွေးငေါက်ငေါက်ယိုအောင် ထိုးထည့်လိုက်'

'ဟုတ်… ဟုတ်… ဟုတ်'

'ရက္ခစိုးအမှတ်စဉ်လေး'

'ရက္ခစိုးမင်းကြီးရယ်… တစ်ခုလောက်သိပါရစေ၊ ရန်ကုန် တက္ကသိုလ်ဆေးရုံမှာ ဘာဖြစ်လို့ ဘာမီတွန်ဆေးပြားရှားရတာလဲ၊ တလောက အိပ်မပျော်လို့ ဆေးရုံသွားပြတာ ဘာမီတွန်သောက်ရင် အိပ်ပျော်မယ်ဆိုပြီး ဘာမီတွန်ဆေးပြားပေးဖို့ သွားယူတာ လေးနာရီ လောက်စောင့်ရင်း အိပ်ပျော်သွားတယ်၊ ဆရာမက ကုန်ပြီလို့ ပြောတယ်၊ အဲဒါကကော'

www.burmeseclassic.com



'ဒါကတော့ ဘီပီအိုင် ဆေးဝါးစက်ရုံမှာ ပစ္စည်းပြတ်လို့နေမှာပေါ့၊ နောက်ဆို အဲဒီလောက် မစောင့်နဲ့၊ နီးစပ်ရာ ကွမ်းယာဆိုင်မှာသာဝယ်လိုက်'

'Yes'

'ရက္ခစိုးအမှတ်စဉ် ငါး'

'ရက္ခစိုးမင်းကြီး ပြဿနာတစ်ခုကို ဖြေရှင်းခွင့်ပေးပါ၊ ကျွန်တော်ချိုးရဲ့အခန်းထဲမှာ အဆောင်မှူးမသိအောင် ကြက်ဖတစ်ကောင်မွေးထားတယ်၊ သူ့ကိုအဆောင်မှူး မသိအောင် ဘယ်လိုအစာကျွေးရမလဲ'

'ဒါများ လွယ်လွယ်လေးရယ်၊ အဆောင်မှူးက ထမင်းစားဆောင်ကိုမှ မလာတာ၊ ညနေထမင်းစားဆောင်သွားရင် အဲဒီကြက်ဖကို ယူသွားပြီး ကိုယ်စားမယ့်ထမင်းပန်းကန်ထဲက စပါးလုံးတွေကိုရွေးစားခိုင်း၊ နေ့တိုင်း အစာကျွေးသလိုပေါ့'

'ရက္ခစိုးကြီးက သိပ်တော်တာပဲ'

ပြဇာတ်မပြီးသေးပေမယ့် ပရိသတ်တွေက သောသောရယ်နေရင်း လက်ခုပ်သံတွေက ရက္ခစိုးတစ်ယောက်ပြီးတိုင်း ရယ်မောရင်း လက်ခုပ်တီးတာ ကျွန်တော်နှင့် တင်ကိုကိုမှာ ပီတိဖြစ်လို့မဆုံးနိုင်။ ညလိုနှင့် ဇာတ်သိမ်းခါနီး သံချပ်ထိုးသည့် ဇာတ်ဝင်ခန်းသို့ ရောက်လာပါသည်။

'ရက္ခစိုးတစ် ဘွဲ့ရရင် ဘာလုပ်မှာလဲဟင်'

'ဘွဲ့လက်မှတ်ကိုကိုင်ကာစွဲ ပွဲစားလုပ်မှာပဲ'

'လုပ်လိုက်၊ လုပ်လိုက်၊ လုပ်လိုက်'

'ရက္ခစိုးနှစ် ဘွဲ့ရရင် ဘာလုပ်မှာလဲဟင်'

'မိတ်ကပ်ဘူးကိုကိုင်ကာစွဲ မာမီလုပ်မှာပဲ'

'လုပ်လိုက်၊ လုပ်လိုက်၊ လုပ်လိုက်'



'ရက္ခစိုးသုံး ဘွဲ့ရရင် ဘာလုပ်မှာလဲဟင်'

'ဘွဲ့လက်မှတ်ကိုကိုင်ကာစွဲ ဆိုက်ကားနင်းမှာပဲ'

'လုပ်လိုက်၊ လုပ်လိုက်၊ လုပ်လိုက်'

'ရက္ခစိုးလေး ဘွဲ့ရရင် ဘာလုပ်မှာလဲဟင်'

'ကျူတာဆရာမလုပ်ပြီး ဝိုင်းကျူရှင်ပြမှာပဲ'

'လုပ်လိုက်၊ လုပ်လိုက်၊ လုပ်လိုက်'

'ရက္ခစိုးငါး ဘွဲ့ရရင် ဘာလုပ်မှာလဲဟင်'

'ဘွဲ့လက်မှတ်ကိုကိုင်ကာစွဲ အောင်သွယ်လုပ်မှာပဲ'

'လုပ်လိုက်၊ လုပ်လိုက်၊ လုပ်လိုက်'

နောက်ခံတေးဂီတနှင့်အတူ သံချပ်က မြိုင်သထက်မြိုင်လာတာ နောက်ဆုံး ရက္ခစိုးမင်းကြီး အလှည့် ရောက်လာပါသည်။

'ရက္ခစိုးမင်းကြီးဘွဲ့ရရင် ဘာလုပ်မှာလဲဟင်'

ရက္ခစိုးမင်းကြီးလုပ်သူ ခင်ဝေကျောင်းသူက ရက်စနိုးအမူအရာနှင့် ဟိုကြည့်ဒီကြည့်ကြည့်ပါသည်။ ပြီးမှ

'ဘွဲ့လက်မှတ်ကို ရင်ဝယ်ပိုက် ယောကျ်ားယူမှာပဲ၊ ယူမှာပဲ'

'ယူလိုက်၊ ယူလိုက်၊ ယူလိုက်'

'အား'

ရက္ခစိုးဝတ်စုံဝတ်ထားသော ကျောင်းသူတွေက ရက္ခစိုးမင်းကြီးအား ဝိုင်းထုနေသောအခါ ရက္ခစိုးမင်းကြီးက အော်ရင်းလဲကျသွားကာ ပြဇာတ်ကို သိမ်းလိုက်ပါသည်။

ပရိသတ်တွေ၏လက်ခုပ်သံနှင့်အတူ ဆုတော်ငွေတွေကသည်း တဖွဲဖွဲဆုချခြင်း ခံရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်ကတော့လည်း ကျောင်းသူလူရွှင်တော်တွေ၏ ပြက်လုံးတွေက ပရိသတ်တွေအဖို့ မရယ်ဘဲ မနေနိုင်။ ကပြသည့်ကျောင်းသူနှစ်ယောက်ကလည်း အကကောင်း၊ လူရွှင်တော်တွေကလည်း အတိုင်အဖောက်ညီဆိုတော့ ပရိသတ်တွေမှာ လက်ခုပ်တီးရင်း အားပေးတာ ရုံတုန်မတတ်ဘဲ သိလ်အပန်းဖြေခန်းမတစ်ခုလုံး ပွင့်ထွက်သွားမတတ်ပင်ဖြစ်ပါသည်။

အခန်းအနားအစီအစဉ် ပြီးဆုံးသောအခါ ကျွန်တော်၊ တင်ကိုတိုးနှင့် ဝေယံလင်းတို့ကို လာရောက်ချီးကျူးဂုဏ်ပြုကြပါသည်။

ကျွန်တော်တို့မှာ ကိုယ်တက်စွမ်းသမျှ ကိုယ်လုပ်တတ်သမျှ သင်ကြားပြသပေးပြီး အောင်မြင်မှုရခဲ့သဖြင့် ဘဝမှာဘယ်သောအခါမှ မမေ့နိုင်တော့ပါ။ ထို့နောက် အငြိမ့်က လူရွှင်တော်ကျောင်းသူများ၊ ခင်သမီးနှစ်လက်နှင့်အတူ ကျွန်တော်တို့ ဓာတ်ပုံအရိုက်ခံကြပါသည်။



တက္ကသိုလ်နှစ်ပတ်လည်အငြိမ့်ပွဲပုံ

ထိုနေ့ည ပိတ်မျိုးကတော့ ကျွန်တော်တို့အတွက် ဘာနှင့်မျှ အစားထိုးရနိုင်မည် မဟုတ်ပါ။

■

လမင်းလေးရေ
ငါ့ကို
လေပြည်သင်းတွေ
အဖော်ခေါ်ခဲ့ပြီး
မမြူဆွယ်ပါနဲ့တော့ကွယ်
ငါလေ
တစ်ယောက်တည်း
ကိုယ့်ဝပ်ကျင်းလေးထဲမှာ
တစ်ကိုယ်တော်ဘဝနဲ့
နားနားနေနေ နေပါရစေ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

မြင်ကွင်းကို ကြည့်ပြီး ကိုယ့်မျက်စိကိုတောင် ကိုယ်က ယုံ နိုင်အောင်ဖြစ်သွားသည်။

ဝေယံလင်းတို့ တင်ကိုကိုတို့ ကပ္ပိယတို့ အောင်နိုင်ဦးတို့ ရောက်နေတာအတန်းထဲမှာလည်းမတွေ့သဖြင့် ဘယ်နေရာသွားတတ် သလဲဆိုပြီး လိုက်ရှာတာ သူတို့တွေက ရန်ကုန်တက္ကသိုလ်အပန်းဖြေ နမ်းမထဲ ရောက်နေပါသည်။ ရောက်နေတာကလည်းကြည့်ဦး…

သူတို့တတွေက ကောင်မလေးတွေနှင့်အတူ ဝိုင်းအုံထိုင်ပြီး တစ်စုံတစ်ခုကို ပြုလုပ်နေလို့ ဘာများလဲဆိုပြီး သိချင်သဖြင့် ကျွန်တော် က သူတို့အနားရောက်တော့မှ အံ့အားသင့်သွားပါသည်။

သူတို့တွေက ကောင်မလေးတွေကော အခြားကျောင်းသား တွေနှင့်ပါ ဝိုင်းဖွဲ့ထိုင်ရင်းမှ ပိုက်ဆံကြေးအံစာတုံးခေါက်နေကြတာ ဖြစ်သည်။

'ရဲကျော်… လာကွာ၊ ဒီမှာငါတို့ဒိုင်ကိုင်တာ၊ ဘူချည်းပဲကျ နေတယ်၊ ဒီကျောင်းသူတွေနဲ့စုကိုင်တာ'

'ဟုတ်တယ် ကိုတင်ကိုကော ဝေယံလင်းကော လက်က ဘူလက်ချည်းပဲ'

တင်ကိုကိုတို့ အနားမှာရှိသော ကျောင်းသူတွေကပါ ဝိုင်းပြော ကြသဖြင့် အသေအချာကြည့်မိတော့မှ သတ္တပေဒမေကျာမှ ဉမ္မာဒန္တီ

www.burmeseclassic.com

www.burmeseclassic.com



တေးသရုပ်ဖော်ကတ္တန်းက အမျိုးရုံလုပ်သော ကျောင်းသူတွေဖြစ်လို့ ပါသည်။ တင်ကိုကိုတို့အုပ်စုနှင့် ဘယ်လို တွဲမိကြသွားလဲ မသိ

'ကဲ... ဖယ်... ထိုး၊ ရွှေဘိုက ဒိုင်လာပြီ'

ကျွန်တော်က တင်ကိုကိုအား လက်နှင့်ဘေးကိုတွန်းရင်း သူ့ဘေးနားမှာ ဝင်ထိုင်ကာ အံစာတုံး သုံးတုံးကို ယူပြီး လက်ထဲထည့်ပြီး ပွတ်နေမိသည်။

'ကြိုက်ထိုး ကြိုက်ခံလား ရွှေဘိုဒိုင်ကြီးရဲ့'

အရေးထဲ ကျွန်တော့်စကားကို ပြန်ချေပသဖြင့် ကျွန်တော်က အံစာဝိုင်းထဲက ဘယ်သူများဖြစ်မလဲကြည့်တော့ ဘယ်လိုမှ မထင်ထားသော မွန်မွန်ဦးဖြစ်နေပါသည်။ စီးပွားရေးတက္ကသိုလ်ကနေ ဘယ်လိုလို သည်ရောက်လာလဲ မသိ။ နောက်တော့မှ ကျွန်တော် သတိရသွားပါသည်။ သတ္တဗေဒမေဂျာမှ ဥမ္မာဒန္တီတေးသရုပ်ဖော်တွန်းက အမျိုးရုံလုပ်သော ကျောင်းသူတွေနှင့် သူငယ်ချင်းဆိုတော့ သည်နေရာကို ရောက်လာတာပဲလို့...။

ကျောင်းသားတွေက သူတို့ရှေ့မှာ ပိုက်ဆံတွေချထိုးကြပါသည်။

'ကဲ... ပြီးပြီလား၊ ဟောဒီမှာ ကိုးဆိုတာ ဘာလေးလဲ'

ကျွန်တော်က လက်ထဲမှာကိုင်ထားသော အံစာတုံးသုံးလုံးကို ကြမ်းပြင်ပေါ် လှိမ့်ချလိုက်သည်။ အားလုံးသော အကြည့်တွေက လှိမ့်နေသော အံစာတုံးဆီသို့ ရောက်ကုန်သည်။

'တစ်သုံးလုံး၊ တစ်ဆွဲ'

'ဟေး... ဟေး'

အံစာတုံးက တစ်သုံးလုံးကျသဖြင့် ကျောင်းသူတွေက ဝိုင်းအော်ပါသည်။ တင်ကိုကိုလည်း ဘယ်နေပါ့မလဲ။ တခြားကျောင်းသားတွေက အံစာတုံးလှိမ့်ဖော်ယ် ဒိုင်လုပ်သော ကျွန်တော် လှိမ့်လို့ကျသည့် တစ်သုံးလုံးကို ဘယ်သူမှ မနိုင်။ တစ်ဝိုင်းလုံး တင်ကိုကိုက ဆွဲစားလိုက်သည်။ လက်က ဘာသွက်သလဲ မမေးနှင့်။



'ကဲ... ထိုးထား၊ ဒိုင်က ရှစ်ကိုးဆွဲပဲ'

အစားခံလိုက်ရသဖြင့် ထိုးသားတွေက နည်းနည်းတင်းကုန်ကြသလားမသိ။ စောစောကထက်ကို မဲပြီး ပိုထိုးလာကြပါသည်။

ကျွန်တော် အံစာတုံးကို လှိမ့်ချလိုက်သည်။

'ကိုးဗျာ... ကိုး'

ကျွန်တော်တောင် မအော်ရဘဲ ဝမ်းသာအားရနှင့် တင်ကိုကိုက ထအော်ပါသည်။ ထိုးသားတွေက အံစာတုံးကို လှိမ့်ပေမယ့် ဒိုင် ကိုင်သော ကျွန်တော့်ကိုမနိုင်။ တင်ကိုကို ပြုံးရွှင်သော မျက်နှာနှင့် ပိုက်ဆံတွေကို လိုက်သိမ်းနေပါသည်။

ထိုအချိန်မှာပဲ ဝေယံလင်းက ရန်ကုန်တက္ကသိုလ် အပန်းဖြေခန်းမအဝင်ဝ အပေါက်ကိုကြည့်လိုက်ရင်းက...

'ဝိုင်းသိမ်းဟေ့၊ ပြေးတော့ ဟိုမှာ လုံခြုံရေးတွေ လာနေပြီ'

'ပြေးဟေ့... ပြေး... ပြေး'

အံစာတုံးဆော့နေသူတွေအားလုံး ယောက်ျားလေးကော မိန်းကလေးကော ထိုင်ရာမှ အလျင်အမြန် ထကာ နောက်ကိုပင်လှည့်မကြည့်တော့ဘဲ ခန်းမနောက်ဘက်ဆီသို့ စုပြုံပြေးကြတာ ဘာမြန်သလဲမမေးနှင့်။

အရေးထဲ ပြေးရင်းလွှားရင်း ကျွန်တော့်လက်ကိုတစ်စုံတစ်ယောက်က ကြောက်အားလန့်အားလှမ်းဆွဲလိုက်သဖြင့် ကြည့်သော အခါ မွန်မွန်ဦး ဖြစ်နေပါသည်။ ဘယ်လောက်တောင် ကြောက်နေသလဲမသိ။ လက်ဖျားတွေက အေးစက်နေသည်။

'ဖိုးတင်ကို... ဝိစ္စာကင်တင်းက ရွှေစားသောက်ဆိုင်သွား အဲဒီမှာစုံမယ်'

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကပြေးသွားသော တင်ကိုကိုအား ကျွန်တော်က နောက်က နေ လှမ်းအော်လိုက်သည်။ နောက်ကိုလှည့်ကြည့်သောအခါ လုံခြုံ ရေးဝန်ထမ်းတွေလိုက်လာတာ မတွေ့ရမှ သက်ပြင်းချနိုင်ပါတော့ သည်။

သည်အချိန်ထိ မွန်မွန်ဦးက အကြောက်မပြေသေးဘဲ ကျွန် တော့်လက်ကို တင်းကျပ်စွာ ဆုတ်ထားဆဲဖြစ်သည်။

'မမွန်မွန်ဦး… ဘယ်သူမှ လိုက်မလာတော့ဘူး'

ဒဿနိကဗေဒ စာသင်ဆောင်ခန်းတွေနားရောက်ခါနီးတွင် ကျွန်တော်က အကြောက်မပြေသေးသော မွန်မွန်ဦးကို ပြောသောအခါ မွန်မွန်ဦးက သူ့မလက်ကို ရုတ်လိုက်ရင်း…

'ဒါမျိုးမကြုံဘူးတော့ လန့်သွားတာပဲ၊ တော်ကြာမိသွားလို့ ထောင်တွေဘာတွေထုတ်ရင် အရှက်ကွဲပြီ'

'မထုတ်ပါဘူးဗျာ၊ ဒါက တက္ကသိုလ်ကျောင်းသားတွေ ဒီလို ချင်းအပျော်သဘော ကစားကြတာပဲ၊ အခုဟာက အပန်းဖြေခန်းမထဲမှာ ဆိုတော့ လူမြင်မကောင်းလို့ သတိပေးဖို့လာတာ ဖြစ်မှာ၊ ဘယ်နှယ် ဗျာ ဒီကောင်ကိုက ဘယ်လိုဒီလိုဖြစ်အောင်လုပ်တာလဲပဲ သိချင်နေတာ'

'သိချင်ရင်လည်း သူနဲ့တွေ့မှမေးတော့'

ကျွန်တော်နှင့် မွန်မွန်ဦးတို့ ဒဿနိကဗေဒစာသင်ခန်းများ ရှေ့မှ ဒီနှာကင်တင်းဆီသို့ လာခဲ့ကြသည်။ ကျောင်းသားတွေက ကျွန်တော်တို့အဖြစ်ကို လုံးဝမသိရေးချမသိ။

*

ဒီနှာကင်တင်း စားပွဲမှာတော့ တင်ကိုကိုက ပိုက်ဆံတွေ ကို ရေတွက်နေပြီး သော်တင်း၊ အောင်နိုင်ဦး၊ ကပ္ပိယ၊ တင်ကိုကိုနှင့် ဒိုင်စပ်တူကိုင်သော ကျောင်းသူတွေပါ ရှိနေကြသည်။ ဘယ်ကနေ ဘယ်လိုပြေးလို့ ကျွန်တော်နှင့် မွန်မွန်ဦးတို့ထက် ကြိုရောက်နေသလဲ မသိပါ။

'လာဟေ့… ဧည့်သည်တော် ဒိုင်၊ မင်းဒိုင်အကိုင်ကောင်း တာ ထောင့်ငါးရာနိုင်တယ်၊ လုံခြုံရေးတွေကိုတောင် ကျေးဇူးတင်ရဦး မှာ'

'တော်ပါ ကိုတင်ကိုကိုရယ်၊ မိလို့က ပြီးပြီ'

တင်ကိုကိုက ကျွန်တော့်ကို လှမ်းပြောတာ ကျောင်းသူတစ်ဦး က ဝင်ပြောပါသည်။

'ဟဲ့… မိသန္တာ အဲဒါ နင်စတာလေ၊ အိမ်ကနေ အံစာတုံး ယူလာတာ ကိုယ့်ဘာသာ ကိုယ်ထားပါလား၊ ဘာလဲ ချန်စယ်လာ လက်ဖက်ရည်ဆိုင်မှာ ကိုတင်ကိုကိုတွေ့တော့ သွားပြတာ၊ ဟိုက လက်ဖက်ရည်တိုက်ကြေး အပန်းဖြေခန်းမထဲမှာ အံစာတုံးခေါက်မယ် ဆိုပြီး လုပ်ရင်းက ဘေးကကျောင်းသားတွေပါ ရောက်လာရင်း ဒီလို ဖြစ်ကုန်တာ'

ဝေယံလင်းရှင်းတော့မှပဲ အမိကလက်သည်တရားခံကို သဘောပေါက်သွားပါသည်။

'ဖိုးတင်ကို…နောက်ရက်တွေမလုပ်နဲ့နော်၊ ကျုပ်တို့အဆောင် မှာ ပြဿနာမရှိဘူး'

'စိတ်ချပါကွာ၊ ကဲ… အနိုင်တွေကို အောင်ပွဲခံမယ်၊ ဘာစား မလဲ'

တင်ကိုကိုက မေးလို့မဆုံးခင် ကပ္ပိယက….

'ကိုရွှေ…ဝက်ကုန်းဘောင်၊ ကြက်ခြောက်စပ်၊ အစိမ်းကြော် အသားစုံကြော်၊ ဆယ့်နှစ်မျိုးဟင်းချို၊ မွှေကြော်၊ ကြက်ပဲဝဗီ အမြန် လုပ် ထမင်းစားမယ်'

'ကပ္ပိယ မင်းတော်သမျှ အတိုးချစားတော့မယ်ပေါ့၊ ဟော

www.burmeseclassic.com



လား၊ မသထာစရာကွာ’

အောင်နိုင်ဦးက ကပ္ပိယကို ကြည့်ပြီး ပစ်ပစ်နှစ်နှစ်ဝေဖန်ပါသည်။

‘ဟောကောင်…. အောင်နိုင်ဦး မင်းကကော မငတ်လို့လား၊ ပြောစမ်း၊ ဒါမျိုးက စားရခဲတယ်၊ အောင်မြင်လို့စားရတာ၊ အတူတူစားခဲ့သူချင်း မင်းက လာမတင်စီးနဲ့၊ တကယ်တော့ ဒီလိုအောင်ပွဲခံဖို့ ရဲကျော်ကြောင့်ဖြစ်လာရတာ’

ကပ္ပိယ လက်သီးလက်မောင်းတန်းပြီး ပြန်ရန်တွေ့သည်။

ဒါကို ဝေယံလင်းက…

‘စကာမများနဲ့ကွာ၊ စားရမှာ အာရုံနောက်တယ်’

‘ဟုတ်တယ်၊ ဟုတ်တယ်’

ထိုင်နေသူအားလုံးက တညီတညွတ်တည်း ဝိုင်းထောက်ခံပါသည်။ အငွေ့တထောင်းထောင်းထနေသော ဟင်းလျာများက စားပွဲဝိုင်းသို့ ရောက်လာသောအခါ ခေါင်းမဖော်နိုင်အောင် စားလိုက်၊ စကားပြောလိုက်၊ ရယ်လိုက်၊ မောလိုက်နှင့် ထမင်းလိုက်ပွဲတွေဆီ၌ အဆာနဲ့တွေ အထပ်လိုက်ပုံနေပါသည်။

✽

‘ဟာ… တင်မောင်ဆွေ’

ကျွန်တော်တို့ အဆောင်သို့ရောက်သောအခါ တင်ကိုကို၏ အခန်းတံခါး ဖွင့်နေသဖြင့် ကြည့်မိသောအခါ တင်မောင်ဆွေတစ်ယောက် ခုတင်ပေါ်မှာ ထိုင်ရင်း ကွမ်းဝါးနေသည်။

တင်မောင်ဆွေက အလုံမှာရှိသော သူ့ဦးလေးတစ်ယောက်နေမကောင်းဖြစ်တာ ပြုစုပြီးသားသမီးတွေက နယ်ရောက်နေသဖြင့် အဆောင်မှာမနေဘဲ ဦးလေးအိမ်မှာ သွားနေရင်း ကျောင်းတက်လိုက်



ဦးလေးအိမ်ပြန်လိုက်၊ ကျောင်းပျက်လိုက်နှင့် တစ်လနီးပါးရှိတာ ယခု အဆောင်သို့ ပြန်လာလို့ဖြစ်သည်။

တင်ကိုကိုခမျာ သူနှင့်ရန်ဖြစ်ဖော် အခန်းဖော်တင်မောင်ဆွေ ပြန်ရောက်လာသဖြင့် အတော်ဝမ်းသာသွားပုံရသည်။

‘တင်မောင်ဆွေရာ မင်းတော့ပွဲကြီးပွဲကောင်း နည်းနည်းလွတ်သွားတယ်’

‘ဘာပွဲကြီးပွဲကောင်းလဲကွ’

‘ပွဲကြီးပွဲကောင်းကတော့ကွာ’

တင်ကိုကိုက သည်နေ့တွေ့သမျှကြုံသမျှတွေကို အသေးစိတ် ဆရာတစ်ယောက်က တပည့်တစ်ယောက်ကို သင်ခန်းစာပို့ချသလိုမျိုး ရှင်းပြနေပါသည်။

ဒါကို တင်မောင်ဆွေက ကျေနပ်သလိုမျိုး ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။

‘အလကားလူတွေ၊ ရှိတုန်းကကြတော့ ဘာဖြစ်တယ် ညာဖြစ်တယ် စကာပ်ပြီး ရန်ဆောင်၊ မတွေ့တာလည်းကြာရော ကွဲသွားတဲ့ သင်မယားတွေကြနေတာပဲ၊ ဒီတစ်ခါ အဲဒီနှစ်ယောက် ရန်ဖြစ်စကားများရင် သူတို့ရှင်းပြတာ နားမထောင်နဲ့၊ အချိန်ကုန်တယ်’

ဝေယံလင်းက ဗျစ်တောက်ဗျစ်တောက်နှင့်ပြောရင်းက အခန်းတံခါးသော့ကို ဖွင့်နေသည်။ ကျွန်တော်လည်း အခန်းတံခါးသော့ ဖွင့်သွားသဖြင့် ဝေယံလင်းနောက်ကနေ လိုက်ဝင်လာခဲ့သည်။

‘ကိုကြီးကျော်… ဒါနဲ့မေးပါရစေဦး၊ အဲဒါတုံးခေါက်တုန်းက ကျွန်တော်တို့ထွက်ပြေးတာ ကိုကြီးကျော်နဲ့ မွန်မွန်ဦးက ဘယ်လိုဖြစ်လို့အတူယှဉ်တွဲပြီး ရောက်လာတာလဲ’

ဝေယံလင်းက ရောက်ရောက်ချင်းဆိုသလို မေးခွန်းထုတ်လိုက်သဖြင့် ကျွန်တော့်မှာ ရှင်းပြရပါသေးသည်။

www.burmeseclassic.com



'ကိုကြီးကျော်… မွန်မွန်ဦးက ကိုကြီးကျော်လက်ကို ကြော
လို့လာခဲ့တာကို သာယာမနေနဲ့နော်၊ ခံသွားရမယ်၊ အဲဒီမွန်မွန်ဦးနဲ့
ကြမှ ကိုကြီးကျော် ခံစားရတာတွေက ကြုံဖူးတာတွေနဲ့ပိုဆိုးမယ်'

'စိတ်ချပါကွာ၊ လမင်းက ငါ့ကိုအချစ်အတွက် လေပြည်
ညှင်းကို အဖော်ခေါ်ပြီး လာမြူဆွယ်လည်း ငါက သနားတယ်၊ ငါ့
ဘဝ်တျင်းလေးထဲမှာ ငါ့ဘာသာငါ တစ်ကိုယ်တော်နေရင်း ဘဝဟာ
ချင်းမြေနေတာ၊ အချစ်မလိုဘူး၊ ဒီနှစ်စာသင်ပြီးရင် ခွဲခွာရမယ့် သူငယ်
ချင်းတွေ မခွဲခွာခင်မှာ ပျော်ပျော်ရွှင်ရွှင်ပညာသင်ကြားဖို့ပဲလိုတယ်'

ကျွန်တော့်စကားကြောင့် ဝေယံလင်းထံမှ ဘာစကားသံမှ
မကြားရတော့ဘဲ ငြိမ်သက်တိတ်ဆိတ်သွားပါသည်။

'ဟုတ်တယ် ကိုကြီးကျော်၊ ဒီနှစ်စာမေးပွဲတွေပြီးရင် မျိုးမင်း
တို့တို့လို တင်မောင်ဆွေတို့၊ ဉာဏ်စိုးဝင်းတို့လို ဂုဏ်ထူးတန်းသမား
တွေပဲ ကျန်ခဲ့မှာ၊ ကျွန်တော်တို့က ကွာလဖိုင်းဝင်လည်း ဒီအဆောင်ကို
ခွဲခွာရမှာ ရိုးရိုးအောင်ရင် ကျွန်တော်တို့ သထုံဆောင်ကျောင်းသား
ဘဝကပြီးပြီ၊ ကျွန်တော် အဲဒီနေ့ရက်တွေရောက်လာမှာ သိပ်ကြောက်
တာ'

'ဒါကတော့ ဝေယံလင်းရာ အဆောင်နေကျောင်းသားတိုင်း
ခံစားရတာပဲဟာ၊ စိန်ရတုပွဲတော်ကျတော့ တို့တွေပြန်တွေ့ကြ
တာပေါ့'

ပြောမည့်သာပြောတာပါ။ ကျွန်တော်လည်း ဝေယံလင်းနည်း
တူ နှစ်ကာလပညာသင်ကြားခဲ့ရသော တက္ကသိုလ်ကြီးနှင့်သထုံ
ဆောင်ကို ခွဲခွာရမည်ဆိုလျှင် မည်ကဲ့သို့ ခံစားရလေမလဲ မသိပါ။
ကျွန်တော့်သို့ သထုံဆောင်နေ ကျောင်းသားတိုင်း ခံစားမိမှာ
ကတော့ ကျွန်တော်ပြောတို့ဝင် လိုမည်မထင်ပါ။

■

ဝါသနာတွေအပေါ်
အနုပညာတွေ သွန်းလောင်းခဲ့တယ်
တကယ်တည်း…
ဘဝမှာ
မေ့လို့ကိုမရတော့ဘူး…။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

ကျွန်တော်တို့ သထုံဆောင်က စိန်ရတုအကြို ညစာစားပွဲလုပ်ဖို့ အတော့်ကိုတက်ကြွနေကြသည်။ ကျောင်းသားဟောင်းကြီးများကလည်း သူ့အစီအစဉ်နှင့်သူ။ မျိုးဆက်သစ်ကျွန်တော်တို့လို ကျောင်းသားတွေကလည်း ကိုယ့်အစီအစဉ်နှင့်ကိုယ် တင်ဆက်ကြဖို့ အစီအစဉ်တွေ ဆွဲကြပါသည်။

စတိတ်ရှိုးဖြေဖျော်မှုကလည်း ပါမည်။ ပြီးတော့ ပြဇာတ်ကိုတစ်ပုဒ်ကလည်း ပါဦးမည်။ ထို့အတွက် တီဗွီမှ အခန်းဆက်ပြသနေသော မျောက်မင်းစွန်းဂုခုန်းကို အခြေခံပြီး Jouryney in the University ဆိုသည့် ပြဇာတ်ကို စီစဉ်တင်ဆက်ဖို့ ကျွန်တော်က ဇာတ်လမ်းရေးရသည်။ ပြီးတော့ မောင်မောင်ကျော်မိုးတို့အတွက် ဘွဲ့နှောတေးသရုပ်ဖော်ကိုလည်း ကျွန်တော်က ဦးစီးဇာတ်တိုက်ရသည်။ ထို့အပြင် ကျွန်တော်တို့ သထုံဆောင် တတိယထပ် မျက်နှာစာဘက်မှ ကျောင်းသားတွေ နှစ်စဉ်သီဆိုသော Pky-40 (ပေါက်ကရ လေးဆယ်) အဖွဲ့အတွက်လည်း ဇော်ဝင်းရှိန်၏ 'ဘီယာကျန်သေးလား' သီချင်းအလိုက် 'အပြင်မှာဝယ်စားလိုက်' သီချင်းကိုလည်း ရေးရပါသေးသည်။

www.burmeseclassic.com



ထိုအချိန်များမှာ ကျောင်းစာလည်း မကျက်နိုင်။ အတန်းလည်း မတက်နိုင်ပါ။

တစ်ခန်းရပ်ပြဇာတ်အတွက် မည်သူတွေ ပါဝင်မလဲဆိုပြီး လူရှာသောအခါ တော်တော်ရှာရပါသည်။

တင်ကိုကို၊ ဝေယံလင်း၊ ဉာဏ်စိုးဝင်း၊ မြင့်လွင်၊ ထားဝယ်သား၊ နေလင်းအောင်၊ ရခိုင်ထွန်းအောင်နှင့် ကျွန်တော်ဖြစ်ပါသည်။

ပြဇာတ်အတွက် လူရသောအခါ ကျွန်တော့်မှာ အသေးစိတ်တစ်ဦးချင်းစီအတွက် ရေးရပါသည်။

ထိုရက်တွေမှာ ဘယ်မှမသွားနိုင်ပါ။

★

'ကဲ… ရဲကျော် ဇာတ်လမ်းရဲ့ သဘောသဘာဝကို ပြောပါဦး'

သထုံဆောင် ထမင်းစားဆောင်မှာ ဇာတ်စတိုက်ဖို့လုပ်စဉ်မှာပဲ တင်ကိုကိုက စမေးပါသည်။

'ဒီလို ငါက ဂူနန်းလုပ်မယ်၊ ထားဝယ်သားက စကားမပီသေး ဘုန်းကြီးလုပ်မယ်၊ ထွန်းအောင်က ပါကျဲလုပ်မယ်၊ ရခိုင်က ဆောင်းထမ်းပြီး ဆားကျွင့်လုပ်မယ်၊ ငါတို့တွေက ရန်ကုန်တက္ကသိုလ် ကိုရောက်အကြံဆိုပြီး လာလည်ဖို့ တက္ကသိုလ်ထဲလာရင်း ခရီးလှည့်တာ၊ အဲဒီ မှာ ထော်ပဦးဆုံး အမ်ပတီလမ်း ဂိတ်စောင့်နတ်နဲ့ တွေ့မယ်၊ အဲဒါ မြင့်လွင်က ဂိတ်စောင့်လုပ်မယ်၊ မြင့်လွင်က ဝင်ခွင့်မပေးလို့ ငါတို့ အင်္ဂလိပ် Speaking ပြိုင်တာ မဟာဇနက္ကဇာတ်ကို အင်္ဂလိပ်လို ပြိုင်တာ မနိုင်လို့ မှူးအားနဲ့ ဝေယံလင်းစောင့်တဲ့ စာကြည့်တိုက်နတ်နဲ့ တွေ့၊ ဉာဏ်စိုးဝင်းစောင့်တဲ့ ပန်းခြံစောင့်နတ်နဲ့တွေ့၊ တင်ကိုကိုက



သီရိ ဆောင်စောင့်တဲ့ သရဲမ၊ ပြီးတော့ နေလင်းအောင်နဲ့ကျမှ ဇာတ်ရှိန်တက်မယ်၊ ဒီကောင်က သစ်ပုတ်ပင်စောင့်တဲ့ စုန်းမလုပ်ရမယ်၊ သူနဲ့ ငါနဲ့ ပြိုင်တာလုံးဝမနိုင်ဘူး၊ နောက်ဆုံးမှ ရခိုင်ကိုင်ထားတဲ့ ဆောင်း ထဲကပဟာနဲ့ပစ်တော့မှ သေသွားတာ၊ အဲဒါက ဘာလဲမေးမှ သက်ပစ် ဗုံးဆိုပြီး ငါကပြောတော့ မင်းတို့က ဝိုင်းရိုက်ရင်း ဖွင့်ဖြတ်မယ်'

ကျွန်တော်က ရှင်းပြပြီးသောအခါ ထားဝယ်သားက…

'ရဲကျော်… ငါက စကားဝဲတော့ဖြစ်ပါ့မလား'

'မပူနဲ့ ထားဝယ်သား၊ မင်းက ရှီးဖောဆိုပြီး ဘာမှမပြောနဲ့၊ ပေါ်မီးစောဖောလို့သာ သတိရတိုင်း ထပ်တလဲလဲပြော၊ အဲဒီအလုံးက ခွဲကျမယ်'

'ရတယ်၊ ပေါ်မီဆော်ဖော်'

အရေးထဲ ထားဝယ်သားက ပါးစပ်ကနေ ရွတ်နေသဖြင့် ထားရပါသေးသည်။

'ရဲကျော်… ငါက သီရိဆောင်စောင့်တဲ့ သရဲမဆိုတော့ မိတ် ကပ်တွေဘာတွေ ဝီပြောင်အောင်လူးမယ်'

'ကြိုက်သလိုလုပ် ဖိုးတင်ကို'

'ရဲကျော်… ငါက ပန်းခြံစောင့်နတ်ဆိုတော့ ငါ့ရဲ့ဝိတ်မတဲ့ သက်မောင်းသားအလှပေါ်အောင် အင်္ကျီချွတ်မယ်'

'ချွတ်ရုံမကဘူး ဉာဏ်စိုးဝင်း၊ မင်းက ပရိသတ်ဘက်ကို လှည့်ပြီး မင်းရဲ့လက်မောင်းအလှကို ပြလို့ရတယ်'

ဉာဏ်စိုးဝင်းက တော်တော်ကျေနပ်သွားပုံရပါသည်။ သူ့လက်မောင်းသား ကြွက်သားတွေကို ဖျစ်ညှစ်ထုတ်ပြနေ၍ ထားရပါသေးသည်။

www.burmeseclassic.com

အရင်ဆုံး ပါဝင်ကပြမည့်သူများကို ကိုယ့်နေရာအလိုက် ပြောရမည့် စာသားတွေကို ကူးခိုင်းပြီး အလွတ်ကျက်ခိုင်းရပါသည်။

ပြီးတော့ ဘွဲ့နှင်းသဘင်ကမည့် မောင်မောင်ကျော်မိုးတို့အဖွဲ့ကို မည်သို့ချည်ပုံ သီချင်းစာသား ဘယ်နေရာမှာ သင်မည်ဆိုပြီး ညွှန်ကြားရပါသေးသည်။

ထို့အတွက် လုပ်ချင်တာ ကိုယ်လုပ်ရသဖြင့် ပင်ပန်းရမှန်းပင် မသိနိုင်ပါ။

✱

ချန်စယ်လာ စားသောက်ဆိုင်ထဲမှာ မြကျွန်းညိုညို့ တက္ကသိုလ်သီချင်းက ပျံ့လွင့်နေသည်။ လက်ဖက်ရည်သောက်ချင်သဖြင့် ဆိုင်ထဲသို့ မဝင်တော့ဘဲ ဆိုင်ရှေ့က အပင်အောက်ရှိ စားပွဲခုံမှာ ဝင်ထိုင်လိုက်သည်။

ဆိုင်ထဲကနေ လှမ်းခေါ်သံကြားသဖြင့် ကြည့်သောအခါ မျိုးခင်းကိုနှင့် ခင်ခင်သင်း၊ ညာဏ်စိုးဝင်းနှင့် အေးအေးရီတို့စုံတွဲဖြစ်နေသည်။

ကျွန်တော် လက်ပြန်ပြလိုက်ပြီး သည်မှာပဲ ထိုင်မည်ဟု အမူအရာဖြင့် ပြမိသည်။

ဆိုင်ထဲကစုံတွဲနှစ်တွဲကတော့ စားလိုက်သောက်လိုက် စကားပြောလိုက်နှင့် အဟုတ်ကြီးဟုတ်နေလို့။

ထိုအချိန်မှာပဲ ကျွန်တော်ရှိရာ စားပွဲဝိုင်းသို့ လှမ်းလာနေသော ခြေသံတွေက သစ်ရွက်ခြောက်တွေပေါ် ဖြတ်နင်းလာတာ ကြားလိုက်ရသဖြင့် ကြည့်မိသောအခါ မှုန်မှုန်ဦးဖြစ်နေပါသည်။

'မှုန်မှုန်ဦးပါလား'



'ထိုင်လေ'

ကျွန်တော်က ထိုင်ခုံစားပွဲခုံအောက်ကနေ ဆွဲယူပြီးပေးလိုက်သည်။

'ဘယ်လိုလဲ၊ ပျောက်နေပါလား ကိုရဲကျော်'

'ဟုတ်တယ်၊ အဆောင်မှာ Dinner ကိစ္စအတွက် ပြဇာတ်တွေကော တေးသရုပ်ဖော်ကော ဟာသသီချင်းပါ ဇာတ်တိုက်နေရလို့'

'Dinner ကျရင် ကျွန်မကိုရော ဧည့်သည်အဖြစ် ဖိတ်မှာလား'

'ဆုငွေများများပေးရင်တော့ ဖိတ်မှာပေါ့'

'ဒါဆိုမလာဘူး'

မှုန်မှုန်ဦးကပြောရင်းကနေ နှုတ်ခမ်းဆူပါသည်။

'ဘာစားမှာလဲ မမှုန်မှုန်ဦး'

'ဆီချက်မှာပေးပါ'

ကျွန်တော်က ဆီချက်တစ်ပွဲလှမ်းအော်မှာပါသည်။

မှုန်မှုန်ဦးက ဘာဖြစ်လို့လဲမသိ ကျွန်တော့်ကိုအကဲခတ်ရင်းမှ

'ကျွန်မ တစ်ခုမေးပါရစေ ကိုရဲကျော်၊ ရှင်က တက္ကသိုလ်မှာ ဒီလောက်လူချစ်လူခင်ပေါ ပျော်ပျော်နေတတ်တာ သိတဲ့လူတွေကလည်း အများကြီး၊ ရှင့်မှာချစ်တဲ့ချစ်သူမရှိဘူးလား၊ တစ်ခါမှ ကျွန်မတွဲတာမတွေ့လို့'

မှုန်မှုန်ဦး မေးပြီးသည့်အချိန်မှာပဲ မှာထားသောဆီချက်က ရောက်လာပါသည်။ မှုန်မှုန်ဦးက ဆီချက်ကို တူနှင့်မွှနေပါသည်။

'မရှိပါဘူးဗျာ'

'စကားကို အဲဒီလိုလွှဲမပြောနဲ့လေ၊ ရှင့်ရဲ့စကားသံတွေထဲမှာ တစ်စုံတစ်ခုကိုလွမ်းတဲ့ အလွမ်းတွေပါနေတယ်'

www.burmeseclassic.com



ကျွန်တော်ပြူးရင်းက ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ဘက်သို့ ကြည့်လိုက်ပါသည်။ ကျွန်တော် ရင်ခုန်သွားပါသည်။

ကျောင်းသားတစ်ဦးက ကုံကော်ပန်းကိုခူးပြီး ကျောင်းသူတစ်ဦးကို ပေးနေတာမြင်ရပါသည်။ ကျွန်တော် ဆုတောင်းနေမိပါသည်၊ ကျွန်တော့်လိုမဖြစ်ပါစေနှင့်လို့။

'ပြောလေ ကိုရဲကျော်၊ ဘယ်လိုဖြစ်လို့ နှုတ်ဆိတ်သွားတာလဲ၊ ဘာလဲ အတိတ်ကို ကျွန်မက ဖော်ပေးသလိုဖြစ်သွားပြီလား'

'ကျွန်တော်က အလွမ်းတွေကို အင်းလျားရေထဲမျှော်ခဲ့တာကြာပြီဗျာ။ ဘဝမှာမြတ်နိုးသူအချို့ကိုတွေ့ခဲ့ပါတယ်၊ ဒါပေမဲ့ အတိတ်က ဘယ်လိုသော အကြောင်းအရာရယ်တွေကြောင့်မသိ အလွဲချည်းပဲ၊ ဒီတော့ အချစ်ဆိုတာ ကျွန်တော်နဲ့ လုံးဝမသက်ဆိုင်တော့ဘူးဆိုပြီး ဆုံးဖြတ်ပြီးကတည်းက ကျွန်တော့်ရင်မှာ အချစ်မရှိဘဲ ကိုယ်လုပ်ရကိုက် လုပ်လာခဲ့ရင်း သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါးပညာသင်ကြားတဲ့ဘဝကို ဖြတ်သန်းနေမိတယ်၊ သိပ်ကောင်းတာပဲ၊ အချိန်တော့ အချစ်အတွက်မကုန်တော့ဘူးပေါ့ဗျာ'

မွန်မွန်ဦးက လက်ထဲမှာကိုင်ထားသော တူကို ဆီချက်ပန်းကန်ထဲ မြှပ်ချလိုက်သည်။

'ဒါဆို ဘဝမှာရှင်က တစ်သက်လုံးအချစ်မရှိဘဲ ဖြတ်သန်းမလို့လား'

'ဒါတော့ မပြောနိုင်ပါဘူး မမွန်မွန်ဦးရယ်'

'ကျွန်တော်ချည်း ရှင့်ကို အချစ်အကြောင်းမေးနေတာ ရှင်တော့ ကျွန်မကို မေးချင်ဘူးလား'

'သူများအကြောင်းကို ကျွန်တော် စိတ်မဝင်စားချင်ပါဘူးဗျာ၊ ကျွန်တော့်အကြောင်းပဲ ကျွန်တော် စိတ်ဝင်စားပါရစေ မမွန်မွန်ဦးရယ်'



မွန်မွန်ဦးက ဘာစကားမှ ပြန်မပြောတော့ဘဲ စားလက်စ ချိုချဉ်ခေါက်ဆွဲကိုသာ ကုန်အောင်ဆက်စားနေပါသည်။ စားပြီးသောအခါ စားပွဲထိုးကိုခေါ်ပြီး ပိုက်ဆံရှင်းပါသည်။ ကျွန်တော်က ရှင်းမည်ဟု ပြောသော်လည်း မရပါ။ သူမက ပိုက်ဆံရှင်းပေးပါသည်။

'ကိုရဲကျော်… ရှင်တကယ်ပဲ အတာလား၊ အချင်ယောင်ဆောင်တာလား'

မွန်မွန်ဦးက ထိုင်ခုံမှအထ ကျွန်တော့်ကိုမေးပါသည်။

'ကျွန်တော် တကယ်လူအပါ မမွန်မွန်ဦး'

'သြော်… ဒါဆိုလည်း အလက်ဆနဲ့ ဆက်သာအပေတော့ပေါ့လား'

ဘာကြောင့်မှန်းမသိ။ မွန်မွန်ဦးက ခေါသသံပါပါနှင့်ပြောရင်း ကျွန်တော်ထိုင်နေသည့် စားပွဲဝိုင်းကနေ သစ်ရွက်ခြောက်များကို အနှိပ်နှင့်မညှာမတာနင်းရင်း ထွက်သွားပါသည်။

ကျွန်တော့်မှာသာ အူကြောင်ကြောင်ကြီး ကျန်ရစ်ခဲ့ရပါတော့သည်။

❦

'မွန်မွန်ဦးကို အဲဒီလိုပြောတာ သိပ်မှန်တယ် ကိုကြီးကျော်၊ သူ့မှာတွဲစရာဘဲမရှိလို့ ကိုကြီးကျော်ကို လူအဘာညာဆိုပြီး လာချိပ်တာ၊ ဒီတစ်ခါတော့ ငါ့အစ်ကိုမဆိုးဘူး၊ သူက တကယ်ရည်းစားများသို့ ကျွန်တော် တားတာပါ'

နေ့လည်က မြင်ကွင်းကို ချန်စယ်လာ လက်ဖက်ရည်ဆိုင်ထဲမှ မျိုးမင်းကိုနှင့် ညဏ်စိုးဝင်းတို့အတွဲတွေက မြင်သွားပြီး အဆောင်ရောက်တော့ ဝေယံလင်းကို ဖောက်သည်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း အဖြစ်မှန်ကို ရှင်းပြပါသည်။

'ဒီလိုဆို ရဲကျော်၊ မင်းက အဆောင် Dinner မှာ မွန်မွန်ဦး
ကို မဖိတ်ဘူးပေါ့'

'မဖိတ်တော့ဘူး ဖိုးတင်ကို၊ တော်ကြာ သံယောဇဉ်ရှည်
မယ်'

'မဟုတ်သေးပါဘူး ရဲကျော်ရာ၊ ဖိတ်တာတော့ ဖိတ်လိုက်
သူငယ်ချင်းအဖြစ်နဲ့ပေါ့ကွာ၊ ပြောမယ့်သာပြောတာ၊ ငါနဲ့နိုင်နိုင်
အဲဒီလိုမျိုးသာဆို၊ လူအလို့ ပြောလို့ကတော့လားကွာ၊ ကိုယ်က မ
ပါဘူး နိုင်နိုင်ရယ်၊ အချစ်နဲ့တွေလို့ ဆွဲအလေးဖြစ်နေတာလို့ပြောမှာ'

တင်ကိုကိုက ရုပ်ကြမ်းကြီးနဲ့ နွဲ့တာ တင်မောင်ဆွေ
နားခေါင်းရှုံ့လိုက်ရင်းမှ...

'တော်စမ်းပါ တင်ကိုကိုရာ၊ အဖြစ်ရှိတာလည်းမဟုတ်
နဲ့၊ ပထမနှစ်ကတည်းက အခုပဲ နောက်ဆုံးနှစ်ရောက်နေပြီ၊ ဟို
ရည်းစားရှိမှန်းမသိဘာမသိနဲ့'

'တင်မောင်ဆွေ... မင်းတော်တော့၊ ငါ့ရဲ့နှလုံးသားရေး
ကိစ္စတွေကို ပုတ်ခက်နှိမ့်ချ စော်ကားစရာမလိုဘူး၊ ချစ်တတ်တဲ့
ဆွေဟာ မျိုးသပ်တတ်ရမယ်ဟေ့'

တင်ကိုကိုခမျာ အနာပေါ်တုတ်ကျသွားသဖြင့် တော်တော်
ဆော်ဆွဲသွားပါသည်။

သည်ပွဲကို ကျွန်တော်ဖြတ်မှုရတော့မည်။ ဒါမှမဟုတ်လျှင်
တေးအစ်ဆိုးပွဲက မခေါ်မပြောနိုင်သော အဆင့်သို့ရောက်ပေတော့
မည်။

'တော်ပြီ၊ ဖိတ်ကိုက်ဖို့သွားမယ် ဖိုးတင်ကို၊ ခင်ဗျား
သီရိဆောင်သနဲ့ခ လုပ်ရမှာ၊ အလွမ်းသီချင်းစာသားတွေ အလွတ်
ပြီလား'



'ဟော့ကောင်... မရှည်နဲ့၊ ငါ့ကိစ္စ ငါသိတယ်'

ကျွန်တော်က အခန်းထဲကနေ ထမင်းစားဆောင်ဆီ အရင်
သွားသည်။ ဝေယံလင်းက ပါဝင်သူတွေကို ဖိတ်ကိုက်ဖို့ နိုးဆော်
နေပါသည်။

★

ထို့နောက်တော့ သထုံဆောင် **ထမင်းစားဆောင်**သည်
ဘုရှေ့ဒ်ဝေးပြဇာတ်ရုံကြီးလို ကျွန်တော်တို့ **စကားသံ**၊ ရန်ဖြစ်သံ
ဖိတ်ကိုက်သံ၊ သရုပ်ဆောင်သံများနှင့် အသက်ဝင်လျက်ရှိနေပါတော့
သည်။

★

**(၇၅)နှစ်မြောက် ရန်ကုန်တက္ကသိုလ်စိန်ရတုအကြို**
**သထုံဆောင်**
**နှစ်လည်ညစာစားပွဲနှင့် ကျောင်းသားဟောင်းများ**
**မိတ်ဆုံစားပွဲ**
**၂ · ၇ · ၉၅**

အနက်ရောင်ကတ္တီပါ နောက်ခံကားချပ်ပေါ်မှာ အနီရောင်
တွင်းထားသော စာလုံးတွေက ရန်ကုန်တက္ကသိုလ် အပန်းဖြေခန်းမထဲ
မှာ ထည်ဝါခန့်ညားလို့နေပါသည်။

သထုံဆောင် ညစာစားပွဲမှာ အစီအစဉ်တွေကလည်း ဟင်းခ
ပြီးတစ်ခု မထပ်စေရပါ။

စတိတ်ရှိုးအစီအစဉ်က ယခု တစ်ယောက်သီဆိုတာ ပြီးဆုံး

www.burmeseclassic.com



လျှင် ဘွဲ့နှောတေးသရုပ်ဖော် ကပြကစမည် ဖြစ်သည်။ ကျွန်ပ
က မောင်မောင်ကျော်မိုးတို့အဖွဲ့ကို အဆင်သင့်ဖြစ်ဖို့ သတိပေး
သေးသည်။

စင်မြင့်ပေါ်မှာတော့ ရှမ်းပြည်နယ် တောင်ကြီးသားဆေ
အရေ့တိုင်းဘာသာရပ်မှ အစိုင်းက မောင့်လပြည့်ဝန်းသီချင်းကို အ
သီဆိုပြီးသွားသောအခါ လက်ခုပ်သံတွေ လျှံထွက်သွားပါသည်
အစိုင်းက ကျေနပ်သော ခြေလှမ်းတွေနှင့် စင်ပေါ်က ဆင်းလာသည်
တီးဝိုင်းသမားတွေလည်း ပထမပိုင်း သူတို့အစီအစဉ်ပြီး၍ စင်ပေါ်က
ဆင်းလာကြသည်။

'သထုံဆောင်ကျောင်းသားများရဲ့ ဘွဲ့နှောတေးသရုပ်ဖော်အစီ
အစဉ်ကို ဆက်လက်အားပေးကြပါဦးရှင်'

အစီအစဉ်ကြေညာသူ ကျောင်းသူက ကြေညာပြီးချိန်မှာ
စောစောက စင်မြင့်ပေါ်ကနေ သီဆိုပြီးဆင်းလာသော အစိုင်းက
ဘာကျွန်ရစ်ခဲ့လို့လည်းမသိ။ စင်မြင့်ပေါ် ပြန်တက်ကာ မိုက်ကရို
ဖုန်းရှေ့မှာ ရပ်လိုက်သည်။ ဆူညံနေသော ပရိသတ်တွေ ဘာဖြစ်
သလဲဆိုပြီး သီချင်သဖြင့် တိတ်ဆိတ်သွားသည်။

'ဒီလူသားသစ္စာ ကမ္ဘာတည်သ၍ပါပဲလေ'

အစိုင်းက ထိုစာသားကို ရွတ်ပြီး စင်မြင့်ပေါ်ကနေ ပြန်ဆင်း
သွားသည်။ ထိုအခါကြမှပဲ မောင့်လပြည့်ဝန်း သီချင်းထဲမှ စာသား
ထွက်ခဲ့သို့ စင်ပေါ်ပြန်တက်ဆိုမှန်း ပရိသတ်တွေ သဘောပေါက်ပြီး
ရယ်ကြပါတော့သည်။

အဆောင်နည်းပြ ဦးအောင်ချို့ထွန်းက ကျွန်တော့်နားရောက်
လာရင်း ရယ်ရင်းက…

'ဒီကောင်တတော့ကွာ၊ လုပ်ချလိုက်ပြန်ပြီ'



'ဖြစ်တတ်ပါတယ် ဆရာရယ်'

ကျွန်တော်ကလည်း ရယ်ရင်းမှ မောင်မောင်ကျော်မိုးတို့အဖွဲ့
ကို သီချင်းတီးလုံးစတာနှင့် စင်မြင့်ပေါ်တစ်ယောက်ချင်းတက်ဖို့
ချက်ပြလိုက်ပါသည်။

ဘွဲ့နှော သီချင်းစာသားစသည်နှင့် မိန်းကလေးလို ဝတ်ဆင်
ထားသော မောင်မောင်ကျော်မိုးနှင့် ကျောင်းသားတစ်ဦးက ကရင်း
ထွက်လာပါသည်။ ထို့နောက် သူတို့နှစ်ယောက်ကြားကနေ အဆောင်
က အလှန့်ဝသော မိုးဒီက ပြေးထွက်လာသည်။ သူတို့သုံးယောက်
ကတုံးအချိန်မှာပဲ ကြက်ခိုး ဘူးသီးခိုးသူနှစ်ယောက်၊ ဦးကြီးတုတ်
နှင့် ဦးကြီးတုတ်သမီးကို ပိုးသော အင်္ဂလိပ်စာမှ ထွန်းလင်းက ခါး
တောင်းကိုတင်ပါးပေါ်အောင် ကြိုက်ပြီး ဦးကြီးတုတ်သမီး မိန်းကလေး
ဝတ်ထားသော ကျောင်းသူတစ်ဦးကို ပိုးသည့်ပုံစံ၊ ဦးကြီးတုတ်က
လိုက်ရိုက်သည့်ပုံစံမျိုး သရုပ်ဆောင်တာ ပရိသတ်တွေမှာ ရယ်ရင်းက
လက်ခုပ်လက်ဝါးတွေတီးပြီး သီချင်းဆုံးသောအခါ ဆုငွေတွေချကြ
ပါသည်။

'ဆက်လက်ပြီး သထုံဆောင်မှ ကျောင်းသားများဖြစ်တဲ့
ကျော်၊ တင်ကိုကိုတို့အဖွဲ့ တင်ဆက်သော ရန်ကုန်တက္ကသိုလ်ထဲမှာ
ဆီးသွားခြင်းဆိုသည့် တစ်ခန်းရပ်ပြဇာတ်ကဏ္ဍပဲ ဖြစ်ပါတယ်၊ ရှုစား
ကြပါဦး'

ပြဇာတ်ကဏ္ဍက စတင်ပါပြီ။ မှောက်မင်းစွန်းဂူခုန်းထဲက
သို့ ဝတ်စားဆင်ယင်ထားသော ကျွန်တော်တို့အုပ်စုစင်ပေါ်တက်လာ
သောအခါ ပရိသတ်က လက်ခုပ်တွေ တီးကြပါသည်။

သည်လိုနှင့် ပြဇာတ်ကို ကသောအခါ…

www.burmeseclassic.com

www.burmeseclassic.com



ထားဝယ် 'တရုတ်နိုင်ငံကြီးက ထွက်လာတာ ဘယ်ကိုရော ပြီလဲ ဂူခုန်းရဲ့'

ကျွန်တော် 'မှန်လှပါ ရှီးဖော၊ ရန်ကုန်တက္ကသိုလ်စိန်ရတုအ ကျင်းပမယ့် တက္ကသိုလ် အဓိပတိဂိတ်ဝကို ရော ပါပြီ'

ရခိုင် 'ဂူခုန်းရေ ဟိုမှာ နဂါးနှစ်ကောင်နဲ့ တရုတ်ဘုရားကျို ကျောင်းကြီးပဲ ကန်တော့ရအောင်'

ကျွန်တော် 'ဟဲ့… အဲဒါ ဘုရားရှိခိုးကျောင်းမဟုတ်ဘူး၊ ဘွဲ့နှ သဘင်ခန်းမဟဲ့၊ အဲဒါ ဘွဲ့နှင်းသဘင်ရှေ့က တံခ ဟဲ့'

ထိုအချိန်မှာပဲ ဂိတ်စောင့်နယ်လုပ်သော မြင့်လွင်က ဝင်ချလာပါသည်။ ကျွန်တော် စိုးရိမ်နေပါသည် သည်ကောင်စကားလုံး တွေမှ ရပ့်မလားလို့။

မြင့်လွင် 'Where are you going?'

ထွန်းအောင် 'ဂူခုန်း အခုငါတို့ကို အင်္ဂလိပ်လိုမေးနေပါလား'

ကျွန်တော် 'မပူနဲ့ ငါရှင်းမယ်'

We are going tof University. Who are you?

မြင့်လွင် I am အဓိပတိဂိတ်စောင့်နတ်၊ ငါနဲ့သင်ပညာချင်း ပြိုင်လို့နိုင်မှ တက္ကသိုလ်ထဲ ဝင်ခွင့်ပေးမယ်၊ အဲဒ က အင်္ဂလိပ် Speaking ပြိုင်ရမယ်'

ကျွန်တော် 'အိုကေ… ဂိတ်စောင့်နယ် စိန်လိုက်'

မြင့်လွင် 'ဒီနေရာကို ဘယ်လိုခေါ်လဲ'

ကျွန်တော် 'here'

မြင့်လွင် 'ဦးချစ်ဆိုင်နေရာကို'



ကျွန်တော် 'there'

မြင့်လွင် 'ဒါဆို တနင်္ဂနွေနေ့ဆို အဆောင်တွေကြားက အတွဲ တွေ ထိုင်တဲ့နေရာကိုကော'

ကျွန်တော် 'ဘိချ်'

'မင်းနဲ့ငါနဲ့ ဓာတ်ကြီးဆယ်ဘွဲ့ကို အင်္ဂလိပ်လိုပြော မယ်၊ ပထမဦးဆုံး မဟာဓနုက္ကဓာတ်ကို ငါပြော မယ်'

မြင့်လွင် 'ဂိတ်စောင့်နယ်က ဒါမျိုးသနားတယ်'

ကျွန်တော် 'ကဲ… ပြိုင်ပြီ'

One Day လေကြီးမိုးကြီး ဝုန်းဒိုင်း၊ မဟာဓနုက္ကဒိုက် ထိုး Into the Oceanယက်ကန်ယက်ကန် Sevendays After မဏိမေခလာ Angel Saved '

မြင့်လွင်က လက်ဝါးနှစ်ဖက်ကိုပိတ်လိုက်ရင်း 'အား… မကြားချင်ဘူး၊ မပြိုင်ရဲဘူး ဂူခုန်း၊ အဲဒါတွေ ငါမသင်ရသေးဘူး၊ အလွတ်မကျက်ရ သေးဘူး၊ မိတ္တူဆိုင်ပြေးပြီ၊ အရှုံးပေးတယ်'

မြင့်လွင်က စကြာဝဠာအပြင်ဘက် လွင့်စင်သွားသလို ဓာတ် ဝင်နောက်ဘက်တန်းဝင်သွားပါသည်။

ထားဝယ်သား 'ဝေါ… မိ… ဆော… ဖော'

ကျွန်တော် 'ကဲ…လာကြ၊ ရန်ကုန်တက္ကသိုလ်ထဲ ဝင်ကြမယ်'

ထွန်းအောင် 'ဂူခုန်းရေ ဟိုမှာဓာတ်ပုံဆိုင်ကြီးပါလား၊ ဓာတ်ပုံရိုက် သူတွေ အများကြီးပဲ'

ကျွန်တော် 'အဲဒါ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီးပဲ'

ထိုအချိန်မှာပဲ စာကြည့်တိုက်စောင့်နတ်လုပ်သော ကျော်လင်း က ထွက်လာပါသည်။

www.burmeseclassic.com





**ဝေယံလင်း** ‘ဂူစုန်တို့အဖွဲ့ကို သွားခွင့်မပြုနိုင်ဘူး၊ အင်တာဗျူး လုပ်ပြီးမှ သွားခွင့်ပြုမယ်၊ စာကြည့်တိုက်စောင့်နတ် ဆိုတော့ ဗဟုသုတရှိပြီးသား’

**ကျွန်တော်** ‘ဒါဆို ပစ္စည်းတစ်ခုပေးမယ်၊ ကြည့်ပြီးရှုံးလို့က ဒီနေရာက သင် ထွက်ခွာပေတော့’

**ဝေယံလင်း** ‘ဟုတ်ပြီလေ’

ပါကျဲထွန်းအောင်က စာအုပ်တစ်အုပ် ပေးလိုက်သည်။ ဝေယံလင်းက ပါကျဲထွန်းအောင်ပေးသော စာအုပ်ကိုယူပြီး ဖွင့်ကြည့်ရင်း…

**ဝေယံလင်း** ‘အဆောင်နေကျောင်းသားတစ်ယောက်ရဲ့ မှတ်တမ်းဆိုပါလား၊ ဘာတဲ့ အဆောင်မှာ ဟင်း ခကောင်း အပြင်မှာဝယ်စား တစ်လသုံးထောင်၊ ဆရာမဝိုင်းကျူရှင်အပြတ်ကြေး တစ်သောင်း၊ ရှည်းစားအတွက် ကင်တင်းမှာနေ့စဉ် ကျွေးရသမျှ



တစ်လခြောက်ထောင်၊ ဖဲဝိုင်းမှာ ဖဲရှုံးလို့ ဆွဲကြိုး ပေါင် သုံးသောင်း၊ **အဝတ်စားလျှော်ခတစ်လနှစ် ထောင်**’

စာကြည့်တိုက်စောင့်နတ် ဝေယံလင်းက စာအုပ်ကိုဆက် မဖတ်တော့ဘဲ လှှင့်ပစ်ကာ နားနှစ်ဖက်ကို လက်နှင့်အုပ်ရင်း…

‘မကြားချင်ဘူး… မကြားချင်ဘူး’

ဝေယံလင်း ဇာတ်စင်နောက်သို့ ဝင်သွားသောအခါ သီရိ စောင်ဆောင့် သရဲမတင်ကိုကိုနှင့် တွေ့ပြန်ပါသည်။

ထိုဇာတ်ဝင်ခန်းသည်လည်း ပရိသတ်အကြိုက် ဖြစ်ခဲ့ပါ သည်။

ဆက်လက်ပြီး ပန်းခြံစောင့်နတ် ဉာဏ်စိုးဝင်းနှင့် တွေ့သော အခန်းရောက်လာပါသည်။ ဉာဏ်စိုးဝင်းက ယခင်က သူပြောသည့် အတိုင်း ခန္ဓာကိုယ်အပေါ်ပိုင်းဗလာနှင့် သူဝိတ်မသောခန္ဓာကိုယ်အလှ ကို ကြွားရင်း သရုပ်ဆောင်ပါသည်။

သည်ပြဇာတ်မကခင်က ကျွန်တော်တို့ ကြိုတင်စီစဉ်ထား တာရှိပါသည်။ အဲဒါက ဉာဏ်စိုးဝင်း ကျောပြင်ကို ဆေးခြယ်ပေး ခဲ့သည်ဆိုပြီး မျက်နှာကို မိတ်ကပ်လူးကျောပြင်ကို သဘောဆေးနှင့် ပေါ၊ ကျွန်တော် ပေါ်ဆိုပြီး ရေးပေးတာကို သူက ဆေးခြယ်တယ် ထင်ပြီး လုံးဝမသိ။ ကျွန်တော်တို့က ပရိသတ်ဘက်သို့ ကျောပေးကာ လေပြဟုပြောထားသဖြင့် ထိုအတိုင်းလုပ်တာ ပရိသတ်တွေက ရယ် ရင်းမှ သူ့ကို ပေါ်ဟု ခေါ်တာ သဘောမပေါက်ဘဲ သူ့အခန်းပြီး ဆုံးသည်အထိ ဆက်လုပ်ပါသည်။

သည်လိုနှင့် တကယ့်ဇာတ်သိမ်းပိုင်းသို့ ရောက်လာပါသည်။ ထိုဇာတ်သိမ်းပိုင်းက သစ်ပုတ်ပင်စောင့် စုန်းမ နေလင်း

www.burmeseclassic.com

www.burmeseclassic.com



အောင်နှင့် ဝူခုန်းလုပ်သော ကျွန်တော်တို့ ပညာပြိုင်ရမည့် ဇာတ်ဝင်ခန်းဖြစ်သည်။

သူက ကောလိပ်ဂျင်နေဝင်းလို ပြောပြီး ကျွန်တော်က မြတ်လေးလိုပြောကာ ပညာပြိုင်ရသည်။ သူက ကျော့ဟိန်းဆို ကျွန်တော်က ဓော်ဝမ်း အသံတုမျိုးဖြင့် ရယ်စရာလုပ်ရသည်။

ထို့နောက် ကိုယ်ဖော့သိုင်း၊ အကြော်ပိတ်သိုင်းတို့ကို ရုပ်ရှင်ထဲကလို Slow Motion ပုံစံဖြင့် ရယ်စရာလုပ်ရသည်။ သည်အထိဖြစ်ဇာတ်က ဘာမှမဖြစ်သေး။





သည်ကောင်က လိုတာထက် နည်းနည်းပိုလုပ်တတ်သဖြင့် ထွက်တိလုပ်ဖို့ ကျွန်တော်က သတိပေးထားသည်။ ဇာတ်သိမ်းခန်းမှာက သစ်ပုတ်ပင်စောင့်စုန်းမ နေလင်းအောင်ကို ကျွန်တော်က မနိုင်သည့်အဆုံး တောင်းထဲမှာထည့်ထားသော ပစ္စည်းနှင့်ပစ်မည်။ ပစ္စည်းက အသံမြည်ပြီး သစ်ပုတ်ပင်စောင့်စုန်းမ နေလင်းအောင် ထိပြီးသေသည်။ ပါကျဲက ဘာလဲမေးတော့ လက်ပစ်ဗုံးနှင့်ရှင်းလိုက်တာလို့ပြောရင်း ကျွန်တော့်ကိုပါဝင်သူတွေက ဝိုင်းအရိုက်မှာ ဇာတ်သိမ်းပြီဖြစ်သည်။

သည့်အတွက် လက်ပစ်ဗုံးသံမြည်ဖို့ တောင်းထဲမှာ ပလပ်တစ်ကို လေမှုတ်ပြီးထည့်ထားသည်။ ပါကျဲလုပ်သော ထွန်းအောင်က ကျွန်တော် အချက်ပြတာနှင့် မိုက်ကရိုဖုန်းကို ယူပြီး ရှိနိုင်လွယ်ထားသော တောင်းထဲမှ အိတ်ကို မျက်နှာကပ်ကာ ဖောက်ဖို့ဖြစ်သည်။

တကယ်တမ်းထိုဇာတ်ဝင်ခန်းကို ကပြသောအခါ တောင်းထဲမှ လေမှုတ်ထားသော ပလပ်စတစ်အိတ်က တောင်းထဲမှ ဝါးစဖြင့်ထိပြီး ပေါက်နေသည်။ ဒါကို ပါကျဲထွန်းအောင်က မိုက်နှားကပ်ပြီး ရိုက်ချသောအခါ ဖလပ်ဆိုသော အသံမြည်သွားသည်။ ထင်သလို အသံထွက်မလာ။ ဒါကို ကျွန်တော်က ပါးစပ်ကနေ ဝုန်းဆိုသော အသံမျိုးလုပ်ရင်းက သစ်ပုတ်ပင်စောင့်စုန်းမ နေလင်းအောင်ထံ Acting ဖြင့် ပစ်လိုက်သည်။

တကယ်တမ်းဆိုလျှင် နေလင်းအောင်က သူ့ကိုထိသွားသဖြင့် လဲကျပြီး သေရမည်ဖြစ်သည်။

သည်ကောင်က သူ့ဝသီကိုမဖျောက်။ ကျွန်တော်ပစ်သလိုသလို Acting လုပ်သည်ကို သူက လက်နှင့်ပြန်ဖမ်းပြီး ပရိသတ်ကို ပြောင်ပြသလို အမူအရာလုပ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး ချေးပြန်ကုန်သည်။ ဓာတ်က သိမ်းဧ

လို့ အစကပြန်ကရမလို ဖြစ်နေပါသည်။

ဒါကိုမသိဘဲ နေလင်းအောင်က လက်ထဲမှ ပစ္စည်းတစ်ခ

ဖိုက်သလိုမျိုး အမူအရာလုပ်နေပါသည်။

ကျွန်တော်တို့ဘာလုပ်ရမှန်းမသိ။

ဖော်ပြပါဓာတ်ပုံကို ကြည့်ပါ။

နောက်ဆုံး မထူးတော့ဘူးဆိုပြီး ကျွန်တော်က…

'နေလင်းအောင် မင်း သေတော့ လှဲချ လှဲချ'

နေလင်းအောင်ကို ကျွန်တော်တို့တွေ ဝင်နပမ်းလုံးရင်းမှ တိုက်

ခိုက်သလိုမျိုးလုပ်ရင်းမှ Journey in the University တစ်ခန်းရပ်

ပြဓာတ်ကို ဓာတ်သိမ်းလိုက်ရပါတော့သည်။

ပရိသတ်တွေကတော့ သည်အလွဲကို မသိရေးချ မသိ။

ဓာတ်စင်အောက်ရောက်တော့ နေလင်းအောင်ကို ဝိုင်းပြီး

မေတ္တာပို့ကြပါသည်။

ဉာဏ်စိုးဝင်းလည်း အဖြစ်မှန်ကို သိသွားသဖြင့် ကျွန်တော်

တို့ကို ဒေါသတော်တော်ထွက်ရင်းက သူ့ကျောပြင်က ဆေးတွေကို

ဓာတ်ဆီနှင့် ပွမ်းနှင့်ချွတ်ရပါသေးသည်။

ကျွန်တော်တို့အဖွဲ့ ဆုတော်ငွေက တစ်သောင်းရပါသည်။

ပြီးတော့ PKY(40) ၏ အပြင်မှာဝယ်စားလိုက် သီချင်းက

လည်း ပရိသတ်ကြားမှာ အခန်းအနားပြီးသွားသည်အထိ ဆိုနေကြ

ပါသည်။

သီချင်းကို ဦးဆောင်သီဆိုသော တင်မောင်ဆွေက ကွမ်းစား

ရင်း တပြုံးပြုံးနှင့်…။



ထို့နောက် ကျွန်တော်တစ်ဦးတည်း သထုံဆောင်မှ နည်းပြ

ဆရာသုံးဦးဖြစ်သော ဦးတီတိုး၊ ဦးမြင့်ဆွေ၊ ဦးအောင်ချိုထွန်းတို့နှင့်

ဓာတ်ပုံတွဲရိုက်မိပါသည်။

သထုံဆောင်မှာ ပညာသင်ကြားခဲ့ရသည့် ကာလပတ်လုံး

သည်ဆရာတွေကြောင့် ကျွန်တော်လုပ်ချင်သော အနုပညာတွေ လုပ်

ဖို့ ခွင့်ပြုခဲ့သည့်အပြင် ကျွန်တော် ဖန်တီးချင်သော အနုပညာတွေ

ပြသခွင့်ရဖို့ ထိတွေ့ပေးခဲ့သောကြောင့်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့
အလွမ်းတွေကို
ကိုယ့်ဘာသာကိုယ်
ပြန်မော့သောက်ရတော့တာပဲ . . .။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

အနုပညာကိစ္စ၊ ဘာကိစ္စ၊ ညာကိစ္စများဖြင့် စိန်ရတုအကြို
ကငွေ့များပြီ. ...အခါ ... ပွဲကြီးကလည်း စစ်ခါနီးပါပြီ။

ကျွန်တော့်မှာ ... ။ စာကမစုံနှင့် အသားကုန်ပြ
ကူးရ၊ မသိတာတွေကို သူ... ကိုမေးရနှင့် စာမေးပွဲဖြေသော
အခါ ဘာသာဗေဒ၊ သဒ္ဒါဗေဒဘာသာနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု
ဘာသာရပ်ကို ကောင်းမွန်စွာမဖြေဆိုနိုင်ပါ။

အခြေအနေမကောင်းမှန်း ကိုယ်တိုင်တော့ သိပါသည်။

အောင်စာရင်းများထွက်သောအခါ သူငယ်ချင်းတွေအားလုံး
စာမေးပွဲအောင်ကြပါသည်။ ဝေယံလင်း၊ အောင်နိုင်ဦးတို့က မဟာ
ဝိဇ္ဇာအရည်ချင်းစစ် သင်တန်းဆက်တက်ဖို့မှီပါသည်။ တင်ကိုထို
...ည်း အောင်ပါသည်။ ဂုဏ်ထူးတန်းဆက်တက်ဖို့ကျန်ရစ်သူများက
အဆောင်မှာ ကျန်ခဲ့ပါသည်။

ကျွန်တော်သာလျှင် တစ်ဦးတည်း သန့်သန့်လေး ကျရှုံးခဲ့
ပါသည်။

ထို့အတွက် နောင်နှစ်စိန်ရတုပွဲကြီး ကျင်းပမည့်အချိန်မှာ
တော့ စာမေးပွဲကျရှုံးသဖြင့် အဆောင်မှာနေခွင့်မရဘဲ အပြင်ဆောင်မှာ
နေရင်းနှင့်သာ ပညာသင်ကြားရပါတော့မည်။



လေးနှစ်လေးမိုး ပျော်ခဲ့ကြ။ စုံခဲ့ကြသော ဘဝတွေကတော့
တက္ကသိုလ်လူပျော် ကျွန်တော့်အဖို့ အလွမ်းတွေအဖြစ် ချန်ထားရစ်ခဲ့
ပါပြီ။

★

ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲကြီး ကျင်းပမည့်နှစ်မှာတော့
ပညာသင်ရင်း ကျွန်တော့်အဖို့ ထိုအလွမ်း...ကို ကဗျာဘာသာကိုယ်
စားသုံးရုံမှတစ်ပါး အခြားမရှိတော့ပါ။

လွမ်းချင်စရာတွေမို့ တစ်... ...မ်းရပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ

တကယ်တော့ ဒီဝတ္ထုဟာ ဒီမှာတင် ပြီးပါတယ်။ ဒါပေမဲ့ ကျွန်တော် စတုတ္ထနှစ်စာမေးပွဲကျပြီး စိန်ရတုပွဲကာလမှာ ကြုံတွေ့ခဲ့ရရင်း နောက်ဆုံး ကျွန်တော့်ဘဝခရီးဖော်နဲ့ တွေ့ကြုံတဲ့အကြောင်းကို 'ဟာသလွှင်ပြင်' စာစဉ်မှာ 'ထားခင်ခင်ဇာတ်လမ်းတွဲများ' ဆိုပြီး ရေးသားခဲ့ပါတယ်။ ဇာတ်ဆောင်နာမည်ကို လင်းခန့်လို့ ပြောင်းလဲခဲ့ပါတယ်။ မကြာခင် ထွက်လာပါလိမ့်မယ်။

သည် 'တက္ကသိုလ်လူပျော်' နှစ်အလိုက် ဝတ္ထုရှည်တွေကို စာအုပ်တစ်အုပ်တည်းအဖြစ် ရန်ကုန်တက္ကသိုလ်ကိုချစ်သူများ၊ လွမ်းသူများအတွက် အမှတ်တရ စာအုပ်တစ်အုပ်အဖြစ် ထွက်ရှိလာဖို့လည်း ရှိပါတယ်လို့ ကျွန်တော့်စာဖတ်ပရိသတ်တွေကို ပြောကြားပါရစေ။

*လေးစားစွာဖြင့်...*

www.burmeseclassic.com